မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် ၂၀၁၉ ခုနှစ်၊ မေ ၁၄ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၂၂၆)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ ဗီယက်နမ်နိုင်ငံ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် Ha Long Bay သို့ သွားရောက်ကြည့်ရှုလေ့လာ

ဟန္နိုင်း မေ ၁၃

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ကွမ်နင်းပြည်နယ်ရှိ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် Ha Long Bay သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ကွမ်နင်းပြည်နယ် ပြည်သူ့ကော်မတီဒုတိယဥက္ကဋ္ဌ H.E. Mr. Nguyen Van Thang က Tuan Chau International Port ၌ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Cruise သင်္ဘောဖြင့် Ha Long Bay အတွင်း ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်နေမှုနှင့် သဘာဝကျွန်းများ ဖြစ်တည်နေမှုကို ကြည့်ရှုလေ့လာကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ ဗီယက်နမ်နိုင်ငံ ကွမ်နင်းပြည်နယ်ရှိ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင် Ha Long Bay အတွင်း သဘာဝကျွန်းများ ဖြစ်တည်နေမှုကို ကြည့်ရှု လေ့လာ ကြစဉ်။

သတင်းစဉ်

အရေးပေါ်အခြေအနေတွင်...

မေလ ၁၂ ရက်နေ့က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေယာဉ်အရေးပေါ်ဆင်းသက်ရမှု ဖြစ်ပွားခဲ့သည်။ လေယာဉ်ဆင်းခါနီးမှာ ရှေ့ဘီးချမရသည့် စက်ကိရိယာဆိုင်ရာ ပြဿနာပေါ်လာသည့်အတွက် လေယာဉ်မှူးကြီးက လေယာဉ်ဆီ လျော့သွားအောင် ခဏတာ ဝဲကာပတ်ကာ မောင်းလိုက်ပြီး လေယာဉ်ကို ထိန်းကျောင်းကာ ဆင်းခဲ့၏။ လေယာဉ်ဆီများများ လေယာဉ်ထဲတွင် ကျန်ရှိနေပါက လေယာဉ်မီးဘေးအန္တရာယ်က အလွန်စိုးရိမ်ရမည်ဖြစ်ပါသည်။

လေယာဉ်ဝန်ထမ်းများကလည်း အရေးပေါ်အခြေအနေတွင် စိုးရိမ်စိတ်များ၊ ထိတ်လန့်တုန်လှုပ်စရာများရှိနေသည့်ကြားက မိမိတို့ တာဝန်ရှိသည့်အတိုင်း ရှင်းလင်းပြစရာများကို ရှင်းလင်းပြ၊ လုပ်ဆောင်စရာရှိသည်များကို စနစ်တကျဖြင့် ဆောင်ရွက်ကြရင်း ကိုယ့်အလုပ်ကိုယ် ကျေပွန်အောင်လုပ်ခဲ့ကြသည်။

ထို့အတူပင် အများစုသော ခရီးသည်များက အရေးပေါ်အခြေအနေတွင် လိုက်နာရမည့် စည်းကမ်းများအတိုင်း လိုက်နာရင်း တည်ငြိမ်စွာ ရင်ဆိုင်ခဲ့ကြသည်။

အလွန်အဆင့်အတန်းမြင့်ကာ ကြည့်၍ကောင်းလှသော ရုပ်ရှင်ကားတစ်ခုသဖွယ် မယုံကြည်နိုင်လောက်အောင် သပ်ရပ်တိကျသည့် ဖတ်ချင့်စဖွယ် ဝတ္ထုဇာတ်လမ်းကောင်းတစ်ပုဒ်ကို ဖတ်နေရသကဲ့သို့ သတင်းဖြစ်စဉ်တစ်ပုဒ်လုံးက တန်ဖိုးရှိနေ၏။

အရေးပေါ်အခြေအနေဆိုသည်မှာ ကြိုတင်တွက်ဆထားသည့် အထဲတွင် အပြည့်အဝမပါဝင်ဘဲ ရုတ်တရက်ကြုံတွေ့ရသည့် အခြေအနေတစ်ခုဖြစ်ပါသည်။ သည်လို အခြေအနေမျိုးမှာ ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင် ဂရုတစိုက်ထမ်းဆောင်ခြင်း၊ ဆောင်ရွက်စရာရှိသည်တို့ကို တည်တည်ငြိမ်ငြိမ် သွေးအေးအေးဖြင့် စနစ်တကျ ဆောင်ရွက်ခြင်း၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို ကျကျနန လိုက်နာခြင်း၊ စိတ်သဘောထားမှန်မှန်ကန်ကန်ဖြင့် ရှုမြင်ရပ်တည်ခြင်း စသည်တို့က အလွန်အင်မတန်အရေးကြီးသည်ဆိုတာကို ဖြစ်စဉ်တစ်ခုလုံးက ဖော်ပြသွားခဲ့သည်ဟု ယူဆပါသည်။

ပုံမှန်အားဖြင့်ဆိုလျှင် လေယာဉ်အဆင်းအတက်နှင့် အရေးပေါ် အခြေအနေများတွင် လက်ကိုင်ဖုန်းနှင့် လျှပ်စစ်ပစ္စည်းများကို အသုံးမပြုရဟူသည့် စည်းကမ်းရှိသော်ငြားလည်း အချို့သော လည်ပတ်နားလည်သည်ဟု ကိုယ့်ကိုယ်ကိုယ် အထင်ရောက်နေသူများက အမှန်တကယ်ဘာအန္တရာယ်မှမရှိဟူသည့် အယူအဆဖြင့် တက်ဘလက် ကွန်ပျူတာများ ပိတ်ရကောင်းမှန်းမသိ၊ တယ်လီဖုန်းဖြင့်၊ အင်တာနက်ဖြင့် တိတ်တိတ်ခိုးဝှက် ဆက်သွယ်အသုံးပြုနေကြသည်တို့ကို မကြာခဏ ကြုံဖူးကြပါလိမ့်မည်။

ဓာတ်ဆီဆိုင်များတွင် လက်ကိုင်ဖုန်းမသုံးရန် တားမြစ်ထားသည့်ကြားက တားမြစ်ချက်က အရေးမကြီးသည့်သဘောဖြင့် သုံးစွဲပြောဆိုနေကြခြင်းတို့ကိုလည်း တွေ့ဖူးပါလိမ့်မည်။

ဤနေရာတွင် မည်မျှအန္တရာယ်ကြီးသည် မကြီးသည်ဆိုခြင်းက အရေးမကြီးဘဲ စည်းကမ်းလိုက်နာရန်လိုအပ်ခြင်းက အရေးကြီးသည်ဆိုခြင်းကို သတိပြုသင့်ပါသည်။ အလွန်သေးငယ်လှသော သို့မဟုတ် မပြောပလောက်သော အန္တရာယ် ရှိသည်ဆိုလျှင်ပင် အများပြည်သူနှင့် ပတ်သက်စပ်ဆိုင်သော နေရာများတွင် စည်းမျဉ်းစည်းကမ်းများဖြင့် ကန့်သတ်တားမြစ်ထားရခြင်း ရှိပါသည်။

လူတစ်ဦးချင်းအနေဖြင့် မည်သို့ပင် အရေးမကြီးဘူးဟု ယူဆသော်လည်း စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို လိုက်နာရခြင်းသည် လိုအပ်ချက်ဖြစ်ပါသည်။

မကြာလှသေးသောအချိန်ကပင် ယခုအရေးနှင့် ဆင်တူသည့် လေယာဉ်ဆင်းသက်ရသည့် အဖြစ်အပျက်မျိုးတစ်ခု နိုင်ငံရပ်ခြားတွင် ဖြစ်ပွားခဲ့သည့် သတင်းကို သိရှိရပါသည်။ ခရီးသည်အချို့သည် အရေးပေါ်ထွက်ပေါက်မှ ထွက်ပြေးလွတ်မြောက်လာခဲ့ရတာ ဖြစ်သော်လည်း အထုပ်အပိုးများ သယ်ဆောင်လာသည်ကို တွေ့ရပါသည်။ အမှန်က လေယာဉ် အရေးပေါ်အခြေအနေအတွက် စည်းမျဉ်းမှာ အရေးပေါ်ထွက်ပြေးရလျှင် မည်သည့်ပစ္စည်းမျှ မသယ်ရပါ။ ထိုသို့ ပစ္စည်းများကို သယ်ထုတ်နေခြင်းဖြင့် အချိန်နှောင့်နှေးခြင်းဖြစ်နိုင်သည့်အတွက် တားမြစ်ထားခြင်းပါ။ မည်သို့ရှိစေ ထိုလေယာဉ်အဖြစ်အပျက်တွင် ခရီးသည်များအားလုံး လွတ်မြောက်သည့် အချိန်မတိုင်မီ လေယာဉ်မီးလောင်ပေါက်ကွဲသွားခဲ့မှုကြောင့် ခရီးသည် ၄၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်ဟု သိရပါသည်။ နိုင်ငံတကာပြည်သူအပေါင်းတို့ စိတ်ထိခိုက်ဝမ်းနည်းခဲ့ကြ ရပါသည်။

လူမှုအဖွဲ့အစည်းအတွင်းရှိ စည်းမျဉ်း စည်းကမ်းများ၊ ဥပဒေများဟူသည် လူများစုတို့ကို အန္တရာယ်အမျိုးမျိုးမှ အကာအကွယ်ပေးနိုင်ရန် သတ်မှတ် ပြဋ္ဌာန်းခြင်းဟု နားလည်ကြရန်လိုပါသည်။

မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်မှူးကြီး၊ လေယာဉ်ဝန်ထမ်းများနှင့်အတူ လိုက်ပါစီးနင်းခဲ့ကြသော စည်းကမ်းလိုက်နာကာ အရေးပေါ် ပြဿနာကို စနစ်တကျ ရင်ဆိုင်ခဲ့ကြသော ခရီးသည် ပြည်သူများကို လေးလေးစားစား ချီးကျူးဂုဏ်ပြုလိုက်ရပါကြောင်း။ ။

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များအား တောင်ငူဒေသခံများက ဖူးမြော်ကြစဉ်။

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဗုဒ္ဓရုပ်ပွားတော်များ တောင်ငူမြို့သို့ ဒေသစာရီ ကြွချီအပူဇော်ခံ

တောင်ငူ မေ ၁၃

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေး စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရွှေထီးတော်များအား ယနေ့နံနက် ၆ နာရီခွဲက ကယားပြည်နယ် လွိုင်ကော်မြို့မှ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့သို့ ပင့်ဆောင်အပူဇော်ခံသည်။

စကျင်ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား ယနေ့နံနက် ၅ နာရီခွဲက ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ကြပြီး ဆရာတော်၊ သံဃာတော်များအား ကယားပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှမျိုးဆွေနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နာမ်စေတီတော် ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အရုဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် နံနက် ၆ နာရီခွဲတွင် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား လွိုင်ကော်၊ ဖယ်ခုံ၊ ပင်လောင်း၊ နောင်တရား၊ ကလော၊ ပျော်ဘွယ်မြို့များမှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း တောင်ငူမြို့သို့ ပင့်ဆောင်ရာ လမ်းခရီးတစ်လျှောက်တွင် ဒေသခံပြည်သူများက ဖူးမြော်ကြည်ညိုကြပြီး စေတီတော်တည်ထားကိုးကွယ်ရေး အလှူငွေများ လှူဒါန်းသည်။ ညပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့သို့ရောက်ရှိရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့များက တောင်ငူမြို့ သာသနဟိတကာရီဗိမာန်တော် ယာယီအပူဇော်ထားရှိမည့် မဏ္ဍပ်သို့ ကြိုဆိုပင့်ဆောင်ကြပြီး ဒေသခံပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် အပူဇော်ခံထားရှိသည်။

ည ၇ နာရီခွဲတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ ပင့်ဆောင်ပူဇော်ခြင်း အထိမ်းအမှတ် ငြိမ်းချမ်းရေးတရားတော်ကို တောင်ငူမြို့သာသနဟိတကာရီဗိမာန်တော်ကြီး၌ ဟောကြားချီးမြှင့်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း အမှူးပြုသော ဓမ္မမိတ်ဆွေ သူတော်စင် အပေါင်းတို့က တရားတော်ကို နာယူကြည်ညိုကြသည်။ တရားပွဲအပြီးတွင် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေး အလှူရှင်များက အလှူငွေများပေးအပ် လှူဒါန်းကြရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ မေ ၁၄ ရက်နေ့ မနက်ပိုင်းတွင် တောင်ငူမြို့မှ နေပြည် တော် တပ်ကုန်းမြို့သို့ ပင့်ဆောင် အပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ဟန်လင်းနိုင်

စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း (၁၉)ကြိမ်မြောက် စုပေါင်းသွေးလှူပွဲ ပြုလုပ်မည်

ရန်ကုန် မေ ၁၃

စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်မည့် (၁၉) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်) ၌ မေ ၂၆ ရက် နံနက် ၈ နာရီမှစ၍ ပြုလုပ်မည်ဖြစ်သဖြင့် မည်သူမဆို ပါဝင်သွေးလှူဒါန်းနိုင်ပြီး သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်းမှ အမှတ်တရလက်ဆောင်တို့ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ကြောင်း၊ သွေးလှူဒါန်းမည့်သူများအနေဖြင့် ဖုန်း - ၀၉ - ၄၄၉၂၅၃၇၆၇၊ ၀၉ - ၇၉၅၅ ၆၃၄၀၀ တို့သို့ မေ ၂၄ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

၀၀၇

ဒို့ကျေးရွာဂျာနယ်အတွဲ (၁၆)၊ အမှတ်(၁၀)ထုတ်ဝေဖြန့်ချိ

နေပြည်တော် မေ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၁၀) ကို ၂၀၁၉ ခုနှစ် မေလ ၁၅ ရက်နေ့ တွင် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

စုံလင်စွာဖော်ပြထား

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် "တောင်သူလယ်သမားနှင့် မိုးသဟဇာတ ဖြစ်စေချင်သည်" ဆောင်းပါးအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သုတ/ရသ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထု၊ ကာတွန်း၊ ကျေးလက်ဟာသများ၊ အနုပညာ၊ အားကစား၊ နိုင်ငံတကာသတင်း၊ မှုခင်းသတင်းများနှင့် မိုးလေဝသသတင်းများကို စုံလင်စွာဖော်ပြထားသည်။

တစ်စောင် လျှင် ငွေကျပ် ၂၀၀

ဒို့ကျေးရွာဂျာနယ်ကို တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

သတင်းစဉ်

မိုင်းပျဉ်းမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မိုင်းပျဉ်း မေ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့ မြို့မဈေးနှင့် ရပ်ကွက်များတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများ လျော့နည်းစေရန်နှင့် မြို့သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးကို မေ ၁၁ ရက် နံနက် ၇ နာရီက ပြုလုပ်သည်။

အဆိုပါ စုပေါင်းအမှိုက်ကောက်ပွဲတွင် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့် ကော်မတီဝင်များ၊ ရပ်ကွက်နေပြည်သူများ၊ ဈေးသူဈေးသားများ၊ ပါတီများ၊ အသင်းအဖွဲ့များ၊ လူငယ်များပူးပေါင်းပါဝင်၍ ရပ်ကွက်များအတွင်းရှိ လမ်းဘေးဝဲယာနှင့် မြို့မဈေးတို့တွင် စုပေါင်းအမှိုက်ကောက်ခဲ့ကြပြီး ရေမြောင်းအတွင်းရှိ အမှိုက်များ၊ နုန်းများကို ရှင်းလင်းဖယ်ရှား၍ ရေစီးရေလာကောင်းမွန်စေရေးတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

နေပြည်တော် မေ ၁၃

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၆ ခုနှစ်၊ စာပေဗိမာန်စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ်၊ ပထမဆုရ **"သောင်းမြင့်ဦး(ကွမ်းခြံကုန်း)"** ရေးသားသည့် **"သကာတွေ့တဲ့နေ့နှင့်အခြားဝတ္ထုတိုများ"** စာအုပ်ကို စာအုပ်အသင်း၏ ၂၀၁၉ ခုနှစ်၊ မေလအသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၀၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❒ *ရှေ့စာမျက်နှာမှ*

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Chu Cong Phung ဦးဆောင်သည့်အဖွဲ့အား ခေတ္တတည်းခိုသည့် Sheraton Hotel ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေးညှိနှိုင်း

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်နိုင်ရေးအတွက် ချစ်ကြည်ရေးအသင်း နှစ်သင်းအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

လက်ခံတွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နေသည့် Vietnam Airline၊ Vietjet Airline၊ Vittel ဆက်သွယ်ရေးကုမ္ပဏီနှင့် Bank for Investment Development of Vietnam (BIDV) တို့မှ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များအား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စီးပွားရေးလုပ်ငန်းရှင်များက ဗီယက်နမ်ကုမ္ပဏီများ အနေဖြင့် မြန်မာနိုင်ငံ၌ လက်ရှိလုပ်ကိုင်နေသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် တိုးချဲ့လုပ်ကိုင်သွားမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တင်ပြကြပြီး နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်နေကြသည့် လုပ်ငန်းများအနေဖြင့် အောင်မြင်မှုများ ရရှိနေသည်ကို သိရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူများ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ **Mr. Chu Cong Phung** ဦးဆောင်သည့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နေသည့် ဗီယက်နမ်စီးပွားရေး လုပ်ငန်းရှင်များအား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူးချုပ်နှင့် ကမ္ဘာ့ဘဏ်မှ Senior Economist နှင့်အဖွဲ့တို့အား သီးခြားစီတွေ့ဆုံ

စစ်တွေ မေ ၁၃

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးမှ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူးချုပ် Ms. Ursula Mueller နှင့်အဖွဲ့အား ယနေ့ နံနက် ၈ နာရီခွဲတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် တိုက်ပွဲရှောင်စခန်းများတွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အထောက်အပံ့အကူအညီပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကုလသမဂ္ဂ၏ လူသားချင်း စာနာမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ် ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁ နာရီတွင် ကမ္ဘာ့ဘဏ်မှ Senior Economist Mr. Dr. Mauro Testaverde နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တရုတ်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနေမှုနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်နှင့် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဆောင်ရွက်ရမည့် အခြေအနေ၊ နယ်စပ်ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်မှု၊ တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းသည် မြန်မာနိုင်ငံအတွက် အကျိုးပြုမည့် စီမံကိန်းလုပ်ငန်းများ ပါဝင်နေသည့် အခြေအနေ၊ ရခိုင်ပြည်နယ်အရေး ကိစ္စရပ်များနှင့် ပတ်သက်ပြီး တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးနေမှုနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်အား လက်ခံတွေ့ဆုံစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁၄/၂၀၁၉) ကျင်းပ

နေပြည်တော် မေ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၁၄/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၁၄/၂၀၁၉) ကျင်းပစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ Euro Cham Myanmar ၏ Executive Director နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၃

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် Euro Cham Myanmar ၏ Executive Director , Mr. Filip Lauwerysen ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၁၉ ခုနှစ် မတ်လအတွင်း Euro Cham Myanmar မှ ဆွေးနွေးအကြံပြုခဲ့သည့် အချက်အလက်များနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်ဆောင်ရွက်ထားရှိမှု၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဇွန်လအတွင်း ကျင်းပမည့် (၁၀၈) ကြိမ်မြောက် ILC ညီလာခံ၌ အလုပ်သမားရေးရာ ကိစ္စတိုးတက်ဆောင်ရွက်ထားရှိမှုများနှင့် မြန်မာနိုင်ငံ၏ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမားများ အပါအဝင် သက်ဆိုင်ရာ မိတ်ဖက်ဝန်ကြီးဌာနများ ILO၊ IOM နိုင်ငံတကာအဖွဲ့အစည်းများနှင့် EU အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် MoU ရေးထိုးပြီး နှစ်နိုင်ငံ အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေးမှုများ၊ သတင်းလွတ်လပ်ခွင့်များရှိအောင် ဆောင်ရွက်ပေးနေမှု၊ အလုပ်သမား အဖွဲ့အစည်းဥပဒေနှင့်ပတ်သက်၍လည်း အလုပ်ရှင်၊ အလုပ်သမားများ၏ တင်ပြချက်များကို ထည့်သွင်းစဉ်းစား၍ ဌာနတွင်း ဆွေးနွေးဆောင်ရွက်နေမှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ Euro Cham Myanmar ၏ Executive Director , Mr. Filip Lauwerysen ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

နိုင်ငံတကာလေယာဉ်များ ဆင်းသက်ခွင့်ကို ယာယီပိတ်ထားခဲ့သည့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အား နေ့ချင်းပြီး ပြန်လည်ခွင့်ပြုပေးနိုင်ခဲ့

မန္တလေး မေ ၁၃

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်အမှတ် XY-AGQ, Embraer 190AR (ခရီးစဉ်အမှတ် UB 103) လေယာဉ်သည် မေ ၁၂ ရက် နံနက်ပိုင်းက ရန်ကုန်မှ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အဆင်းတွင် လေယာဉ်မတော်တဆဖြစ်စဉ်ကြောင့် နိုင်ငံတကာလေယာဉ်များ ဆင်းသက်ခွင့်ကို ယာယီပိတ်ထားခဲ့ရသော်လည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်မှုကြောင့် ယင်းနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နိုင်ငံတကာလေယာဉ်များ ဆင်းသက်ခွင့်ကို ခွင့်ပြုပေးနိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆင်းသက်လာသော လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

အဆိုပါလေယာဉ်သည် မေ ၁၂ ရက်က မန္တလေးလေဆိပ်သို့ အဆင်းတွင် ရှေ့ဘီးချမရ၍ ခရီးသည်များ ထိခိုက်မှုမရှိစေရန် နောက်ဘီးကိုအားပြု၍ အရေးပေါ်ဆင်းသက်ခဲ့ပြီး လေယာဉ်ပြေးလမ်း၏ ပေ ၅၀၀၀ ခန့် အရောက်တွင် ရပ်တန့်သွားသဖြင့် လေယာဉ်ကြီးများ ဆင်းသက်ခွင့်ကို ယာယီပိတ်ထားခဲ့ရသော်လည်း မတော်တဆဖြစ်ပွားခဲ့သည့် လေယာဉ်ကို အချိန်မီဖယ်ရှားရှင်းလင်းနိုင်မှုကြောင့် ယင်းနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နိုင်ငံတကာလေယာဉ်များ ဆင်းသက်နိုင်ရန် ခွင့်ပြုပေးနိုင်ခဲ့ကြောင်း အဆိုပါလေဆိပ်တာဝန်ခံ ဦးကျော်ဆန်းက ပြောသည်။

"ဒီလေယာဉ်က ရှေ့ဘီးချမရတဲ့အတွက် ရှေ့ပိုင်းကို ဦးစိုက်အနေအထားနဲ့ လေယာဉ်ပြေးလမ်းရဲ့ ပေ ၅၀၀၀ လောက်မှာ ရပ်တန့်သွားခဲ့တယ်။ ဒါကြောင့် လက်ရှိ အနေအထားအရ လေယာဉ်ဆင်းသက်ဖို့ ယာယီကွင်းပိတ်ရမယ်လို့ ခန့်မှန်းထားပေမယ့် ကျွန်တော်တို့ကွင်းက ပေ ၁၄၀၀၀ ရှိတဲ့အတွက် ကျန်တဲ့ ပေ ၉၀၀၀ လောက်မှာ ပြည်တွင်းက လေယာဉ်ငယ်လေးတွေ ဆင်းသက်ဖို့ အဲဒီနေ့ နံနက် ၁၁ နာရီခွဲမှာ ခွင့်ပြုပေးခဲ့ပြီး မတော်တဆဖြစ်ခဲ့တဲ့ လေယာဉ်ကို ပြေးလမ်းကနေ နေ့ချင်းပြီး ဖယ်ရှားရှင်းလင်းနိုင်ခဲ့တဲ့အတွက် အဲဒီနေ့ မွန်းလွဲ ၃ နာရီခွဲအချိန်မှာပဲ နိုင်ငံတကာလေယာဉ်ကြီးတွေ ဆင်းသက်ဖို့ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် ပုံမှန်အတိုင်း လေယာဉ်တွေ အတက်အဆင်းပြုလုပ်နေပါပြီ" ဟု ၎င်းက ပြောသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

မြေဆီလွှာ ပထဝီအခြေခံအချက်အလက်များဆိုင်ရာ ကျွမ်းကျင်ပညာရှင်စနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး စီမံကိန်း၏ တတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မေ ၁၃

မြေဆီလွှာ ပထဝီအခြေခံအချက်အလက်များဆိုင်ရာ ကျွမ်းကျင်ပညာရှင်စနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး စီမံကိန်း၏ တတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် Park Royal Hotel ၌ ကျင်းပသည်။

ပူးပေါင်းဆောင်ရွက်

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အစားအစာများ အာဟာရပြည့်ဝစွာ ထုတ်လုပ်နိုင်ရေးအတွက် အဓိက အခန်းကဏ္ဍတွင် ပါဝင်သည့် မြေဆီလွှာဆိုင်ရာ အသိပညာ၊ နည်းပညာနှင့် ဗဟုသုတ များ အချင်းချင်းမျှဝေ ဆောင်ရွက်သွားခြင်းဖြင့် မြေဆီလွှာပထဝီအခြေခံ အချက်အလက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ မြေဆီလွှာ စီမံခန့်ခွဲမှု၊ အသိပညာများ မြင့်မားမှု၊ သုတေသနဆောင်ရွက်ချက်၊ သတင်းအချက်အလက်နှင့် အခြေခံအချက်အလက်စနစ်များ သဟဇာတရှိမှုစသည့် ကဏ္ဍ(၅)ခုဖြင့် မြေဆီလွှာ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြေဆီလွှာ၏ အခန်းကဏ္ဍသည် သဘာဝပတ်ဝန်းကျင် ရေမြေတောတောင်၊ စိမ်းလန်းစိုပြည်သာယာရေး၊ ကမ္ဘာတစ်ဝန်း အစားအစာများ အာဟာရပြည့်ဝစွာ ထုတ်လုပ်နိုင်ရေးတို့အတွက် များစွာအရေးပါကြောင်း၊ စီးပွားရေးစနစ်ကောင်းမွန်မှု၊ ဇီဝဖြစ်စဉ် ပြောင်းလဲမှု၊ သန့်ရှင်းသော ရေရရှိနိုင်မှု၊ ရာသီဥတုစဉ်ဆက်မပြတ် ပုံမှန်ဖြစ်တည်မှု၊ လူသားများ သက်ရှင်နေထိုင်နိုင်မှုတို့အပေါ်လည်း များစွာ ထောက်ကူပေးပါကြောင်း၊ လူဦးရေ တိုးပွားလာမှုနှင့်အတူ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် ကမ္ဘာ့အဝန်း အစားအစာထုတ်လုပ်နိုင်မှု လိုအပ်ချက်မြင့်မားမှုနှင့် မြေဆီလွှာခန်းခြောက်မှု ပြဿနာများကို ရင်ဆိုင်နေရကြောင်း၊ အဆိုပါပြဿနာများအား အကောင်းဆုံး ရင်ဆိုင်ကျော်ဖြတ်နိုင်ရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာ ပညာရှင်များ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာနိုင်ကြည်ဝင်းက မြန်မာနိုင်ငံ မြေဆီလွှာ ပထဝီ အခြေခံအချက်အလက်စနစ်ဆိုင်ရာ နည်းပညာအဖွဲ့အကြောင်းကို လည်းကောင်း၊ Moscow Lomonosov State University မှ စီမံကိန်းမန်နေဂျာ Dr. Irina O. Alyabina နှင့် Mr. Oleg. M. Golozubov တို့က စီမံကိန်းဆိုင်ရာနှင့် ရုရှားနိုင်ငံတွင် မြေဆီလွှာ ပထဝီအခြေခံအချက်အလက်ဆိုင်ရာ မှတ်တမ်းထားခြင်း (Soil Data Center) ဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အချင်းချင်းဆွေးနွေးဖလှယ်

မြေဆီလွှာပထဝီအခြေခံ အချက်အလက်များဆိုင်ရာ သတင်းအချက်အလက်များကို ရုရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ မြေဆီလွှာပညာရှင်များ အချင်းချင်း ဆွေးနွေးဖလှယ်ကြရန်၊ မြေဆီလွှာဆိုင်ရာ အခြေခံအချက်အလက်မှတ်တမ်းများကို Database များတွင် ရေးသွင်းပြီး မြေဆီလွှာပျက်စီးဆုံးရှုံးခြင်းများကို ကာကွယ်၍ မြေဆီလွှာအရင်းအမြစ်ကို ထိန်းသိမ်းဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးနိုင်ရန်အတွက် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းအစီအစဉ်အရ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ရုရှားနိုင်ငံ၊ မော်စကိုမြို့တွင် ၂၀၁၈ ခုနှစ် မေ ၁၄ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ပြီး ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ ၇ ရက်အထိ ကျင်းပဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယခုစီမံကိန်း၏ အထောက်အပံ့များကို ရုရှားနိုင်ငံ မော်စကိုတက္ကသိုလ် (Moscow Lomonosov State University – Russia Federation) မှ ကျခံဆောင်ရွက်ခြင်းဖြစ်ကာ ယနေ့ကျင်းပသည့် တတိယအကြိမ် အလုပ်ရုံ ဆွေးနွေးပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြစ်ကြောင်း ဆွေးနွေးပွဲကို မေ ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးခင်မောင်ချိုနှင့်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၁၃

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးခင်မောင်ချိုနှင့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌနှင့် တရားရေးဝန်ကြီးတို့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် မေ ၁၄ ရက်မှ ၁၇ ရက်ထိ ကျင်းပမည့် “(၉)ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာ ဥပဒေဖိုရမ်” သို့ တက်ရောက်ရန် ယမန်နေ့ ညနေ ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **(ဝဲပုံ)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးခင်မောင်ချိုနှင့်အတူ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ပိုင် လိုက်ပါသွားကြောင်း သိရသည်။

သတင်းစဉ်

မစ္စတာ ချန်းဟိုင်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

နေပြည်တော် မေ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ ချန်းဟိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ချန်းဟိုင်ကို ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလတွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၅ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဦးစီးဌာနတွင် လည်းကောင်း၊ ၁၉၉၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ကိုရီးယားသမ္မတနိုင်ငံရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဦးစီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကိုရီးယားသမ္မတနိုင်ငံရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတွင် သံမှူးကြီးအဖြစ် လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ကွမ်ရှီးအပြည်ပြည်ဆိုင်ရာ ကုန်စည်များခင်းကျင်းပြသရေးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း တာဝန်အသီးသီးကို ထမ်းဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ယနေ့အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားတစ်ဦးထွန်းကားသည်။

သတင်းစဉ်

မွန်ဂိုလီးယားနိုင်ငံသမ္မတဟောင်းနှင့် နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်းတို့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် မေ ၁၃

မြန်မာနိုင်ငံ၌ ရောက်ရှိနေသော မွန်ဂိုလီးယားနိုင်ငံသမ္မတဟောင်း Mr. Elbegdorj ဦးဆောင်သောအဖွဲ့သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ညနေ ၆ နာရီ ၁၅ မိနစ်တွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ **(အပေါ်ပုံ)**

ထို့အတူ နော်ဝေနိုင်ငံဝန်ကြီးချုပ်ဟောင်းနှင့် Oslo Center for Peace, Democracy and Human Rights ဥက္ကဋ္ဌ Mr. Kjell Magne Bondevik ဦးဆောင်သော အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

မွန်ဂိုလီးယားနိုင်ငံသမ္မတဟောင်း Mr. Elbegdorj နှင့် နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr. Kjell Magne Bondevik တို့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၃

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

လူမျိုးစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ အစွဲကင်းစွာဖြင့် အဂတိလိုက်စားမှုများနှင့် ဆက်နွယ်ပတ်သက်နေသည့်ကိစ္စရပ်များအား တိတိကျကျအရေးယူသင့်

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ရှင်းလင်းစဉ်။

ဂွ မဲဆန္ဒနယ်မှ ဦးမြင့်ဝေ ဆွေးနွေးစဉ်။

ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေ ဆွေးနွေးစဉ်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ဆွေးနွေးစဉ်။

နေပြည်တော် မေ ၁၃
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် စတုတ္ထအခြေပြစာချုပ်တွင် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ရန်နှင့် အတည်ပြုနိုင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် စတုတ္ထအခြေပြစာချုပ်တွင် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ရန်နှင့် အတည်ပြုနိုင်ရန်ကိစ္စ**နှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံအနေဖြင့် အဆိုပါစာချုပ်တွင် လက်မှတ်ရေးထိုး အတည်ပြုခြင်းဖြင့် အာဆီယံဒေသကို ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆွဲဆောင်မှုအရှိဆုံး ဒေသအဖြစ် မြှင့်တင်ဆောင်ရွက်ရာတွင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ စာချုပ်ပါ ကိစ္စရပ်များသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၆၁ (က) ဇယား(၁) အပိုဒ်(၈)ပါ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့် သဘောတူညီချက်များ၊ ဒေသဆိုင်ရာစာချုပ်များနှင့် သဘောတူညီချက်များဆိုင်ရာကိစ္စတွင် အကျုံးဝင်သဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါ စာချုပ်ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးရေးနှင့် အတည်ပြုရေးကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ဆွေးနွေး

ယင်းနောက် **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဂွ မဲဆန္ဒနယ်မှ ဦးမြင့်ဝေက မြန်မာနိုင်ငံအတွင်း စနစ်တစ်ခုကဲ့သို့ ပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို သိသိသာသာကျဆင်းသွားစေရန် ဌာနဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့် ညွှန်ကြားချက်များကိုလည်း အဂတိလိုက်စားမှု ဖြစ်နိုင်ခြေ ရှိ၊ မရှိ ဆန်းစစ်ပေးရန် လိုအပ်ပါကြောင်း၊ အဂတိလိုက်စားမှုသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို များစွာ အနှောင့်အယှက်အဟန့်အတား ဖြစ်စေပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးကို အချိန်တိုတိုဖြင့် ဆောင်ရွက်နိုင်ရန် အစိုးရ၊ လွှတ်တော်၊ ပြည်သူ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ စုပေါင်း အင်အားဖြင့် ညီညီညွတ်ညွတ်ပါဝင် တိုက်ဖျက်ကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေက အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေကို အသစ်ပြန်လည်ရေးဆွဲနေခြင်းဖြစ်ကြောင်းနှင့် သတင်းပေးများအား အကာအကွယ်ပေးရေးဥပဒေကိုလည်း အသစ်ရေးဆွဲသွားမည်ဟု သိရှိရသဖြင့် ကြိုဆိုပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူရာတွင် ဌာနဆိုင်ရာဝန်ထမ်းအဆင့်သာမက မည်သည့်ရာထူးကြီးငယ်မဆို တိကျစွာ အရေးယူနိုင်ရန် ဥပဒေကြောင်းအရ လိုအပ်ချက်ရှိပါကလည်း ပြင်ဆင်သင့်ပါကြောင်း၊ ဥပဒေပါ ပြစ်မှု ပြစ်ဒဏ်များကိုလည်း ပြန်လည်စိစစ်၍ ပြင်ဆင်ရန် လိုအပ်ပါက ပြင်ဆင်သင့်ပါကြောင်း၊ အဂတိလိုက်စားမှုပြုနိုင်သည့် ရုံးလုပ်ငန်းအဆင့်များကိုလည်း လို၊ မလို စိစစ်၍ ပြင်ဆင်သင့်ပါကြောင်း၊ ထို့အပြင် ဝန်ထမ်းနှင့် လူထုတိုက်ရိုက်ထိတွေ့မှုနည်းပြီး အဂတိတရားကို လျော့ပါးစေနိုင်သည့် e-Government စနစ်ကို အမြန်ဆုံးအကောင်အထည်ဖော်သင့်ပါကြောင်း။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် အရေးယူအပြစ်ပေးခြင်း နည်းလမ်းသာမက အဂတိလိုက်စားမှုဖြစ်ပွားရခြင်း အကြောင်းအရင်းများအပေါ် မှန်ကန်စွာ ရှုမြင်သုံးသပ်ပြီး လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသင့်ပါကြောင်း၊ ပုဂ္ဂိုလ်ရေးမပြေလည်မှု၊ အကျိုးစီးပွား စသည်တို့ကို အကြောင်းပြု၍ မဟုတ်မမှန် လုပ်ကြံတိုင်ကြားမှုများ ရှိလာပါကလည်း တိုင်ကြားသူအား ဥပဒေအရ ပြစ်ဒဏ်ပေးသင့်ပါကြောင်း၊ ပြဋ္ဌာန်းချက်သာရှိပြီး တိုက်ဖျက်ရေးလုပ်ဆောင်မှုအားနည်းနေခြင်းအပေါ် တိကျစွာဆောင်ရွက်နိုင်စေရန် ဘက်ပေါင်းစုံမှ အားပေးကူညီ ပံ့ပိုးသင့်ပါကြောင်း၊ လူမျိုးစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲအစွဲကင်းစွာဖြင့် မျက်နှာမလိုက်၊ အခွင့်အရေးမပေးဘဲ အဂတိလိုက်စားမှုများနှင့် ဆက်နွယ်ပတ်သက်နေသည့် ကိစ္စရပ်များအား တိတိကျကျ ဖော်ထုတ်အရေးယူသင့်သည်ကို အကြံပြုတင်ပြပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၊ မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး (ခေါ်) ဦးအုန်းခင်၊ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၊ စလင်းမဲဆန္ဒနယ်မှ ဦးကံဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကွယ်ကွယ်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး လှနိုင်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းနှင့် မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဆန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီထံမှ ယူရို ၃၅ ဒသမ ၇သန်း ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ဆွေးနွေး

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီထံမှ ယူရို ၃၅ ဒသမ ၇သန်း ချေးငွေရယူရေး**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို က ချေးငွေယူရို ၃၅ ဒသမ ၇ သန်းသည် မြန်မာကျပ်ငွေအားဖြင့် ၆၁ ဒသမ ၄ ဘီလီယံရှိပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ငါးရုံအလုံးစုံ ပြင်ဆင်မွမ်းမံခြင်း၊ အဆင့်မြှင့်တင်ခြင်းဖြင့် ဓာတ်အားပေးစက်ရုံများအား ယုံကြည်စိတ်ချစွာဖြင့် စက်စွမ်းအားပြည့် မောင်းနှင်နိုင်မည်ဖြစ်ပြီး လက်ရှိတွင် တစ်နှစ်လျှင် ၅၆၅ ကီလိုဝပ် နာရီသန်းသာ ထုတ်လုပ်နိုင်မှုမှ ၈၁ ကီလိုဝပ်နာရီသန်းပေါင်း တိုးတက်ထုတ်လုပ်နိုင်ပြီး စုစုပေါင်း ၆၄၆ ကီလိုဝပ်နာရီသန်းပေါင်းအထိ ထွက်ရှိလာမည်ဖြစ်သောကြောင့် နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည့်အတွက် လက်ရှိပြည်သူများ ကြုံတွေ့ခံစားနေရသည့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုပြဿနာကို အမှန်တကယ်လျော့ပါးသွားစေမည်ဖြစ်သည့်အတွက် ချေးငွေ ရယူခြင်းကို ထောက်ခံပါကြောင်း၊ ချေးငွေများကို အစဉ်အလာအတိုင်းချေးငှားပြီး လက်တွေ့အကောင်အထည်ဖော်သည့်အခါ ထင်ထားသည့်အတိုင်း ဖြစ်မလာပါက ချေးငွေ၏ ဝန်ထုပ်ဝန်ပိုးကို ပြည်သူများ လည်စင်းခံရမည်ကို စဉ်းစားပေးရန်နှင့် ချေးငွေနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက ရင်းနှီးမှုစရိတ်ကြီးမားသည့် လျှပ်စစ်ကဏ္ဍအတွက် ချေးငွေသည် အဓိကဖြစ်သည်ကို လက်ခံပါကြောင်း၊ ပြည်ပချေးငွေနှင့် ရွှေလီ တာပိန်(၁)၊ ချီဖွေငယ်သောက်ရေခပ်(၂)၊ ဘီလူးချောင်း(၃) စီမံကိန်းများသည် အချိန်တိုအတွင်း ပြီးစီးခဲ့ကြသော်လည်း ဘတ်ဂျက်နှင့် ဆောင်ရွက်ရသည့် ရခိုင်ပြည်နယ်မှ သူဌေးစီမံကိန်းသည် ၁၀ နှစ်ကြာပြီဖြစ်သော်လည်း ယခုအချိန်ထိ မပြီးစီးသေးသည်ကိုလည်း ထည့်သွင်းတွက်ချက်သင့်ပါကြောင်း။

လျှပ်စစ်ကဏ္ဍတစ်ခုလုံး လိုအပ်သမျှ ဖြည့်ပေးနိုင်ရန်အတွက် မထူးခြားသောနည်းဖြင့် ဆက်လက်လုပ်ဆောင်နေ၍ မဖြစ်တော့ပါကြောင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ပုဂ္ဂလိကမှ ပြိုင်ဆိုင်ခွင့်ရခဲ့သောကြောင့် တစ်နိုင်ငံလုံးမှ ပြည်သူများ အချိန်တိုအတွင်း ဆန္ဒများ ပြည့်ဝသွားသကဲ့သို့ ပြည်တွင်းပြည်ပမှ လုပ်နိုင်စွမ်းရှိပြီး စေတနာထားလုပ်ကိုင်လိုသည့် ကော်ပိုရေးရှင်းများကို ခွင့်ပြုပေးမည်ဆိုပါက မီးပျက်ခြင်းသည် အိပ်မက်တစ်ခုမျှသာ ဖြစ်သွားမည်ဖြစ်ပါကြောင်း၊ နွေရာသီတွင် မီးပျက်ခြင်း၊ မိုးရာသီတွင် ဓာတ်လိုက်ခြင်း၊ မီးအားလျော့ခြင်းများ မရှိတော့ဘဲ ထိုကော်ပိုရေးရှင်းများမှ အရင်းအနှီး၊ နည်းပညာနှင့် အလုပ်အကိုင်များ သယ်ဆောင်လာမည်ဖြစ်သောကြောင့် အစိုးရအနေဖြင့် အခွင့်အရေးရနိုင်မည့် နည်းလမ်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင်၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၊ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို၊ စလင်းမဲဆန္ဒနယ်မှ ဦးကံဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဝင်းမင်းသန့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေနှင့် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို မေ ၁၄ရက် တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်

မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့်ပွဲတော် ခမ်းနားစွာကျင်းပနိုင်ရေး တွေ့ဆုံအကြံဉာဏ်ရယူပွဲ ကျင်းပမည်

နေပြည်တော် မေ ၁၃

၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် ကျရောက်မည့် မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် ပွဲတော်ကို ခမ်းနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တွေ့ဆုံအကြံဉာဏ်ရယူပွဲ အခမ်းအနားကို မေ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် Sky Star Hotel(Ball Room)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲကို ရုပ်ရှင်လောက အလွှာစုံမှအနုပညာရှင်၊ အတတ်ပညာရှင်များ၊ ဌာနဆိုင်ရာများ၊ ရုပ်ရှင်မိတ်ဖက်အဖွဲ့ အစည်းများနှင့် လုပ်ငန်းရှင်များ တွေ့ဆုံမည်ဖြစ်သည့်အတွက် တက်ရောက်အကြံဉာဏ်များပေးနိုင်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

မောင်လူမော်

ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၁၃
ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်စီ၊ ညောင်ဦးမြို့နှင့် ပေါက်မြို့တို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်စီနှင့် ဗားရ်၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ရွှေဘိုမြို့၊ မုံရွာမြို့၊ ကြေးမုံမြို့၊ မြင်းမူမြို့၊ မန္တလေးမြို့၊ မြင်းခြံမြို့နှင့် ပခုက္ကူမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၈ / ၂၀၁၉
၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်)

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၁၉ ခုနှစ်၊ မေလ ၁၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

စဉ်	သတင်းလက်ခံရရှိမှု	ဖော်ထုတ်ဖမ်းဆီးအရေးယူမှု
၁	စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ရွှေတွင်းကျေးရွာအုပ်စု၊ ချောင်းဖျားရွှေမှော်နေ ဇော်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၅-၅-၂၀၁၉ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ ရွှေတွင်းကျေးရွာအုပ်စု၊ ချောင်းဖျားရွှေမှော်နေ ဇော်ဝင်း(၄၅)နှစ်၊ (ဘ)ဦးမောင်ကံ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မိုင်းကိုင်း) မယ(ပ)၄၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၂	စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ ဘဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၁-၅-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ မိုင်းချောင်း ကျေးရွာအနီး မိုင်းချောင်း-သငါကျေးရွာသွားလမ်းပေါ်၌ ပေါက်ကုန်းကျေးရွာနေ ဘဝင်း(၄၃)နှစ်၊ (ဘ)ဦးသန်းထွန်းနှင့် ကျော်ဝင်း(၄၃)နှစ်၊ (ဘ)ဦးမောင်ဖေတို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ)၆၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၃	တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ဂျုံးဂျုံးကျကျေးရွာနေ နောင်ပဲနှင့် အင်လတ်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၁-၅-၂၀၁၉ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ ဂျုံးဂျုံးကျကျေးရွာနေ နောင်ပဲ(ခ)သန်းစိန်(၅၆)နှစ်၊ (ဘ)ဦးအောင်ရီ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကံမော်)မယ(ပ)၁၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ အင်လတ်(၃၉)နှစ်၊ (ဘ)ဦးဖိုးမြ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကံမော်)မယ(ပ)၁၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။
၄	ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရှမ်းစုကျေးရွာနေ မသော်သော်သည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၆-၅-၂၀၁၉ ရက်နေ့တွင် တွံတေးမြို့နယ်၊ ရှမ်းစုကျေးရွာနေ မသော်သော်(ခ)သော်ခေအောင်(၃၃)နှစ်၊ (ဘ)ဦးကျော်မြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်နေ မနှင်းဝေလွင်(၂၅)နှစ်၊ (ဘ)ဦးအေးစိုး၊ မှော်စက်ရပ်ကွက်နေ ကျော်ကို(၂၅)နှစ်၊ (ဘ) ဦးတင့်လွင်တို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တွံတေး) မယ(ပ)၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၅	ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်မင်္ဂလာပတ်လမ်းနေ တင်အောင်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၀-၅-၂၀၁၉ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၂)ရပ်ကွက်၊ ဗန္ဓုလလမ်းနှင့် အောင်မင်္ဂလာလမ်းထောင့်၌ အောင်မင်္ဂလာပတ်လမ်းနေ တင်အောင်ဝင်း(၂၁)နှစ်၊ (ဘ)ဦးသန်းဇော်ဦးအား တွေ့ရှိစစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ) မယ(ပ)၁၂၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၆	ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ထမင်းပေါင်းကျေးရွာနေ မိုးအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၇-၅-၂၀၁၉ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ ထမင်းပေါင်းကျေးရွာနေ မိုးအောင်(၃၈)နှစ်၊ (ဘ)ဦးစံသိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကျောက်ကူ) မယ(ပ)၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၇	ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ငွေးကုန်းကျေးရွာနေ နေမျိုးဝင်းနှင့်ဇနီး မအိငယ်တို့သည် မူးယစ်ဆေးဝါးများဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၀-၅-၂၀၁၉ ရက်နေ့တွင် နောင်ချိုမြို့နယ်၊ ငွေးကုန်းကျေးရွာနေ နေမျိုးဝင်း(၃၃)နှစ်၊ (ဘ)ဦးမြင့်ငွေနှင့် ဇနီး မအိငယ်(ခ) အေးအေးစန်း(ခ) အေးငယ်(၃၃)နှစ်၊ (ဘ)ဦးဖေသိန်းတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ ဘန့်ဘွေးကျေးရွာနေ တင်မင်းဦး (၁၉) နှစ်၊(ဘ)ဦးသားပု၊ ပြင်ဦးလွင်မြို့နယ်၊ သပြေကုန်းကျေးရွာနေ ကောင်းမြတ်စိုး(၂၀)နှစ်၊ (ဘ)ဦးတင်ဦးတို့(၄)ဦးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နောင်ချို) မယ(ပ)၄၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၈	ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ အမှတ်(၇)ရပ်ကွက်၊ ဇေယျာလမ်းနေ အောင်မျိုးမင်းထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၀-၅-၂၀၁၉ ရက်နေ့တွင် လားရှိုးမြို့ အမှတ်(၇)ရပ်ကွက်၊ အောင်သပြေလမ်းနှင့် ဇေယျာလမ်းထောင့်၌ ၎င်းရပ်ကွက် ဇေယျာလမ်းနေ အောင်မျိုးမင်းထွန်း (ခ) အဒူလာဟမ်း (၂၆)နှစ်၊ (ဘ)ဦးကျော်ကျော်နိုင်အား တွေ့ရှိစစ်ဆေးရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး)မယ(ပ)၅၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၉	ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့ အမှတ်(၈)ရပ်ကွက်၊ ရတနာအောင်သပြေ(၃) လမ်းနေ နိုင်လင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၈-၅-၂၀၁၉ ရက်နေ့တွင် ဘိုကလေးမြို့ အမှတ်(၄)ရပ်ကွက်၊ စိန်ပန်း(၅)လမ်းပေါ်၌ အမှတ်(၈)ရပ်ကွက်၊ ရတနာအောင် သပြေ(၃)လမ်းနေ နိုင်လင်း(ခ)နိုင်လင်းအောင်(၃၂)နှစ်၊ (ဘ) ဦးစိုးဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဘိုကလေး)မယ(ပ)၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၁၁-၅-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၂၁)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၈၁၈)ဦး၊ မ(၁၆၀)ဦး၊ ပေါင်း(၉၇၈)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၁၂၆.၄၅)ဂရမ်၊ ICE (၇၃.၆၇) ဂရမ်၊ ဘိန်း(၃၈၇၀၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၂၃၅၉၂၅)ပြား၊ ဆေးခြောက်(၆၄၂၄.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊စိတ်ကြွဆေးပြားအကြေမှုန့်(၂၃.၄၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက် ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရမော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး ဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခု သီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရေပြာကျေးရွာအဝင် ရာဇဌာနီလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ် (၂)စီးအား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား(၆၄)ပြား၊ ဆိုင်ကယ်(၂)စီး၊ ကွင်းဆက်စိစစ် ဖော်ထုတ်ချက်အရ ရန်အောင်(၂)ရပ်ကွက်ရှိ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား(၅၈၆)ပြား၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဆီခဲ(၁၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၂၁၀)ဂရမ်၊မိုးညှင်းမြို့နယ်၊ မော်ဟန်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဖြူ(၃၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖားကန့်မြို့နယ်၊ မှော်ရှန်ကျေးရွာလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ မမုံ-ဖားပြင်သွား လမ်းဘေးတောစပ်လျှိုအတွင်း၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၆၅၅)ပြား၊ ဗန်းမော်မြို့ ရေနီရွာသစ်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၆၃)ပြား၊ ဘိန်းဖြူ(၄၀)ဂရမ်၊ မံစီမြို့နယ်၊ ဟန်ထက် ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွ ဆေးပြား (၁၁၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ စီကော်ကျေးရွာ၌ တရားခံ အမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၅၀)ပြား၊ ဘိန်းဖြူ(၉၀)ဂရမ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ နွားလဝိုးကျေးရွာ၌တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဇရပ်ဖြူကျေးရွာအနီးတောစပ်၌ သတင်းအရ Caldina ယာဉ်အား ရပ်တန့်စိစစ်စဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦး တို့ထံမှ စိတ်ကြွဆေးပြား(၂၉၉၁)ပြား၊ မော်တော်ယာဉ်(၁)စီး၊ နောင်လုံ(အနောက်)ကျေးရွာ၊ ဘားအံ-အိန္ဒုသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ နိုင်းကြာကျေးရွာ၌ တရားခံအမျိုးသား(၂)ဦး ထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ ထပ်မံဖော်ထုတ်ချက်အရ အမှတ်(၆)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၁၅၆)ပြား၊ သံလွင်တံတား ဘီးခွန်ကောက်ခံရေးဂိတ်အနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ခရားအတွင်းကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဘုရားသုံးဆူမြို့ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၄၀)ပြား၊ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ကျောက်တန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက်(၆၆၄၀)ဂရမ်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့ မြို့မတောင်ရပ်ကွက်၌ တရားအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၀)ပြား၊ စစ်တွေမြို့နယ်၊ သဲချောင်းကျေးရွာကယ်ဆယ်ရေးစခန်း၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၂)ပြား၊ ဆေးခြောက်(၉၀၈.၂)ဂရမ်၊ ပြည်တော်သာရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၅၁၃) ပြား၊ ဘုမေ-သဲချောင်းသွားကားလမ်းပေါ်၌ သတင်းအရ ဆိုက်ကားအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦး ထံမှ ဆေးခြောက်(၃)ဂရမ်၊ ဆိုက်ကား(၁)စီး၊ အမ်းမြို့ အမှတ်(၄)ရပ်ကွက်၌ တရားခံအမျိုးသား(၄)ဦးထံမှ ဆေးခြောက်(၇၃.၂)ဂရမ်၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ တောင်ကြီး-ဟိုပုံးသွားကားလမ်း မိုင်တိုင်(၁၂၃/၆) အနီး၌ သတင်းအရ Alphard ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ တောင်နီကျေးရွာ၊ ရွှေညောင်-ရပ်စောက်သွားကားလမ်းမပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွ ဆေးပြား(၂၃၆၅)ပြား၊ ညောင်ရွှေမြို့နယ်၊ နန်းဟူးကြီးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၈၀၀)ပြား၊ ဘိန်း(၁၃၀၆)ဂရမ်၊ ဆီဆိုင်မြို့ အောင်သပြေရပ်ကွက်၌ တရားခံအမျိုးသား(၇)ဦးထံမှ စိတ်ကြွဆေးပြား(၆၄၅)ပြား၊ ဘိန်း (၆၉.၄၀၂၅)ဂရမ်၊ ခိုလေကျေးရွာ၊ဆီဆိုင်-တောင်ကြီးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကလောမြို့နယ်၊ ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်း မိုင်တိုင်(၆၅/၃)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပင်လောင်းမြို့ ရင်းမှီ ဘီးခွန်ဂိတ်၌ သတင်းအရ Hilux ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၈၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ လားရှိုးမြို့ အမှတ်(၁၂)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၇၉၂)ပြား၊ ဘိန်းဖြူ(၉၄)ဂရမ်၊ သိန္နီမြို့နယ်၊ ပန်လောကျေးရွာအနီး သိန္နီ-ကွမ်လုံသွားကားလမ်း မိုင်တိုင်(၁/၃)၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၈၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တန့်ယန်းမြို့နယ်၊ ပန်လုံကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၀၀)ပြား၊ တန့်ယန်း-မိုင်းကောင်သွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၁၅၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ နမ့်ခမ်းမြို့ အောင်မေတ္တာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၁၀၀၀)ဂရမ်၊ အောင်မင်္ဂလာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၀၀)ပြား၊ ဘိန်း(၄၀၀၀)ဂရမ်၊ ကွတ်ခိုင်မြို့နယ်၊ ကွတ်ခိုင်-ကောင်းခါးသွားရှောင်ကွင်းတောလမ်း လွိုင်ဆမ်ဆစ် တောင်ခြေအနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၀၀)ပြား၊ ဘိန်းဖြူ(၁၂.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကျောက်မဲမြို့ လွယ်ခွန်တောင်ပတ်လမ်း၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ

စာမျက်နှာ ၈ သို့

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ အရေးပေါ် ဆင်းသက်ခဲ့သည့် လေယာဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်နေ

ရန်ကုန် မေ ၁၃

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်း မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မေ ၁၂ ရက်က အရေးပေါ်ဆင်းသက်ခဲ့ပြီးနောက် လေယာဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အရေးပေါ်ဆင်းသက်ခဲ့သည့်လေယာဉ်၏ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်က ပြောကြားသည်။

လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်

စုံစမ်းစစ်ဆေးမည်

"ကျွန်တော်တို့အမြင်အရ ပြောရရင် လေယာဉ်ကိုရွှေ့ပြောင်းဖို့ ကရိန်းနဲ့ မတဲ့အခါကျတော့ ဘီးက ကန့်လန့်ဖြစ်နေတယ်။ ပုံမှန်က Verticle ပဲ ရှိရမယ်။ အဲဒါအတွက်ကြောင့်မို့လို့ ထင်တာပါပဲ။ ဒါတွေကလည်း တာဝန်ရှိသူတွေအနေနဲ့ စုံစမ်းစစ်ဆေးရေးလုပ်ပါမယ်။ ဘယ်နေရာတွေက လိုအပ်တာလဲဆိုတာတွေကို နောက်မဖြစ်အောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ကျွန်တော်တို့လုပ်မှာပါ" ဟု လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်က ပြောကြားသည်။

အရေးပေါ်ဆင်းသက်မှုကြောင့် လေယာဉ်အောက်ပိုင်းပျက်စီးမှုကို တွေ့ရစဉ်။

လေယာဉ်ပြင်ဆင်ရေး

လက်ရှိတွင် အာမခံကုမ္ပဏီများအနေဖြင့် လေယာဉ်ကို သွားရောက်ကြည့်ရှုလျက်ရှိပြီး လေယာဉ်ပြင်ဆင်ရေးအဖွဲ့များကိုလည်း ခေါ်ယူထားကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရသူမရှိ

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ Embraer 190၊ XY-AGO လေယာဉ်သည် ခရီးစဉ်အမှတ် ယူဘီ (၁၀၃)ဖြင့် ရန်ကုန်-မန္တလေး ခရီးစဉ်ကို မေ ၁၂ ရက်က ပျံသန်းခဲ့ရာ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် သို့ ဆင်းသက်ရန်ပြင်ဆင်စဉ် လေယာဉ်ရှေ့ဘီးတွင် ပြဿနာဖြစ်ပေါ်ခဲ့၍ အရေးပေါ်အနေအထားဖြင့် ဆင်းသက်ခဲ့ရသည်။ လေယာဉ်အရေးပေါ် ဆင်းသက်ခဲ့ရသော်လည်း ခရီးသည်များ၊ လေယာဉ်မှူးအပါအဝင် လေယာဉ်အမှုထမ်းများအားလုံး ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ချီးကျူးဂုဏ်ပြု

မြန်မာအမျိုးသားလေကြောင်းက ယင်းဖြစ်စဉ်တွင် ညီညွတ်စွာ ဆောင်ရွက်ခဲ့ကြသော ခရီးသည်များနှင့် လေယာဉ်အဖွဲ့သားများအားလည်းကောင်း၊ လေယာဉ်အရေးပေါ် အခြေအနေ၌ ဆုံးဖြတ်ချက်မှန်ကန်ပြီး ဘေးကင်းစွာ မောင်းနှင်ပေးခဲ့သော လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများ အားလုံးအား ကျေးဇူးတင်ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ကြောင်း သတင်းထုတ်ပြန်ထားသည်။

ဂုဏ်ပြုပွဲပြုလုပ်ပေးမည်

ယင်းခရီးစဉ်တွင် ပါဝင်ခဲ့သော မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က "ကျွန်တော်တို့ခရီးသည်တွေအားလုံးရဲ့ကုသိုလ်ကြောင့်ပါသလို လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်ရဲ့ ကျွမ်းကျင်မှု၊ လိမ္မာပါးနပ်မှုသာမက မှန်ကန်တဲ့ဆုံးဖြတ်ချက်နဲ့ ကျွန်တော်တို့အသက်ကို ကယ်တင်ပေးနိုင်ခဲ့တယ်။ အဲဒီအတွက် လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နဲ့ လေယာဉ်အဖွဲ့သားအားလုံးကို အလွန်ကိုကျေးဇူးတင်တယ်။ ကျွန်တော်တို့ ခရီးသည်တွေအားလုံးစုပြီးတော့ ဒီလထဲဖြစ်ဖြစ်၊ ရှေ့လထဲဖြစ်ဖြစ် လေယာဉ်မှူးကြီးနဲ့ လေယာဉ်အဖွဲ့သား အားလုံးကို ကျေးဇူးဆပ်ဂုဏ်ပြုပွဲလုပ်ပေးဖို့ စီစဉ်နေပါတယ်"ဟု ပြောကြားသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)
ဓာတ်ပုံ-MNA

အရေးပေါ်ဆင်းသက်သည့်လေယာဉ်အား ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

စာမျက်နှာ ၇ မှ

အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၁၂၁)ပြား၊ မိုးမိတ်မြို့နယ်၊ အထက်ညောင်နီကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၇၀)ပြား၊ ဘိန်းဖြူ(၉၅.၅)ဂရမ်၊အောက်ညောင်နီကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀၀)ပြား၊ ဘိန်းဖြူ(၈၀၀)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ မဘိမ်းမြို့နယ်၊ မိုးလုံးကျေးရွာ၊ ဆင်အိုင်ချောင်းဘေး၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၇၈၃)ဂရမ်၊ မအူကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄၅၀)ပြား၊ ဘိန်းဖြူ(၃၂)ဂရမ်၊ ဥယျာဉ်ပုကျေးရွာ အရှေ့တောင်ဘက် ဒေါ်ဆောင်းလျှိုဝါးရုံတောအတွင်း၌ ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား(၂၃၄၀၀၀)ပြား၊ ဘိန်းဖြူ(၁၇၀၆၀)ဂရမ်၊ လောက်ကိုင်မြို့နယ်၊ တာရှိကမ်းပါးကျေးရွာ၊ ကြံခင်းအနီး၌ ပိုင်ရှင်မဲ့ဝှက်သိမ်းထားသည့် Acetone (၅၅)လီတာ၊ မိုင်းတုံမြို့နယ်၊ နမ့်စင်ချောင်းကူးတို့ဆိပ်၌ လက်ဖက်ခြောက်အိတ်များအတွင်းမှ ပိုင်ရှင်မဲ့ ICE (၃၀၀၀၀)ဂရမ်၊ တာချီလိတ်မြို့အထွက် လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ (၀.၃)ဂရမ်၊ ဘိန်းဆီခဲ(၅၃) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၈၀၀)ပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ပိန်းအင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၁၂)ပြား၊ ဘိန်းဖြူ(၁.၈)ဂရမ်၊ ဟုမ္မလင်းမြို့နယ်၊ ပင်သာ-တက်ခေတ်ကျေးရွာသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၅)ပြား၊ ဘိန်းဖြူ(၆၆)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ သဲဟင်းကျဲကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀)ပြား၊ ဘိန်းဖြူ(၆၀.၂) ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ကနိုင်းဒါကျေးရွာအနီးထားဝယ်-မြိတ်သွားကားလမ်းမပေါ်၌ ရပ်တန့်ထားသည့် Mark-II ယာဉ်အားစစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၁၅)ပြား၊ မော်တော်ယာဉ်(၁)စီး၊ မြိတ်မြို့ တောင်ပြိုရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၁၃၅၉)ပြား၊ ဘိန်းစာမှုန့်(၅၀)ဂရမ်၊ Probox ယာဉ်(၁)စီး၊ တက္ကသိုလ်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၅၅၅)ပြား၊ ဘိန်းစာမှုန့်(၁၀၀)ဂရမ်၊ Honda Fit ယာဉ်(၁)စီး၊ ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၃၆၉၇၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ရပ်ကွက်ကြီး(၉)အနီး ပဲခူး-ရန်ကုန်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ တောင်ငူမြို့နယ်၊ ရေပို့ကုန်းကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၆၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကြူဝင်းကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ Sulphuric Acid (၁၁၁၀၀)လီတာ၊ Nissan (၁၂)ဘီးယာဉ် (၁)စီး၊ Toyota Celica ယာဉ်(၁)စီး၊ ဆိုင်ကယ်(၁)စီး၊ (၁၆)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ အငှားယာဉ်အား ရပ်တန့်စစ်ဆေးရာ ခရီးသည် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၀)ပြား၊ ဘိန်းဖြူ(၅၀)ဂရမ်၊ ဘိန်းဆီခဲ (၃၀)ဂရမ်၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်စာကျေးရွာ၊ ဂူကျောက်တောင်ကွင်းတောင်ခြေ၌ ပိုင်ရှင်မဲ့ Sulphuric Acid(၈၀၀)လီတာ၊ မိုးကုတ် မြို့နယ်၊ ကြက်နှဖကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၆၀၀)ပြား၊ သပိတ်ကျင်းမြို့နယ်၊ တောင်လယ် ကျေးရွာအနီး တွင်းငယ်-မိုးမိတ်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကျောက်ဆည်မြို့ လက်ပံကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၉၆၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ ဆိုင်ကယ် (၂)စီး၊ ရမည်းသင်းမြို့နယ်၊ ကန်စွယ်ကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၂၆၁၅)ပြား၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ နေပူကုန်းကျေးရွာအနီး ရမည်းသင်း-ရွာတန်းသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၀၉၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီး တောင်ကြီး-မိတ္ထီလာသွား ကားလမ်းမပေါ်၌ သတင်းအရ တောင်ကြီးမှ မိတ္ထီလာသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်း(၆၃၄၀)ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ ICE(၃.၃)ဂရမ်၊ Diazepam Tablet(၉)ပြား၊ အောင်မင်္ဂလာ အဝေးပြေးကားဝင်းအတွင်း၌ တရားခံအမျိုးသား (၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၆၀၀၀)ပြား၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၌ သတင်းအရ စက်ဘီးအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၁၅)ပြား၊ ဆေးခြောက်(၂.၇၂) ဂရမ်၊ စက်ဘီး(၁)စီး၊ ကျောက်တံတားမြို့နယ်၊ ဗဟိုစာတိုက်ကြီး၌ နိုင်ငံခြားသို့ပို့ဆောင်မည့် စက္ကူဂျပ်ဖာ(၂)ထုပ်အတွင်း မူးယစ်ဆေးဝါးများပါဝင်နေကြောင်း သတင်းရရှိသဖြင့် စစ်ဆေးခဲ့ရာ ICE(၁၃၂၀)ဂရမ်၊ တရားခံအမျိုးသမီး(၃)ဦး၊ ရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့အဝင် ခဲဘောင်တံတား၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၅၈၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဇလွန်မြို့ လမ်းမတော် တောင်ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၉၄)ပြား၊ ပန်းတနော်မြို့ အရှေ့ပိုင်းရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၅)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ငှင်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၇၄၇)ပြား၊ ICE(၁.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကျိုက်လတ်မြို့ အမှတ်(၁)ရပ်ကွက်၊ (၂၈)လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၆၇)ပြား၊ ဆိုင်ကယ်(၁)စီးအား လည်းကောင်း၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အိုင်လေးတူကျေးရွာရှိ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေစဉ် ခားဖြင့် ပြန်လည်ခုခံသဖြင့် လုံးထွေးဖမ်းဆီးခဲ့ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၀)ပြား၊ ဘိန်းဖြူ (၀.၀၁)ဂရမ်၊ ဘိန်း(၂၅)ဂရမ်၊ လက်ပစ်ဗုံး(၂)လုံးအားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ လောက်ကိုင်မြို့ အမှတ်(၃)ရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်းဖြူ(၃၄၀၀)ဂရမ်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှုစုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၅-၅-၂၀၁၉ရက်နေ့မှ ၁၁-၅-၂၀၁၉ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၃၀၈)မှုတွင် တရားခံကျား(၃၉၇)ဦး၊ မ(၄၈)ဦး၊ ပေါင်း(၄၄၅)ဦးကို စိတ်ကြွဆေးပြား (၁၂၂၁၅၅၈)ပြား၊ ဘိန်းဖြူ (၂၃၁၂၁.၇၆၄)ဂရမ်၊ ICE(၃၁၃၂၅.၈)ဂရမ်၊ ဘိန်း(၁၅၂၁၅.၀၀၇၁၆) ဂရမ်၊ ဘိန်းဆီခဲ (၃၅၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၂၂၃.၁)ဂရမ်၊ ဘိန်းစာမှုန့် (၃၇၃၂၅)ဂရမ်၊ ဘိန်းစာရွက်(၆၆၄၀)ဂရမ်၊ ဆေးခြောက် (၁၀၀၆.၁၇)ဂရမ်၊ Diazepam Tablet(၉)ပြား၊ Sulphuric Acid (၁၁၉၀၀)လီတာ၊ Acetone(၅၅) လီတာ၊ လက်ပစ်ဗုံး(၂)လုံးတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

အော်တိုတယ်လီဖုန်းနံပါတ်	-	**၀၆၇-၅၉၀၂၀၀**
ဖက်စ်ဖုန်းနံပါတ်	-	**၀၆၇-၅၉၀၂၃၃**
အီးမေးလ်လိပ်စာ	-	**antinarcotics@presidentoffice.gov.mm**

❒ *ကျောဖုံးမှ*

ရှိစေမည့် လူမှုကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်နိုင်ရေး၊ ချက်ချင်း တုံ့ပြန်နိုင်ရေးနှင့် ဘေးအန္တရာယ်များဖြစ်ပွားပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက် လုပ်ဆောင်နိုင်ရန် လိုအပ်ချက်အရ တိုးချဲ့ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်

ထို့ပြင် ပြည်သူများ ကိုယ့်အားကိုယ်ကိုးပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေရာမှ အစိုးရမှ ဦးဆောင်ပြီး ပြည်သူများအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနိုင်ရန် တိုးချဲ့ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းများ တိုးတက်ပြောင်းလဲဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာငွေပိုမိုရရှိရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်တွင် ဘဏ္ဍာငွေသည် အကန့်အသတ်များ ရှိပါကြောင်း၊ အကန့်အသတ်များကြားမှ မိမိတို့ ဝန်ကြီးဌာန၏ လုပ်ဆောင်ရန်ရှိသည်များကို ပိုမိုဆောင်ရွက်နိုင်ရေး၊ ဘဏ္ဍာငွေ တိုးတက်ရရှိရန်အတွက် မဟာဗျူဟာများနှင့် လုပ်ငန်းစီမံချက်များ ရှိရမည်ဖြစ်ပြီး မြန်မာစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်နှင့်လည်း ကိုက်ညီရန်လိုအပ်ပါကြောင်း၊ ယင်းအချက်များနှင့် ညှိနှိုင်းတွက်ချက်ပြီး ၂၀၁၈ ခုနှစ်အတွင်းတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ များစွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

လူမှုဝန်ထမ်းဦးစီးဌာန အနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ လူမှုဖွံ့ဖြိုးမှုအကူအညီများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် မဟာဗျူဟာစီမံချက်များ ရှိပါကြောင်း၊ လူမှုကာကွယ်ရေးလုပ်ငန်းစဉ် ၈ ရပ်ချမှတ်ထားပါကြောင်း၊ ယင်း ၈ ရပ်မှ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးဖွားလာသည့် အသက် နှစ်နှစ်အောက်ကလေးများအား ငွေကြေးထောက်ပံ့ခြင်းကို ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင်လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်ဘဏ္ဍာနှစ်တွင် ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့တွင်လည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေး အစီအစဉ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့်နှစ်တွင် အသက် ၈၅ နှစ်အထက်ရှိ သက်ကြီးရွယ်အိုများအား အထောက်အပံ့များ ပေးအပ်နိုင်ခဲ့ပါကြောင်း၊ ယခင်က အသက် ၉၀ နှစ်အထက် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်များ ထောက်ပံ့ပေးအပ်ခဲ့ရာမှ ယခု အသက် ၈၅ နှစ်အထက် သက်ကြီးရွယ်အိုများကို ထောက်ပံ့ပေးခဲ့ပြီး အရေအတွက်အားဖြင့် ၁၈၀၀၀၀ ကျော်ကို ထောက်ပံ့ပေးအပ်နိုင်ခဲ့ပါကြောင်း။

ကလေးငယ်များစောင့်ရှောက်ရေး

ထို့ပြင် မွေးကင်းစမှ အသက် ရှစ်နှစ်အရွယ်အထိ ရှေးဦးအရွယ် ကလေးသူငယ်များထဲမှ တစ်နှစ်မှ သုံးနှစ်အရွယ်ရှိ ကလေးငယ်များကို မိခင်ဝိုင်း ၆၃၉ ဝိုင်း ဖွင့်လှစ်ပေးခြင်းနှင့် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အသက်သုံးနှစ်မှ ငါးနှစ်အထိ ကလေးငယ်များအတွက် ကိုယ်ထူကိုယ်ထ မူကြိုများကို အားပေးကူညီ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ လာမည့်နှစ်တွင် အသက်သုံးနှစ် ငါးနှစ်အထိ ကလေးငယ်များ စောင့်ရှောက်ရေး သင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း။

လူငယ်ရေးရာမူဝါဒကို ၂၀၁၈ ခုနှစ်က နိုင်ငံတော်မှ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ လူငယ်ရေးရာမူဝါဒတွင် ကဏ္ဍကြီး ၁၆ ရပ်ရှိပါကြောင်း၊ မဟာဗျူဟာလည်း ချမှတ်ထားပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်များလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ကဏ္ဍကြီး ၁၆ ရပ်မှ ဦးစားပေးကဏ္ဍများ ရွေးချယ်ပြီး လူငယ်များက ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးရေးရာကဏ္ဍတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းကော်မတီတွင် အမျိုးသမီးရေးရာလုပ်ငန်းများ ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနအားလုံးပါဝင်ပါကြောင်း၊ ထို့ပြင် အမျိုးသမီးရေးရာ လုပ်ငန်းများကို မူဝါဒများချမှတ်ပြီး ယင်းမူဝါဒများနှင့်အညီ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းတွင် အလျင်အမြန် ပြန်လည်ထူထောင်နိုင်ရန် အစိုးရအနေဖြင့် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး လိုအပ်ချက်များကို အလျင်အမြန် တုံ့ပြန်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရာ ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးခဲ့သည့် စိုက်ပျိုးမြေများ ပြန်လည်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးခြင်းနှင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဘာသာရေးအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းအတွက် ငွေကျပ် ၂ ဘီလီယံကျော် သုံးစွဲခဲ့ပါကြောင်း။

ဘက်စုံသုံး သဘာဝဘေးဒဏ်ခံ အဆောက်အအုံ

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတွင် အလျင်အမြန် တုံ့ပြန်နိုင်ခဲ့ပြီး ကြိုတင်ပြင်ဆင်မှုအပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ၂၀၁၈ ခုနှစ်၌ ဘက်စုံသုံးသဘာဝဘေးဒဏ်ခံ အဆောက်အအုံ ၁၀၂ လုံး ဆောက်လုပ်ပေးနိုင်ခဲ့ပြီး စုစုပေါင်း ဘက်စုံသုံး သဘာဝဘေးဒဏ်ခံ အဆောက်အအုံ အလုံးပေါင်း ၂၂၀ ဆောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ လေပြင်းဘေး ကြိုတင်ကာကွယ်ရေးအတွက် ဘေးဒဏ်ခံနိုင်ရည်စွမ်းအား နည်းပါးသည့် နေအိမ်များကို ရွေးချယ်ပြီး မွမ်းမံပြင်ဆင် အားဖြည့်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သဘာဝဘေးအန္တရာယ် အသိပညာပေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး ဇာတ်တိုက်လေ့ကျင့်မှုများကိုလည်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုဆိုင်ရာ သတင်းအချက်အလက်များကို လျင်လျင်မြန်မြန် ရရှိစေရန်နှင့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ပြည်သူ့အသံကို တိုက်ရိုက်ကြားသိနိုင်ရန် Hot Line ဖုန်းများထားရှိခြင်း၊ သတင်းအချက်အလက်များ ပေးပို့နိုင်ရန်နှင့် ရယူနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မိုဘိုင်းတယ်လီဖုန်းဆိုင်များတွင် ပြည်သူများ သိရှိနိုင်ရန် Software များ ထည့်သွင်းပေးရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သောက်သုံးရေရှားပါးမှုများနှင့် ကြုံတွေ့နေရသည့် ဒေသများတွင် ပြည်သူများ တင်ပြချက်အပေါ်မူတည်ပြီး သောက်သုံးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

မသန်စွမ်းများအတွက် ဆောင်ရွက်ပေးနိုင်

ပြန်လည်ထူထောင်ရေး ဦးစီးဌာန အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ IDP စခန်းများ ပိတ်သိမ်းလိုက်ပါက ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်သည် မသန်စွမ်းနှစ်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းပြီး မသန်စွမ်းများအတွက် များစွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ မသန်စွမ်းသူများနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီနှင့် မဟာဗျူဟာများလည်း ရှိပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မသန်စွမ်းသူများ တိုးတက်ရေးအတွက် ရေရှည်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

မသန်စွမ်းသူများအတွက် ကနဦးပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ယခင်က ဆောင်ရွက်မှုအားနည်းသည့် စခန်းများကို စနစ်တကျဖြင့် ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက လွှဲပြောင်းပေးသည့် ဝက်ထီးကန်စခန်းနှင့် ဖယ်ခုံစခန်းတို့ကိုလည်း အရှိန်အဟုန်ဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးစွဲနေသူများ ဆေးဖြတ်ပြီး ပြန်လည်ထူထောင်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးစွဲနေသူများ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် စခန်းအခြေပြု၊ ရပ်ရွာအခြေပြု၊ စခန်းနှင့် ရပ်ရွာအခြေပြု နည်းလမ်းများဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ၄၅ ရက်မှ ၃ လအထိ တိုးမြှင့်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

လူကုန်ကူးမှုခံရသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိုင်း၊ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ဖားကန့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲတွင် သတင်းရယူနေသည့် မီဒီယာများကို တွေ့ရစဉ်။

တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့များလည်း ပါဝင်ပါကြောင်း။

ကွန်ရက်များဖွဲ့စည်း

ယင်းတို့တွင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ ကျားမရေးရာတန်းတူညီမျှရေးကွန်ရက်၊ အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်များ ထည့်သွင်းဖွဲ့စည်းခဲ့ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနသည် သဘာဝဘေးအန္တရာယ်များ၊ လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး အလျင်အမြန် တုံ့ပြန်ခြင်း၊ ထိထိရောက်ရောက် ဆောင်ရွက်ခြင်း၊ အလျင်အမြန် ပြန်လည်ထူထောင်ခြင်း စသည့်ထောက်ပံ့ခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ၁၁ ခုတွင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နုတ်ထွက်ခွင့်ရရှိခဲ့သည့် ကလေးစစ်သားများနှင့် ပတ်သက်၍ ၁၅၇၉ ဦးကို တစ်ဦးလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် ကနဦးထောက်ပံ့ပေးပြီး စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရန်၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရန် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ပဋိပက္ခများအတွင်း ကျရောက်လျက်ရှိသည့် ကလေးငယ်များကို ကာကွယ်ပေးရန်နှင့် လိင်ပိုင်းဆိုင်ရာ ကျူးကျော်မှုများ မဖြစ်စေရန် ကော်မတီဖွဲ့စည်းပြီးဖြစ်ပါကြောင်း။

မူးယစ်ဆေးဖြတ်ပြီး ပြန်လည်ထူထောင်နိုင်ရန်

မူးယစ်ဆေးဝါး ဖြတ်ပြီးသူများ အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လူမှုအသိုက်အဝန်းနှစ်ခု သဟဇာတဖြစ်ရန်

ရခိုင်ပြည်နယ် အရေးကိစ္စနှင့် ပတ်သက်၍ အရေးကြီးဆုံးသည် လူမှုအသိုက်အဝန်းနှစ်ခု သဟဇာတဖြစ်ရန် လိုအပ်ပြီး ယင်းကို ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒုတိယအချက်သည် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လျှင် သဟဇာတ အလိုအလျောက်ဖြစ်ထွန်းလာမည်ဖြစ်သည့်အတွက် အစိုးရသစ်လက်ထက်တွင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလတ်တလောတွင် တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသူများ ပြန်လည်ဝင်ရောက်လာရေးအတွက် ဆောင်ရွက်ထားရှိရာ မိမိတို့နိုင်ငံအနေဖြင့် အဆင်သင့်ဖြစ်နေပြီဖြစ်ပါကြောင်း၊ *စာမျက်နှာ ၁၀ သို့*

“သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုဆိုင်ရာ သတင်းအချက်အလက်များကို လျင်လျင်မြန်မြန် ရရှိစေရန်နှင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ပြည်သူ့အသံကို တိုက်ရိုက် ကြားသိနိုင်ရန် Hot Line ဖုန်းများထားရှိခြင်း၊ သတင်းအချက်အလက်များ ပေးပို့နိုင်ရန်နှင့် ရယူနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မိုဘိုင်းတယ်လီဖုန်းဆိုင်များတွင် ပြည်သူများ သိရှိနိုင်ရန် Software များထည့်သွင်းပေးရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိ”

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက် ၂၀၁၄-၂၀၂၀ ကို အချိန်တိုအတွင်း အောင်မြင်မှုရရှိရန် အစီအမံ(၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ ၉ မှ

တရားဝင် ပြန်လည်ဝင်ရောက်လာရေး အတွက်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် ပြန်လည်လက်ခံရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး နိုင်ငံတကာသို့ အသိပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဦးစီးဌာန ခုနစ်ခု၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း ရှစ်ခု၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ကျောင်းတစ်ကျောင်း၊ ကောလိပ် တစ်ခု၊ တက္ကသိုလ် တစ်ခု အပါအဝင် စုစုပေါင်း ဌာန၊ အဖွဲ့အစည်း ၁၈ ခုဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာ အမျိုးသားလေကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတို့သည် ပြည်ထောင်စုဘတ်ဂျက်ပြင်ပမှ ဆောင်ရွက်သည့် စီးပွားရေးအဖွဲ့အစည်းများဖြစ်ကြောင်း။

ရထားပို့ဆောင်ရေး ကဏ္ဍတွင် အမြန်ရထား ၃၉ စင်း၊ စာပို့ရထား ၅၃ စင်း၊ လူစီးကုန်တင်ရထား ၄၇ စင်း၊ မြို့ပတ်နှင့် ဆင်ခြေဖုံးရထား ၂၂၀ စင်း ပြေးဆွဲလျက်ရှိပြီး လိုအပ်သော စက်ခေါင်းနှင့်တွဲများ အသစ်ဝယ်ယူဖြည့်တင်းလျက်ရှိသကဲ့သို့ အရေးပါသော ရထားလမ်းပိုင်းများ၏ အဆင့်မြှင့်တင်မှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေး

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း ၅၉ မိုင်ကို ဂျပန်ချေးငွေ အမေရိကန်ဒေါ်လာ ၂၀၇ သန်းနှင့် ပြည်ထောင်စုဘတ်ဂျက် ငွေကျပ် ၅၄ ဘီလီယံတို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ချေးငွေဖြင့် အချက်ပြစနစ်နှင့် DEMU တွဲများ ဝယ်ယူဖြည့်တင်းပြီး မြို့ပြလုပ်ငန်းများကို ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း ၅၉ မိုင်တွင် မြို့ပတ်ရထားလမ်း တစ်လျှောက် ရေမြောင်းများ ပြုလုပ်ခြင်း၊ ဘူတာပလက်ဖောင်းများ မြှင့်တင်ခြင်း၊ သံလမ်းအဆင့်မြှင့် ပြုပြင်ခြင်း၊ မြို့ပတ်ရထားလမ်း PC Girder လဲလှယ်ထားသော တံတားများ၏ အောက်ခြေအပိုင်း အဆင့်မြှင့် ပြုပြင်ခြင်း၊ သံလမ်းတိုင်နှင့် သံဆန်ခါခြံစည်းရိုးကာရံခြင်း၊ အုတ်ခြံစည်းရိုးကာရံခြင်း၊ လမ်းခင်းကျောက်များ ဝယ်ယူဖြည့်တင်းခြင်း၊ သံမဏိတံတားပေါင်များနေရာတွင် PC Concrete တံတားပေါင်များဖြင့် အစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ကားလမ်းကူးနေရာများနှင့် ဘူတာအများစု၌ လူကူးခုံးကျော်တံတား ၃၅ စင်း လိုအပ်သဖြင့် ဆောင်ရွက်ခဲ့ရာ တည်ဆောက်ပြီး သုံးခု၊ တည်ဆောက်ဆဲ သုံးခုနှင့် ကျန် ၂၉ ခုဖြစ်ပြီး ကားလမ်းကူးများ အဆင့်မြှင့်တင်ခြင်းအနေဖြင့် ဆောင်ရွက်ပြီး ငါးခု၊ ဆောင်ရွက်ဆဲ ၁၃ ခု ဆောင်ရွက်ရန် ကျန် ခုနစ်ခု ဖြစ်ပါကြောင်း။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးဝင်းခန့်

ရန်ကုန်-မန္တလေး ရထားလမ်းစီမံကိန်း

ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း ၃၈၅ မိုင်ကို ဂျပန်နိုင်ငံ၏ ချေးငွေ အမေရိကန်ဒေါ်လာ ၂၁၁၅ သန်း၊ နိုင်ငံတော်ကျခံငွေ အမေရိကန်ဒေါ်လာ ၄၆၈ ဒသမ ၉၅၂ သန်းဖြင့် အဆင့် နှစ်ဆင့်ခွဲ၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အဆင့်(၁) ရန်ကုန်-တောင်ငူ ၁၆၆ မိုင်၊ အဆင့်(၂) တောင်ငူ-မန္တလေး ၂၁၉ မိုင်ဖြစ်ပြီး မြန်မာဘက်မှ ဆောင်ရွက်ရမည့် - လမ်းခင်းကျောက်များ စုဆောင်းခြင်း ၁၄၁၁၇၉ ကျင်း၊ ကွန်ကရစ် ဇလီဖားဝ ၁၆၅၄၈ တုံး ထုတ်လုပ်ခြင်းများ ဆောင်ရွက်ပြီး အုတ်ခြံစည်းရိုး ကာရံခြင်း ပေ ၁၄၅၅၀ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ပဲခူး - မော်လမြိုင် ရထားလမ်း အကြီးစားပြင်ဆင်ခြင်း ၁၂၉ မိုင်တွင် ကိုးချောင်းဆက် သံလမ်း ဂဟေဆက်ခြင်း လုပ်ငန်း ၁၂၉ မိုင် ဆောင်ရွက်ပြီး လမ်းခင်းကျောက်ဖြည့် ပက်ကင်ရိုက်ခြင်း မိုင် ၈၀ ပြီးစီးပြီဖြစ်၍ ၄၉ မိုင် ကျန်ရှိပါကြောင်း။

မန္တလေး - မြစ်ကြီးနား ရထားလမ်း အကြီးစားပြင်ဆင်ခြင်း မိုင် ၃၄၀ တွင် ရထားလမ်းခုန်၊ ဆောင့်၊ လူးများ မဖြစ်ပေါ်စေရေး၊ စက်ခေါင်း/တွဲများ ချို့ယွင်းမှု လျော့နည်းရေးတို့အတွက် ကိုးချောင်းဆက် သံလမ်းဂဟေဆက်ခြင်းလုပ်ငန်းနှင့် စက်ကြီးဖြင့် ပက်ကင်ရိုက်ခြင်းလုပ်ငန်းကို မန္တလေး-မြစ်ကြီးနား လမ်းပိုင်းတွင် ၈၅ မိုင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ချေးငွေ ကန်ဒေါ်လာသန်း ၁၀၀ ရယူနိုင်ရေး

ရထားလမ်းပိုင်း၏ မတ်စောက်သော ဆင်ခြေလျှောနှင့် ကွေ့များအား လျှော့ချနိုင်ရန်အတွက် အဓိကလမ်းပိုင်းများဖြစ်သည့် ဂျိုးထောင်-မဲဇာ ၂၄ မိုင်နှင့် မော်ဟန်-ကာဒူ ၁၀ မိုင်အား အဆင့်မြှင့်တင်ရန် ကိုရီးယားနိုင်ငံ၏ အကူအညီဖြင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများ ဆောင်ရွက်ခဲ့ရာ အပြီးသတ်အစီရင်ခံစာအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ပေးပို့လာသဖြင့် ချေးငွေ အမေရိကန် ဒေါ်လာသန်း ၁၀၀ ရယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန် - ပြည် ရထားလမ်း အကြီးစားပြင်ဆင်ခြင်း ၁၆၆ မိုင်တွင် တံတားပေါင်း ၄၄၇ စင်းအား တိုင်းတာစစ်ဆေးပြီး 120 km ပြေးဆွဲနိုင်ရန်နှင့် 20 ton Axle Load ရရှိရန် လေ့လာတွက်ချက်ပြီး ဖြစ်ပါကြောင်း၊ ချေးငွေ စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ရရှိရေး ADB နှင့် အကြိုညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးရေး လုပ်ငန်းများအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံ EDCF ချေးငွေ အမေရိကန်ဒေါ်လာ ၄၅ သန်းဖြင့် လူစီးတွဲသစ် ၁၀၀ ဝယ်ယူရန်အတွက် ချေးငွေစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး တွဲဝယ်ယူရေးအတွက် Tender အောင်မြင်သည့် DAWON-SYS ကုမ္ပဏီဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ကာ Design Meeting များကို မြစ်ငယ်တွဲပြင်စက်ရုံ၌ ပြုလုပ်လျက်ရှိပြီး တွဲသစ်များကို ၂၀၂၀ ခုနှစ်အတွင်း အပြီးရောက်ရှိ တပ်ဆင်/တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

တရုတ်နိုင်ငံ အတိုးမဲ့ချေးငွေ ယွမ်သန်း ၈၀ ဖြင့် လူစီးတွဲ ၂၈ တွဲ ဝယ်ယူရန် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အရ နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်ခဲ့ရာ Exchange Letter ကို မတ် ၁၄ ရက်တွင် လက်မှတ်ရေးထိုးပြီး နှစ်နှစ်အတွင်း တွဲများရရှိမည်ဖြစ်ပါကြောင်း။

ရွာသာကြီးကုန်းတွင်းဆိပ်အား ဖွင့်လှစ်

Dry Port စီမံကိန်း တင်ဒါအောင်မြင်သော Kerry Logistics Co.,Ltd. နှင့် Resource Group Logistics Co.,Ltd. တို့သည် မြန်မာ့မီးရထားနှင့် ပူးပေါင်း၍ BOT စနစ်ဖြင့် ရွာသာကြီးကုန်းတွင်းဆိပ်အား ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၈ ရက်နှင့် မြစ်ငယ်ကုန်းတွင်းဆိပ်အား ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ဖွင့်လှစ်ခဲ့ပါကြောင်း။

Dry Port ဖွင့်ပြီးသည်မှစ၍ ကုန်သေတ္တာတင် ရထားခရီးစဉ်များကို ရန်ကုန်-မန္တလေးအကြား တစ်ပတ်လျှင် ပျမ်းမျှ အစုန်/အဆန် နှစ်ခေါက်စီ ပြေးဆွဲလျက်ရှိရာ ယနေ့အချိန်ထိ အစုန်/အဆန် ၆၉ ခေါက်စီ ပြေးဆွဲခဲ့ပြီး ကုန်သေတ္တာ ၃၀၁၇ လုံး၊ တန်ချိန် ၅၃၇၈၆ တန် ပို့ဆောင်ပေးနိုင်ခဲ့ပါကြောင်း။

ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက် ၂၀၁၄-၂၀၂၀ ကို အချိန်တိုအတွင်း အောင်မြင်မှုရရှိရန် Quick Win အစီအမံ (၅)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းတို့မှာ ယာဉ်မောင်းသူနှင့် ခရီးသည်များ Seat Belts ဝတ်ဆင်ရေး၊ အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်မောင်းနှင်ရေး၊ မူးယစ်သောက်စားမောင်းနှင်ခြင်း မရှိစေရေး၊ ယာဉ်မောင်းစဉ် လက်ကိုင်ဖုန်း အသုံးမပြုရေး၊ အမြန်နှုန်းသတ်မှတ်ချက်ထက် ကျော်လွန်မောင်းနှင်မှု မရှိစေရေးတို့ ဖြစ်ပါကြောင်း။

မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်း အနေဖြင့် ၂၀၁၆ ခုနှစ် မတ်လတွင် ယာဉ်စီးရေ ၅ ဒသမ ၅ သန်းရှိရာမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်အထိ ၇ ဒသမ ၂ သန်း တိုးတက်မှတ်ပုံတင်ပေးနိုင်ခဲ့ပါကြောင်း။

လေကြောင်းပို့ဆောင်ရေး

လေကြောင်းပို့ဆောင်ရေး ကဏ္ဍတွင် ဟဲဟိုး၊ မော်လမြိုင်၊ ကော့သောင်း လေဆိပ်များအား PPP အစီအစဉ်ဖြင့် အကောင်အထည်ဖော်ရန် တင်ဒါခေါ်ယူရွေးချယ်ခဲ့ပြီး စာချုပ်ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မူဆယ်လေဆိပ်သစ် တည်ဆောက်ရန်အတွက် တင်ဒါခေါ်ယူထားပြီး ပဏာမအရည်အချင်းအောင်မြင်သော ကုမ္ပဏီခြောက်ခု၏ အမည်စာရင်းအား နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့ပါကြောင်း။

နိုင်ငံတော်ဘတ်ဂျက်ဖြင့် ချင်းပြည်နယ် ဖလမ်းတွင် ATR - 72 လေယာဉ်များ ဆင်း/တက် အသုံးပြုနိုင်သည့် လေဆိပ်အား ၂၀၁၅-၂၀၁၆ ခုနှစ်မှ စတင်၍ တည်ဆောက်လျက်ရှိရာ (၅၀ ရာခိုင်နှုန်း)ပြီးစီးပြီဖြစ်ပါကြောင်း၊ ၂၀၂၀ ခုနှစ် စက်တင်ဘာလမတိုင်မီ လေယာဉ်ဆင်း/တက် အသုံးပြုနိုင်ရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း။

ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်အား ဂျပန်နိုင်ငံ၏ ချေးငွေအကူအညီဖြင့် တည်ဆောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် ပြည်တွင်းလေဆိပ်များသို့ ပြည်တွင်း/ပြည်ပ ခရီးသည် ဝင်/ထွက်မှုမှာ ၂၀၁၆ ခုနှစ်တွင် ခရီးသည် စုစုပေါင်း ၉ ဒသမ ၂၆ သန်း၊ ၂၀၁၇ ခုနှစ်တွင် ၁၀ ဒသမ ၁၂ သန်းနှင့် ၂၀၁၈ ခုနှစ်တွင် ၉ ဒသမ ၉၁ သန်း ဖြစ်ပါကြောင်း။

နိုင်ငံခြားငွေယိုစီးမှုကို လျှော့ချနိုင်

မြန်မာ အမျိုးသားလေကြောင်း အနေဖြင့် ၂၀၁၆ ခုနှစ်တွင် Boeing လေယာဉ် သုံးစင်း၊ Embraer နှစ်စင်း၊ ATR ငါးစင်း၊ Caravan လေးစင်း၊ Beech Craft နှစ်စင်း စုစုပေါင်း ၁၆ စင်းရှိခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လအထိ Boeing လေယာဉ် လေးစင်း၊ Embraer နှစ်စင်း၊ ATR ကိုးစင်း၊ Caravan နှစ်စင်း စုစုပေါင်း ၁၇ စင်း ရှိလာပြီး စီးပွားရေးအရ ပိုမိုတွက်ခြေကိုက်စေရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ATR လေယာဉ် အကြီးစားပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံစီမံကိန်းအား ၂၀၁၆ ခုနှစ် ဧပြီလမှ စတင်ဆောင်ရွက်နိုင်ခဲ့ရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် European Aviation Safety Agency (EASA) ၏ အသိအမှတ်ပြုလက်မှတ် (Maintenance Organization Approval Certificate) ရရှိခဲ့ပြီး ပြည်တွင်းရှိ ATR လေယာဉ်များအား ကုန်ကျစရိတ်သက်သာစွာ ပြင်ဆင်ပေးနိုင်သဖြင့် နိုင်ငံခြားငွေယိုစီးမှုကို လျှော့ချနိုင်ခဲ့ပါကြောင်း။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်း

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရေလမ်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုမှာ ရေလမ်းကောင်းမွန်ရေးတွင် ၁၈ ခုနှင့် ကမ်းပြိုကာကွယ်ရေးတွင် ၂၀၄ ခု ဆောင်ရွက်ခဲ့ပါကြောင်း၊ နယ်စပ်မြစ်များ ထိန်းသိမ်းကာကွယ်ခြင်း အပိုင်းတွင် မြန်မာ-ထိုင်းနယ်နိမိတ် ရွှေတြိဂံဒေသ၊ ဝမ်ပုံဆိပ်ကမ်း၊ မြန်မာ-တရုတ် နယ်စပ်ဒေသများ၌ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် မြေထိန်းနံရံ အလျား(ပေ) ၇၁၄၅ ပေ ဆောင်ရွက်ခဲ့ပါကြောင်း။

ရေကြီးရေလျှံ လျှော့ပါးရေးအတွက် သံလွင်မြစ်၊ ဘီးလင်းမြစ်၊ ပဲခူးမြစ်၊ စစ်တောင်းမြစ်၊ ဒေါင်းမြူးချောင်း၊ တနင်္သာရီမြစ်တို့တွင် ရေကြီးရေလျှံ လျှော့ပါးရေးအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ် ၁၁၅ ခုအနက် ယခုဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်း ၁၁ ခု ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်း အလျားသည် ၁၃၈၅ မိုင်ရှည်လျားပါကြောင်း၊ ကမ်းရိုးတန်းတစ်လျှောက် ဆိပ်ကမ်း ကိုးခုရှိပြီး ရန်ကုန်ဆိပ်ကမ်းသည် အဓိက ဆိပ်ကမ်းဖြစ်ကာ နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ရေကြောင်းကုန်သွယ်မှုပမာဏ၏ ၉၀ ရာခိုင်နှုန်းကျော်ကို ကိုင်တွယ်လျက်ရှိပါကြောင်း။

ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုတွင် ယခင်က ရန်ကုန်ဆိပ်ကမ်း၏ ရန်ကုန်ရေိယာနှင့် သီလဝါရေိယာတို့တွင် အပြည်ပြည်ဆိုင်ရာ ရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား ယခင်က ၃၃ စင်းရှိပြီး (၃)နှစ်တာကာလအတွင်း ဆိပ်ကမ်းတံတား ရှစ်စင်း တည်ဆောက်ပြီးစီးခဲ့သဖြင့် ယခုအခါ ဆိပ်ခံတံတား ၄၁ စင်း ရှိလာ

ဆိပ်ခံတံတား ၄၁ စင်း ရှိလာ

ရန်ကုန်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုတွင် ယခင်က ရန်ကုန်ဆိပ်ကမ်း၏ ရန်ကုန်ရေိယာနှင့် သီလဝါရေိယာတို့တွင် အပြည်ပြည်ဆိုင်ရာ ရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား ယခင်က ၃၃ စင်းရှိပြီး (၃)နှစ်တာကာလအတွင်း ဆိပ်ကမ်းတံတား ရှစ်စင်း တည်ဆောက်ပြီးစီးခဲ့သဖြင့် ယခုအခါ ဆိပ်ခံတံတား ၄၁ စင်း ရှိလာပြီဖြစ်ပါကြောင်း။

မြန်မာ့ဆိပ်ကမ်း အာဏာပိုင် လုပ်ငန်း ဆောင်ရွက်နိုင်မှုအနေဖြင့် ၂၀၁၆- ၂၀၁၇ ခုနှစ်တွင် TEU ၁၀၅၇၈၈၈၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် TEU ၁၀၄၃၄၆၉၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် TEU ၁၁၁၉၀၁၃ ထိ ကိုင်တွယ်ခဲ့ရာ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လအထိ (၃)နှစ်အတွင်း ကုန်သေတ္တာ ၃၂၂၀၃၇၀ လုံး၊ ကုန်တန်ချိန်အနေဖြင့် ၃၆၃၆၄၆၉၄ ကိုင်တွယ်ခဲ့ပါကြောင်း။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများကြောင့် ၂၀၁၄ ခုနှစ်မှစ၍ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများစွာ ဝင်ရောက်လာခဲ့ပြီး ၂၀၁၆ ခုနှစ် လူဦးရေ ၅၁ ဒသမ ၄၈၆ သန်းတွင် တယ်လီဖုန်းသိပ်သည်းဆ ၈၆ ဒသမ ၂၀ ရာခိုင်နှုန်း ရှိခဲ့ရာမှ ယခုအခါ လူဦးရေ ၅၄ ဒသမ ၀၇၄ သန်းတွင် တယ်လီဖုန်းသိပ်သည်းဆ ၉၉ ဒသမ ၅၇ ရာခိုင်နှုန်း ရှိပြီဖြစ်ပါကြောင်း၊ အင်တာနက်သုံးစွဲသူအနေဖြင့် ၂၀၁၆ ခုနှစ်တွင် လူဦးရေ၏ ၅၅ ဒသမ ၄၁ရာခိုင်နှုန်း ရှိခဲ့ရာမှ ယခုအခါ ၈၂ ဒသမ ၅၆ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါကြောင်း။

e-Government ဖွံ့ဖြိုးရေး လုပ်ငန်းများအနေဖြင့် ဌာန/အဖွဲ့အစည်း အသီးသီး၏ ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်များအား ပြည်သူများ လွယ်ကူစွာ ရယူအသုံးပြုနိုင်ရန် Myanmar National Portal အား ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် စတင်လွှင့်တင်နိုင်ခဲ့ပြီး ပြည်သူအများ ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဌာန/အဖွဲ့အစည်း အသီးသီး၏ Server များအား Co-location ထားရှိနိုင်ရန် အဆင့်(၂) (Tier 2 အဆင့်ရှိ) Data Center တစ်ခုအား နေပြည်တော်၌ ၂၀၁၇ ခုနှစ်တွင် တည်ဆောက်ခဲ့ပါကြောင်း။

နိုင်ငံတကာအဆင့်မီ အဆင့်(၃) (Tier 3 အဆင့်ရှိ) e-Government Integrated Data Center (eGIDC) ကို ကိုရီးယားသမ္မတနိုင်ငံ ချေးငွေ အမေရိကန်ဒေါ်လာ ၉၃ သန်းဖြင့် တည်ဆောက်ရန် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အား ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ရရှိခဲ့ပြီး ကိုရီးယားနိုင်ငံသို့ Loan Pledge Acceptance Letter ပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ် ဆန်းပိုင်းတွင် စတင်အသုံးပြုနိုင်ရန် ရန်မှန်းထားပါကြောင်း။

မြန်မာဂြိုဟ်တုစနစ် တည်ထောင်ရေး

e-Government ဖွံ့ဖြိုးရေး လုပ်ငန်းများအနေဖြင့် မြန်မာဂြိုဟ်တုစနစ် တည်ထောင်ရေး ပထမအဆင့် Condosat စနစ်အတွက် Myanmar Sat 1 Condosat ဂြိုဟ်တုကို Intelsat Satellite Operator ထံမှ ဂြိုဟ်တုချန်နယ် ၃၆၀ မဂ္ဂါဟတ်ဇ်ကို ၂၀၁၆ ခုနှစ်မှစ၍ (၅)နှစ်စာချုပ်ချုပ်ဆို ငှားရမ်းခဲ့ပါကြောင်း၊ ဒုတိယအဆင့် အချိုးကျပိုင်ဆိုင်မှုစနစ် ဆောင်ရွက်ရန် Intelsat Satellite Operator က ၂၀၁၉ ခုနှစ် သြဂုတ်လတွင် လွှတ်တင်မည့် ဂြိုဟ်တု၌ IRU (Indefeasible Right of Use) ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်၍ Myanmar Sat 2 အဖြစ် ပါဝင်ကာ ဂြိုဟ်တုချန်နယ် ၈၆၄ မဂ္ဂါဟတ်ဇ်ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှစ၍ ဂြိုဟ်တုသက်တမ်းကုန်သည်အထိ ၁၅ နှစ် အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာဂြိုဟ်တုစနစ်၏ တတိယအဆင့်ဖြစ်သည့် ကိုယ်ပိုင်ဂြိုဟ်တု Earth Observation Satellite (EOS) လွှတ်တင်နိုင်ရန်လည်း ဂျပန်နိုင်ငံ ဟော်ကိုင်းဒိုးတက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်တို့ဖြင့် ပူးပေါင်းဆွေးနွေးခဲ့ပြီး လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

မိုးလေဝသနှင့် ဇလဗေဒကဏ္ဍတွင် မုန်တိုင်းများ၏ တည်နေရာ၊ ပြင်းအားနှင့် ရွေ့လျားမှုလမ်းကြောင်းများကို အချိန်နှင့် တစ်ပြေးညီ ထောက်လှမ်း၍ သတိပေးချက်များ အခါမလပ် ထုတ်ပြန်နိုင်ရန် မိုးလေဝသရေဒါ သုံးလုံးကို ကျောက်ဖြူ၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် (၂၀၁၅၊ ၂၀၁၆၊ ၂၀၁၈) နှစ်များတွင် တပ်ဆင်ခဲ့ပြီး မုန်တိုင်းဖြစ်ပေါ်မှုများကို ၁၅ မိနစ်လျှင် တစ်ကြိမ် ရှာဖွေထောက်လှမ်းလျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ရန် ထားဝယ်မြို့တွင် မိုးလေဝသရေဒါ တစ်လုံး ထပ်မံတင်ဆင်နိုင်ရေး ဂျပန်နိုင်ငံဖြင့် ညှိနှိုင်းလျက်ရှိပါကြောင်း၊ နိုင်ငံတစ်ဝန်း ၂၀၁၅-၂၀၁၆ ခုနှစ်အထိ မိုးလေဝသ၊ ဇလဗေဒ၊ မြေငလျင်စခန်း စုစုပေါင်း ၁၈၈ ခုရှိသည့် အနက် (၃)နှစ်တာကာလ အတွင်း မိုးလေဝသစခန်း နှစ်ခု၊ ဇလဗေဒ စခန်း နှစ်ခု၊ မြေငလျင်စခန်း ငါးခု တိုးချဲ့ဖွင့်လှစ်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်

ယင်းနောက် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က ပြည်သူ့အတွက် တတိယ (၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနအနေဖြင့် တတိယ(၁)နှစ်တာကာလအတွင်း ချမှတ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအစီအမံများမှာ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ပြုလုပ်ပြီး ထုတ်ကုန် အရည်အသွေး တိုးတက်ကောင်းမွန်ရေး၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ အရောင်းမြှင့်တင်ရေး၊ နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) ပိုမိုမြှင့်တင်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်အရ ရွေ့လျားအသက်မွေးပညာသင်တန်းများကို ဒေသအရောက်သွားရောက်ဖွင့်လှစ်ခြင်းဖြင့် စက်မှုဆိုင်ရာ ကျွမ်းကျင်လုပ်သားများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ရေး၊ လယ်ယာသုံး စက်ပစ္စည်းများနှင့် ယာဉ်၊ ယန္တရားများကို ပြည်သူများ စိတ်ချလုံခြုံစွာ ဘေးကင်းစွာ အသုံးပြုနိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး စနစ်တကျစစ်ဆေးဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်နိုင်ရေးတို့ ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် စက်မှုဝန်ကြီးဌာနရှိ စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းမှ လိုအပ်သော စက်မှုကျွမ်းကျင်လုပ်သားများကို နှစ်စဉ် လေ့ကျင့်သင်ကြားပေးလျက်ရှိရာ စက်မှုသင်တန်းကျောင်းများတွင် (Mobile Vocational Training Unit) များ ဖွဲ့စည်းထားပြီး "စက်မှုနှင့်အသက်မွေးပညာ ရွေ့လျားသင်တန်း" အစီအစဉ်ဖြင့် ကျေးလက်ဒေသရှိ လူငယ်များနှင့် စက်မှုဇုန်များရှိ လုပ်သားများအတွက် စက်မှုနှင့် အသက်မွေးပညာ ရက်တိုသင်တန်းများကို ဖွင့်လှစ်သင်ကြားခြင်းနှင့် Mobile Vocational Training Truck(Automobile)၊ (Electrical) နှင့် (Welding) ဘာသာရပ်သင် ရွေ့လျားမော်တော်ယာဉ် သုံးစီးဖြင့် ဒေသအသီးသီးတွင် သင်တန်း(၂၅)ကြိမ် ဖွင့်လှစ်၍ သင်တန်းသား (၁၂၄၂)ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

ထို့အပြင် အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)တွင် ဂျပန်ဘာသာစကား တစ်နှစ်သင်တန်းကို ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသား ၁၉၈ ဦး တက်ရောက် အောင်မြင်ခဲ့ပြီး သင်တန်းဆင်း ၄၀ ကို ဂျပန်နိုင်ငံသို့ စေလွှတ်နိုင်ခဲ့ပါကြောင်း။

စက်မှုကျွမ်းကျင် လုပ်သားများ မွေးထုတ်ပေးလျက်ရှိသော စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းရှိသော်လည်း တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိစေရေးအတွက် အိန္ဒိယနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် သထုံမြို့နှင့် မုံရွာမြို့တို့တွင် သင်တန်းကျောင်းနှစ်ကျောင်း ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။ ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအထောက်အပံ့ဖြင့် အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)ကို အဆင့်မြှင့်တင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

တီထွင်စမ်းသပ်ထုတ်လုပ်နိုင်

ဆေးဝါးကဏ္ဍတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဆေးဝါး ၁၅ မျိုးနှင့် ဆေးဝါးစက်ရုံ (အင်ရောင်း)မှ ဆေးဝါးငါးမျိုး စုစုပေါင်း ဆေးဝါး ၂၀ ကို တီထွင်စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပါကြောင်း။

တတိယ(၁)နှစ်တာ ကာလအတွင်း အရည်အသွေးကောင်းမွန်စိတ်ချရသည့် ဆေးဝါးများ တန်ဖိုးငွေကျပ် ၄၉ ဘီလီယံအထိ ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်တွင်း လိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းကျော် တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့သဖြင့် ပြည်ပမှ ဆေးဝါးတင်သွင်းမှု လျော့နည်းစေခဲ့ပါကြောင်း။

ဆေးဝါးစက်ရုံ (အင်းစိန်)တွင် လျှပ်စစ်မီးမရရှိသည့် ကျေးလက်ဒေသများ၌ သာမန်အခန်းအပူချိန်တွင် ဆေးသက်တမ်း(၅)နှစ်အထိ ထားရှိနိုင်သော အအေးခဲခြောက်ပုံစံဖြင့် မြွေဆိပ်ဖြေဆေးများကို သြစတြေးလျနိုင်ငံ၏ နည်းပညာပံ့ပိုးမှု အကူအညီဖြင့် မြွေဆိပ်ဖြေဆေး အအေးခဲခြောက်စနစ် (Freeze Dried form)ကို စီမံထုတ်လုပ်ကာ ကျေးလက်ဒေသများအထိ သယ်ဆောင်အသုံးပြုနိုင်သည့်အတွက် မြွေကိုက်လူနာများကို အချိန်နှင့်တစ်ပြေးညီ ကုသပေးနိုင်ပြီဖြစ်ပါကြောင်း။

စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်

ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထုတ်လုပ်နိုင်ရေးစီမံ

သွေးကြောသွင်းဆေးရည် (Saline) ၏ ပြည်တွင်းသုံးစွဲမှု အရေအတွက်သည် နှစ်စဉ် ၇၅ သန်းခန့် ရှိသော်လည်း စက်မှုဝန်ကြီးဌာနမှ (၅)သန်းခန့်သာ ထုတ်လုပ်နိုင်ခဲ့သဖြင့် ယခုအခါ ကမ္ဘာ့အဆင့်မီ သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေး လိုင်းအသစ်ကို ကျောက်ဆည်မြို့ရှိ ဆေးဝါးစက်ရုံ (အင်ရောင်း)တွင် တည်ဆောက်နိုင်ခဲ့ပြီး နှစ်စဉ် သွေးကြောသွင်းဆေးရည် ၁၅ သန်းခန့်ကို ပြည်တွင်းလိုအပ်ချက်၏ ရာခိုင်နှုန်း ၂၀ အထိ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်မည့်အပြင် ပြည်တွင်း၌ လိုအပ်ချက်မြင့်မားလျက်ရှိသော မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများကို ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ဆက်လက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ထုတ်ကုန်များ တိုးချဲ့မှုအပိုင်းတွင် ပြည်တွင်း၌ လိုအပ်နေသည့် ဈေးကွက်ဝင် အဆင့်မြင့် (၁/၄၀)ပေါင်းချည်များကို အိန္ဒိယနိုင်ငံ၏ နည်းပညာဖြင့် ပုဂ္ဂလိကနှင့် ပူးပေါင်း၍ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှ စတင်ထုတ်လုပ်ခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ချည်ပေါင် (၁၃ ဒသမ ၅) သိန်းကျော် ထုတ်လုပ်ရောင်းချနိုင်ခဲ့ပြီး ဈေးကွက်အတွင်း လူကြိုက်များသည့်အတွက် ပိုမိုထုတ်လုပ်နိုင်ရေးစီမံ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအတွက် ဆေးရုံသုံးပရိဘောဂပစ္စည်းအမျိုးမျိုး၊ ခွဲစိတ်ခန်းသုံး စတီးလ်ပစ္စည်းများ၊ ဆေးရုံသုံး လူနာတင်ယာဉ်သုံးပစ္စည်းများကို Medical Grade နှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာနှစ်အတွင်း အိမ်သုံးစတီးလ်ပစ္စည်းအမျိုးမျိုး၊ ရေဇလား၊ ရေခွက်၊ ဘုရားပန်းအိုး(၇"/၉")၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ 90 liter ရေပုံးများကို ဈေးကွက်လိုအပ်ချက်နှင့် အညီ တိုးချဲ့ထုတ်လုပ်လျက်ရှိပါကြောင်း။

Road Barrier များကိုလည်း ပုံစံ၊ အရွယ်အစား၊ အရောင် အမျိုးမျိုးတို့ကို နိုင်ငံတကာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ခဲ့ရာ နေပြည်တော်ရှိ အရေးကြီးကန့်သတ် နေရာများတွင် လက်တွေ့ချထား အသုံးပြုလျက်ရှိပါကြောင်း။

အထည်အလိပ်ကဏ္ဍတွင် အထည်စက်ရုံခွဲ(မြင်းခြံ)တွင် မူလထုတ်ကုန်ဖြစ်သော ပတ်တီးပိတ်ကို ဆေးရည်စိမ်ပတ်တီး၊ ပြည်တွင်းထွက်ကျောက်မှုန့် (Gypsum)နှင့် ပတ်တီး ပိတ်တို့ပေါင်းစပ်၍ ကျောက်ပတ်တီး (P.O.P Bandage) ထုတ်လုပ်နိုင်ရန် ဓာတ်ခွဲခန်းတွင် သုတေသနပြု စမ်းသပ်အောင်မြင်ပြီး စီးပွားဖြစ် ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

လူနာတင်ယာဉ် ဆက်လက်ထုတ်လုပ်

မော်တော်ယာဉ်ကဏ္ဍတွင် ၂၀၁၈ ခုနှစ်အတွင်း ပြည်တွင်းတပ်ဆင်ထုတ်လုပ်သည့် Ambulance များနှင့် ပြည်ပမှ တင်သွင်းလာမည့် Ambulance များ၏ အရည်အသွေးကို စစ်ဆေးအတည်ပြုမည့် မြန်မာနိုင်ငံ လူနာတင်ယာဉ် အရည်အသွေးသတ်မှတ်စစ်ဆေးရေးအဖွဲ့ (Commission on Accreditation of Ambulance, Myanmar - CAAM)ကို ဖွဲ့စည်းခြင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် အမှတ်(၁၅)အကြီးစား စက်ရုံ(သာဂရ) မှ Standard Type Ambulance ယာဉ် ၅၅ စီး ထုတ်လုပ်ပေးခဲ့ပြီး ဆက်လက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း သုံးစွဲသူစိတ်ကြိုက် Medical Equipment များ၊ Medical Grade Trimming Part များ တပ်ဆင်ထားသည့် လူနာတင်ယာဉ် New Model များကို ဆက်လက်ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် အခြားမြို့ကြီးများတွင် စက်မှုထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်း မှန်ကန်စွာ သုံးစွဲသူလက်ဝယ်အရောက် ပို့ဆောင်နိုင်ရေးအတွက် ဆိုင်ခန်းသဖွယ် ခင်းကျင်းပြသရောင်းချနိုင်သော Mobile Mart လေးစီးကို အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်ပြီး လှည့်လည်ရောင်းချခြင်းများ ဆောင်ရွက်နေပါကြောင်း။

စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်းများကို Mobile Vocational Vehicle နှစ်စီးဖြင့် နိုင်ငံတစ်ဝန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းများ ပိုမိုဖွင့်လှစ်နိုင်ရေးအတွက် လျှပ်စစ်၊ ဂဟေဆက်နှင့် မော်တော်ယာဉ် စက်ပြင် အထူးပြု Mobile Vocational Vehicle သုံးစီးကို ထပ်မံတည်ဆောက်တပ်ဆင်ပြီး လိုအပ်ချက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်၍ စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်းများကို လုပ်ငန်းခွင်မပျက် လေ့ကျင့်သင်ကြားပေးလျက်ရှိသလို Mobile Vocational Vehicle သုံးစီး ထပ်မံတီထွင်ထုတ်လုပ်ရန် စီမံဆောင်ရွက်နေပါကြောင်း။

စက်မှုဝန်ကြီးဌာန အနေဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်စေသည့် ကာဗွန်ထုတ်လုပ်မှု လုံးဝမရှိသော Modulo Brand Electric Bus များကို ဟန်ဂေရီနိုင်ငံ CSEPLE Holding Ltd. ၏ ဥရောပနည်းပညာဖြင့် Green Power Myanmar နှင့် ပူးပေါင်းပြီး အမှတ်(၁၄)အကြီးစား စက်ရုံ(သာဂရ)တွင် တပ်ဆင်ထုတ်လုပ်ရေး လုပ်ငန်းများအား နိုင်ငံတော်မှချမှတ်သည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အခြားတီထွင်မှုများ အနေဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး အစဉ်တင်တယ်သပွါယ်ရန် ရေရှည်တည်တံ့ခိုင်မြဲသော ရွှေစင်ရွှေပြားတို့ဖြင့် ကပ်လှူပူဇော်နိုင်ရေး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အကြံပြုချက်အရ စက်မှုဝန်ကြီးဌာနမှ ဒီဇိုင်းရေးဆွဲ ဆန်းသစ်တီထွင်၍ တစ်ပေပတ်လည် ရှိသော ရွှေသားစစ်စစ် ရွှေစင်ရွှေပြားများ ထုတ်လုပ်နိုင်မည့် နိုင်ငံတကာစံချိန် စံညွှန်းမီ ရွှေပြားကြိတ်စက်ခြောက်လုံးကို ထုတ်လုပ်နိုင်ခဲ့သည့်အပြင် ရွှေပြားကြိတ် စက်ရုံကိုလည်း ဒီဇိုင်းရေးဆွဲပြီး လေးလအတွင်း တည်ဆောက်နိုင်ခဲ့ပါကြောင်း။

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များအနေဖြင့် သီးနှံများ အလေအလွင့်မရှိ သိုလှောင်ထိန်းသိမ်းနိုင်ရေးအတွက် တန် ၃၅၀ ဆံ့ သီးနှံ(စပါး) သိုလှောင်နိုင်သည့် Silo တစ်ခုကို ရခိုင်ပြည်နယ် မောင်တောတွင် တည်ဆောက်တပ်ဆင်နိုင်ရေးအတွက် သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၅)နှင့် အမှတ်(၂၆) အကြီးစား စက်ရုံတို့တွင် ထုတ်လုပ်ကာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်တွင် Silo လည်ပတ်ခြင်းပြုလုပ်ပြီး Elevator ဖြင့် စပါးအိတ် ၂၀ တင်ခြင်း၊ စပါးထုတ်ခြင်းတို့ကို လက်တွေ့စမ်းသပ်ပြုလုပ်ပြသပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။

မူဝါဒနှင့်အညီ ဆောင်ရွက်

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် စက်မှုဝန်ကြီးဌာနမှ သိမ်းဆည်းထားသော မြေများအနက် နိုင်ငံတော်သို့ (၃၄၈၁ ဒသမ ၉၂)ဧက ပြန်လည်အပ်နှံရန် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီသို့ တင်ပြထားပြီး မြေဧက (၂၂၇၆ ဒသမ ၂၈၁) ဧကကို ကောလိတ္တွေ်အရာရှိထံ လွှဲပြောင်းအပ်နှံပြီးဖြစ်ပြီး ကျန်ရှိသော မြေ(၁၂၀၅ ဒသမ ၆၄)ဧကကို လွှဲပြောင်းအပ်နှံနိုင်ရေး နိုင်ငံတော်နှင့် မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် သတင်းမီဒီယာများက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် ကြိုတင်ပြင်ဆင်မှုများအတွက် ဘဏ္ဍာငွေသုံးစွဲမှု၊ ကမ်းရိုးတန်းဒေသများတွင် ဘေးဒဏ်ခံအဆောက်အဦ တည်ဆောက်ဖြည့်ဆည်းပေးမှု၊ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး ဆောင်ရွက်မှု၊ တပ်မတော်မှ ပြန်လည်နုတ်ထွက်ခွင့်ပြုသည့် ကလေးစစ်သားများကို ထောက်ပံ့ပေးနေမှု၊ သဘာဝဘေး ကြိုတင်စီမံမှုအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးတို့ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်၊ ရခိုင်ပြည်နယ်ရှိ စစ်ဘေးရှောင်စခန်းများတွင် လူမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကလေးသူငယ်စွန့်ပစ်မှုနှုန်း များပြားလာမှု၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဖြစ်ပွားခဲ့သည့် လေယာဉ်မတော်တဆမှုနှင့် ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ထိန်းကျောင်းဆောင်ရွက်မှု၊ မန္တလေးခေတ်မီဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ မန္တလေး-မူဆယ်ရထားလမ်း ဖောက်လုပ်မည့် စီမံကိန်း၊ ရထားပြေးဆွဲမှုမှ ရရှိသည့် ဘဏ္ဍာငွေ၊ ပျဉ်းမနားဘူတာပြုပြင်ရေး၊ နေပြည်တော်မီးရထားစက်ခေါင်းစက်ရုံမှ ထုတ်လုပ်မှု၊ ယာဉ်မောင်းလိုင်စင်နှုန်းထားနှင့် လိုင်စင်ထုတ်ပေးသည့် မူဝါဒ၊ လျှပ်စစ်မော်တော်ကား ထုတ်လုပ်မည့် အစီအစဉ်၊ SME လုပ်ငန်းများကို ချေးငွေထုတ်ချေးပေးနေမှု၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု ပမာဏ၊ စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ရပ်ဆိုင်းထားသည့် နိုင်ငံပိုင်စက်ရုံများအနက် ပြန်လည်လုပ်ကိုင်ခွင့်ပြုရန် သုံးသပ်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြရာ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

သတင်းစဉ်

သူနာပြု-သားဖွားဒီပလိုမာ သင်တန်းဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၃

သူနာပြုသင်တန်းကျောင်း၏ သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားကို မေ ၁၃ ရက် နံနက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် သူနာပြုသင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းလင်းနှင့် တာဝန်ရှိသူများက သင်တန်းသူ ၆၇ ဦးအား ဦးဆောင်းများ အပ်နှင်းပြီး(ဝဲပုံ) သင်တန်းသား ၁၂ ဦးကို ဂျူတီကုတ်များ အသီးသီးအပ်နှင်းကြကြောင်းနှင့် သင်တန်းသား သင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန်များ ရွတ်ဆိုကြကြောင်း သိရသည်။

တင်ထွန်းတာ(တပ်ကုန်း)

အယ်နီညိုဖြစ်စဉ် ဩဂုတ်လအထိရှိနိုင်

နေပြည်တော် မေ ၁၃

ယခုနှစ် မေလအတွင်း အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ အရှေ့အလယ်ပိုင်း၏ပင်လယ်ရေမျက်နှာပြင် အပူချိန်သည် ပုံမှန်ထက်အနည်းငယ်မြင့်နေဆဲဖြစ်သည်။ ထို့ကြောင့် အယ်နီညိုဖြစ်စဉ်သည် ဩဂုတ်လအထိ ဆက်လက်ရှိနိုင်ကြောင်း နိုင်ငံတကာမိုးလေဝသနှင့် ရာသီဥတုခန့်မှန်းရေးဗဟိုဌာနများမှ ထုတ်ပြန်ထားသည်။

မေ-ဇွန်-ဇူလိုင် လအထိ အယ်နီညိုဖြစ်ပေါ်နိုင်မှု ရာခိုင်နှုန်းမှာ ၈၀ ရာခိုင်နှုန်းအထိရှိနိုင်ပြီး၊ ဇူလိုင်-ဩဂုတ်-စက်တင်ဘာလတို့တွင် ၆၂ ရာခိုင်နှုန်းသို့ ပြန်လည်လျော့ကျလာနိုင်ကြောင်းကို အယ်နီညိုဖြစ်စဉ်အား နိုင်ငံတကာ ပစိဖိတ်သမုဒ္ဒရာ ပင်လယ်ရေမျက်နှာပြင် အပူချိန်လေ့လာစောင့်ကြည့်ရေးဗဟိုဌာနများမှ ထုတ်ပြန်ထားသည်။

မိုး/ဇလ

မြန်မာစီပီဖလား အမျိုးသားအလွတ်တန်း တင်းနစ်ပြိုင်ပွဲ ALENTS အသင်း ဗိုလ်စွဲ

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၏ Myanmar CP ဖလားဖုန်အလိုက် နောက်ဆုံးအဆင့် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သိမ်ဖြူ တင်းနစ်ကွင်း၌ကျင်းပခဲ့ရာ အမျိုးသားအလွတ်တန်း အသင်းလိုက်ပြိုင်ပွဲတွင် ALENTS တင်းနစ်ကလပ်အသင်းက တက္ကသိုလ်တင်းနစ်ကလပ်အသင်းကို ၇-၆-၆-၇-၆-၃ ဖြင့် အနိုင်ရရှိကာ ဆုဖလားဆွတ်ခူးရရှိသွားသည်။ ပြိုင်ပွဲများအပြီး အမျိုးသား အမျိုးသမီး အလွတ်တန်း တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ Mix နှစ်ယောက်တွဲ အသက် ၁၀ နှစ်၊ ၁၂ နှစ်၊ ၁၄ နှစ်၊ ၁၆ နှစ်အောက် အမျိုးသား အမျိုးသမီးတစ်ဦးချင်း အလွတ်တန်း အသင်းလိုက် အမျိုးသား(ဇုန်)အလိုက် အသင်းများအား ပထမ၊ ဒုတိယ၊ တတိယ ပူးတွဲရရှိကြသူများအား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင်များ Myanmar CP Stock Co.Ltd မှ တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် အမျိုးသားအလွတ်တန်း အသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယ၊ အိုလံပစ်တင်းနစ်ကလပ်၊ မြစ်ကြီးနားတင်းနစ်ကလပ်၊ ဒုတိယဆု တက္ကသိုလ်တင်းနစ်ကလပ်အသင်းနှင့် ပထမဆုဖလားရရှိသွားသော ALENTS အသင်းတို့အား Myanmar CP မှ ဒုတိယဥက္ကဋ္ဌ မစ္စတာ ပရန်ယာက ဆုများချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းလွင်က "တင်းနစ်ကစားနည်းက ချက်ချင်းပြုစုပျိုးထောင်ဖို့ မလွယ်ဘူး။ တင်းနစ်ချန်ပီယံတစ်ယောက်ဖြစ်ဖို့ဆိုရင် ရှစ်နှစ်မှ ဆယ်နှစ်အထိ ရှိတယ်။ တင်းနစ်က မျိုးဆက်ပျက်ပြီး နိမ့်ကျသွားတဲ့ အခြေအနေရှိတဲ့အတွက် နောင်မျိုးဆက်တွေကို ပြန်လည်ဆက်မှုရမယ့်အတွက် ပြိုင်ပွဲကျင်းပတာပါ။ ဒီပြိုင်ပွဲမှာ အသက် ၁၄ နှစ်၊ ၁၆ နှစ်အောက် ကစားသမားများ လက်ရည်ကောင်းလာတာကို တွေ့ရတယ်။ နောက် နှစ်နှစ်၊ သုံးနှစ်ဆိုရင် အလွတ်တန်းကစားသမားတွေနဲ့ တန်းတူ ယှဉ်ပြိုင်နိုင်မှာကို တွေ့ရမယ်။ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြိုင်ပွဲ သုံးကြိမ် ကျင်းပတယ်။ ပဏာမ အမျိုးသား၊ အမျိုးသမီး ခြောက်ဦးစီ ရွေးထားတယ်။ မေ၊ ဇွန်၊ ဇူလိုင် စခန်းသွင်းပြီး ယူနန်မှာ ပူးတွဲ လေ့ကျင့်မှုကို တစ်လခွဲလုပ်မယ်။ ယူနန်အိုပင်းမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါပြိုင်ပွဲကို မေ ၄ ရက်က ကျင်းပခဲ့ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဇုန်အသင်းလိုက်များမှ အားကစားသမား ၁၃၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

အေကေလင်း

ဓာတ်ပုံ-အာကာစိုး

ALENTS တင်းနစ်ကလပ်အသင်းအား ဆုဖလား ချီးမြှင့်စဉ်။

နိုင်ငံတကာခြေစမ်းပွဲများအတွက် မြန်မာ ယူ-၂၂ အသင်းကို ကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်း

ရန်ကုန် မေ ၁၃

မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် နိုင်ငံတကာခြေစမ်းပွဲများယှဉ်ပြိုင်ရန် ပဏာမကစားသမား ၂၅ ဦး စာရင်းကို မေ ၁၃ ရက်က ထုတ်ပြန်လိုက်ပြီဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် မတ်လက အာရှ ယူ-၂၃ ခြေစစ်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကို အခြေခံကာ ဖွဲ့စည်းထားခြင်းဖြစ်ပြီး မေ ၂၀ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဇွန် ၇ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ယှဉ်ပြိုင်ကစားမည့် ဗီယက်နမ် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲအတွက် အဓိကဖွဲ့စည်းခြင်းဖြစ်ပြီး ယခုလကုန်တွင် တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်းနှင့် ရန်ကုန်မြို့၌ ခြေစမ်းပွဲကစားမည်ဖြစ်သည်။ ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၂၂ အသင်းသည် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်ပြီး ခြေစမ်းပွဲပြီးပါကလည်း လိဂ်ပြိုင်ပွဲကာလတွင် လေ့ကျင့်မှုအချို့ ပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းတွင် အာရှခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် ဝင်းမိုးကျော်၊ ရဲမင်းသူ၊ လွင်မိုးအောင်၊ စိုးလွင်လွင်၊ ဝင်းနိုင်ထွန်း၊ ဟိန်းထက်အောင် စသည့်ကစားသမားများ ပြန်လည်ပါဝင်လာပြီး နန်းထိုက်ဇော်၊ စအောင်ပြည့်ကိုတို့လည်း ပြန်လည်ရွေးချယ်ခံခဲ့ရသည်။

မြန်မာ ယူ-၂၂ အသင်းတွင် **ဂိုးသမား**-ဆန်းဆက်နိုင် (ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ စိုးအာကာ (မကွေး)၊ **နောက်တန်း**-ဝင်းမိုးကျော်၊ ကျော်သူထွန်း (မကွေး)၊ ရဲရင့်အောင် (ရတနာပုံ)၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ ဇွဲထက်မင်း (ရှမ်းယူနိုက်တက်)၊ သူရိန်စိုး(ရန်ကုန်)၊ ဇင်ရဲနောင် (အား/ကာ သိပ္ပံ)၊ **အလယ်တန်း**-လွင်မိုးအောင်၊ နန်းထိုက်ဇော် (ရောဝတီ)၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း (ရတနာပုံ)၊ ကျော်မျိုးနိုင် (အား/ကာ သိပ္ပံ)၊ ကောင်းထက်စိုး (ရန်ကုန်)၊ စိုးလွင်လွင်၊ နေမိုးနိုင်၊ ဇင်မင်းထွန်း (မကွေး)၊ **ရှေ့တန်း**-ဟိန်းထက်အောင် (ဟံသာဝတီ)၊ ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ထက်ဖြိုးဝေ၊ စအောင်ပြည့်ကို (ရှမ်းယူနိုက်တက်) နှင့် အောင်ကောင်းမာန် (ရောဝတီ) တို့ ပါဝင်ကြသည်။

ညီမြတ်သော်တာ

၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပထမပွဲစဉ်) ကျင်းပမည်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကကြီးမှူး၍ Myanmar Zwe Mann Co.,Ltd မှ အဓိကကူညီပံ့ပိုးသည့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပထမ)ပွဲစဉ်ကို ရွှေနတ်တောင်ဂေါက်ကွင်း၊ မော်လမြိုင်မြို့တွင် မေ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့် (အမျိုးသား) (H'cap 0-12) ဝါသနာရှင်အဆင့်(အမျိုးသမီး) (H'cap 0-18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် ၂၀၁၉ ခုနှစ် မေ ၂၀ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပညာရှင်အဆင့်တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ ဝါသနာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ဖုန်း ၀၉-၇၇၉၄၆၇၆၁ ထံ စာရင်းပေးသွင်းနိုင်သည်။ စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းထားသူများသည် မေ ၂၁ ရက်၊ ၂၂ ရက်တွင် (Official Practice Round) ကစားနိုင်မည်ဖြစ်ပြီး အမည်စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲမဝင်နိုင်ပါက ပြိုင်ပွဲမတိုင်မီ ကြိုတင်အကြောင်းကြားရန်လိုအပ်ကြောင်း သိရသည်။ အကြောင်းကြားခြင်းမရှိပါက နောက်ပွဲစဉ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသောကစားသမားများအား ပြိုင်ပွဲ အတွဲဇယားများတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်ကစားသမားများအတွက် မေ ၂၀ ရက် နံနက် ၆ နာရီတွင် ကိုးမိုင်ဂေါက်ကွင်း ပြည်လမ်းမှ မော်လမြိုင်မြို့သို့ Player Bus ထွက်ခွာမည်ဖြစ်သည်။

ဖိုးသော်ဇင်

ရွှေဘိုအကျဉ်းထောင်အတွင်း ဖုန်းဟန်းဆက်သွင်းယူသူလေးဦးအား အမိန့်ချမှတ်

ရွှေဘို မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် မေ ၁၃ ရက် ညနေ ၄ နာရီခွဲက ရွှေဘိုအကျဉ်းထောင်အတွင်း တားမြစ်ပစ္စည်းဖြစ်သည့် ဖုန်းဟန်းဆက်သွင်းယူသူများအား ထောင်ဒဏ်ခြောက်လစီ ကျခံစေရန် ရွှေဘိုမြို့နယ်တရားသူကြီး ဦးထွန်းဦးက အမိန့်ချမှတ်ခဲ့ကြောင်း ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်မောင်က အတည်ပြုပြောကြားသည်။

ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသားများဖြစ်ကြသည့် ကောင်းခန့်ကိုကို (ခ) ကြယ်စင်ထွန်း (ခ) ကောင်းခန့်သူ၊ အာကာဦး၊ မိုးနိုင်နှင့် အကျဉ်းဦးစီးဌာနမှ တပ်သား မိုးကျော်ဇင်အောင်တို့ လေးဦးအား အကျဉ်းထောင်အတွင်း တားမြစ်ပစ္စည်းဖြစ်သည့် ဖုန်းဟန်းဆက်သွင်းယူကိုင်ဆောင်သဖြင့် ရွှေဘိုမြို့မရဲစခန်းက ရွှေဘိုမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဝင်းထံမှ သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ရွှေဘိုမြို့နယ်တရားရုံးမှ ရာဇဝတ်အမှတ် (၅၆၉ / ၂၀၁၉) ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူ လေးဦးအား အကျဉ်းထောင်အက်ဥပဒေပုဒ်မ - ၄၂ အရ ထောင်ဒဏ် ခြောက်လစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း ၎င်းအမှုအား စစ်ဆေးအမိန့်ချမှတ်ခဲ့သူ ရွှေဘိုမြို့နယ်တရားသူကြီး ဦးထွန်းဦးက ပြောကြားသည်။ **မိုးသောက်(ရွှေဘို)**

အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် သစ္စာအားမာန်နှင့် အား/ကာ သိပ္ပံအသင်း နိုင်ပွဲဆက်

ရန်ကုန် မေ ၁၃

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ သစ္စာအားမာန်အသင်းနှင့် အား/ကာ သိပ္ပံအသင်း နိုင်ပွဲဆက်ခဲ့သည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက YREO အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းသည် အနိုင်ဂိုးနှစ်ဂိုးစလုံးကို ပထမပိုင်းတွင် ရခဲ့ခြင်းဖြစ်ပြီး ၁၁ မိနစ်တွင် ခင်မိုမိုထွန်းနှင့် ၄၁ မိနစ်တွင် ခင်မိုးဝေတို့က သွင်းယူခဲ့သည်။ သစ္စာအားမာန်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် မြဝတီနှင့် အား/ကာ သိပ္ပံအသင်းတို့ကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာ သိပ္ပံအသင်းက တက္ကသိုလ်အသင်းကို ၁၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာ သိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၃၊ ၆၉ မိနစ်တွင် ရီရီဦး၊ ၇၊ ၂၆၊ ၆၁၊ ၈၆ မိနစ်တွင် ခင်မာလာထွန်း၊ ၂၃၊ ၃၅၊ ၄၄၊ ၇၆၊ ၇၈ မိနစ်တွင် နုနု၊ လင်းမြင့်မိုရ်က မိနစ် ၅၀ နှင့် မိုးမမစိုးက ၈၄ မိနစ်တွင် ဂိုးများသွင်းယူခဲ့သည်။

ပွဲစဉ် (၉) အပြီးတွင် လက်ရှိချန်ပီယံ မြဝတီအသင်းက ၂၅ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး အား/ကာ သိပ္ပံနှင့် သစ္စာအားမာန်အသင်းက ၂၂ မှတ်စီ၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ၁၄ မှတ်၊ YREO အသင်းက ၁၀ မှတ်၊ ဇွဲကပင်အသင်းက ကိုးမှတ်၊ ဂန္ဓမာအသင်းက သုံးမှတ်ရထားပြီး တက္ကသိုလ်အသင်းမှာမူ ကိုးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ရဲရင့်ရှိုင်း

○ *ကျောဖုံးမှ*

အမှတ်ပေးပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲနှစ်ခုစလုံးတွင် ဒုတိယဆုရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ၂၀၁၈ ရာသီမှာမူ ဦးမျိုးမင်းထွန်း၏ အအောင်မြင်ဆုံးရာသီဖြစ်ခဲ့ပြီး MNL အမှတ်ပေးပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲနှစ်ခုစလုံးတွင် ချန်ပီယံဆုရခဲ့သည်။ ထို့ပြင် ရာသီကြို ချာရတီဖလားပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သလို AFC Cup ပြိုင်ပွဲတွင်လည်း အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ဦးမျိုးမင်းထွန်းက "အလွန်ပင်ပန်းပြီး အနားယူချင်တဲ့အတွက် ရာထူးက နုတ်ထွက်ခဲ့တာဖြစ်ပါတယ်။ ရန်ကုန်အသင်းက နုတ်ထွက်ခဲ့ပေမယ့် ကစားသမားဘဝနဲ့ နည်းပြဘဝ နှစ်ခုစလုံးကျင်လည်ခဲ့တဲ့အသင်းဖြစ်လို့ ရင်ထဲမှာ အမြဲအမှတ်တရ ရှိနေမှာပါ" ဟုပြောကြားခဲ့သည်။

ဦးမျိုးမင်းထွန်းသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ရန်ကုန်အသင်းတွင် စတင်ခဲ့ပြီး ၂၀၀၉ ရာသီမှ ၂၀၁၃ ရာသီအထိ ကစားခဲ့ကာ အမှတ်ပေးချန်ပီယံဆုသုံးကြိမ်နှင့် ရှုံးထွက်ချန်ပီယံဆု တစ်ကြိမ်ရခဲ့ကာ အမှတ်ပေးနှင့် ရှုံးထွက်ချန်ပီယံဆုကို ကစားသမားနှင့် နည်းပြနှစ်ခုစလုံး၌ ရရှိသူအဖြစ် မှတ်တမ်းဝင်ထားသည်။

ရန်ကုန်အသင်းသည် ယခုရာသီလက်ကျန်ပွဲများအတွက် ဦးတင်မောင်ထွန်းကို ယာယီနည်းပြချုပ်အဖြစ် တာဝန်ပေးအပ်သွားမည် ဖြစ်သည်။ **ညီမြတ်သော်တာ**

ဓာတ်ပုံ-ဖိုးသော်ဇင်

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

နည်းပြ ခရစ္စ ဟက်တန်အား ဘရိုက်တန်အသင်း ထုတ်ပယ်

ဘရိုက်တန်အသင်းသည် ရာသီပိတ်သိမ်းချိန်တွင် အသင်းအား အမှတ်ပေးဇယားအဆင့် ၁၇ နေရာတွင် ရပ်တည်နိုင်အောင်စွမ်းဆောင်ပေးထားနိုင်ခဲ့သော နည်းပြ ခရစ္စ ဟက်တန်အား နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဘရိုက်တန်အသင်းသည် လိဂ်နောက်ဆုံး ၂၃ ပွဲတွင် သုံးပွဲသာ နိုင်ပွဲရရှိထားကြောင်း ဖော်ပြထားသည်။ အဆိုပါ နည်းပြ၏ နေရာကို ၂၀၁၈ ခုနှစ်တွင် ဆွီဒင်ကလပ်မှ ဆွမ်ဆီးအသင်းသို့ ရောက်ရှိလာသော အသက် ၄၃ နှစ်ရှိ ဂရေဟမ် ပေါ်တာဖြင့် အစားထိုးရန် ချိန်ရွယ်နေကြောင်းလည်း ဖော်ပြထားသည်။

ရိုက်စ်အား ထိန်းသိမ်းနိုင်ရန် ဝက်စ်ဟမ်း ခက်ခဲဖွယ်ရှိ

ဝက်စ်ဟမ်းနည်းပြ ပယ်လီဂရီနီသည် အသင်းကြီးများအနေဖြင့် အသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ရိုက်စ် (၂၀ နှစ်) အား ခေါ်ယူရန် ကမ်းလှမ်းလာပါက ထိန်းသိမ်းနိုင်ရန် ခက်ခဲဖွယ်ရှိကြောင်း မေရာတွင် ဖော်ပြထားသည်။

ရိုးမားအသင်း ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက် ပြန်လည်ရှင်သန်လာ

မေ ၁၃ ရက်နံနက်ပိုင်းက အီတလီစီးရီးအေပွဲစဉ် ၃၆ အဖြစ် ရိုးမားနှင့် ဂျူဗင်တပ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရိုးမားအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရိုးမားအသင်းသည် ယခုပွဲအနိုင်ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယား အဆင့် ၆ နေရာတွင် ရပ်တည်နေပြီး အဆင့် ၄ တွင် ရပ်တည်နေသော အင်တာမီလန်အသင်းနှင့် တစ်မှတ်သာ ကွာဟလျက်ရှိသောကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက် ပြန်လည်ရှင်သန်လာနိုင်ခဲ့သည်။

ဘင်နီတက်ဇ် အသင်းပိုင်ရှင် အက်ရှ်လေနှင့် တွေ့ဆုံသွားဖွယ်ရှိ

နယူးကာဆယ်နည်းပြ ဘင်နီတက်ဇ်သည် လာမည့်ရက်သတ္တပတ်တွင် ၎င်း၏ အနာဂတ်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်တစ်စုံတစ်ရာချမှတ်ရန် အသင်းပိုင်ရှင်ဖြစ်သူ မိုက်အက်ရှ်လေနှင့် တွေ့ဆုံဆွေးနွေးသွားဖွယ်ရှိကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

အောင်ဇော်

တာချီလိတ်၌ တရားမဝင်နေထိုင်သည့် တရုတ်နိုင်ငံသား ၁၈၀ ကျော် ဖမ်းဆီးရမိ

တာချီလိတ် မေ ၁၃

မြန်မာ-ထိုင်းနယ်စပ်ဒေသ တာချီလိတ်မြို့တွင် တရုတ်နိုင်ငံသားများ တရားမဝင်နေထိုင်ပြီး လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ အဖွဲ့ပေါင်းစုံပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ရှောင်တခင်စစ်ဆေးရာ တရုတ်နိုင်ငံသား ၁၈၈ ဦးနှင့် ရိုင်ဖယ်သေနတ် သုံးလက်၊ စိတ်ကြွရူးသွပ်ဆေးပြားအချို့နှင့်အတူ မေ ၁၃ ရက် မွန်းလွဲပိုင်းက ဖမ်းဆီးရမိကြောင်း ကနဦးသတင်း ရရှိသည်။

ပူးပေါင်းအဖွဲ့(၁)သည် ဝိန်းကျောက်ရပ်ကွက်အတွင်းရှိ လက်ကီးမိုတယ်ကို ဝင်ရောက်စစ်ဆေးရာ တရုတ်နိုင်ငံသား အမျိုးသား ၇၅ ဦး၊ အမျိုးသမီး လေးဦးကို ဖုန်းအမျိုးအစားစုံ ၁၆၄ လုံး၊ လက်ပ်တော့ ငါးလုံး၊ စကားပြောစက် ငါးလုံး၊ YGN-9E/ ---- နံပါတ်ပါ Alphard မော်တော်ယာဉ် (လိုင်စင်စိစစ်ဆဲ) တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့(၂)သည် ရန်အောင် မြေရပ်ကွက်အတွင်းရှိ သတင်းရရှိသည့် နေအိမ်တစ်လုံးအား ဝင်ရောက်စစ်ဆေးရာ တရုတ်နိုင်ငံသား အမျိုးသား ၃၈ ဦး၊ အမျိုးသမီး တစ်ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား ကိုးဦး၊ အမျိုးသမီး တစ်ဦး၊ ဖုန်းအမျိုးအစားစုံ ၁၈၄ လုံး၊ လက်ပ်တော့ ၁၁ လုံး၊ SHN-1Q/ ---- နံပါတ်ပါ လိုင်စင်စိစစ်ဆဲ Toyota Hilux Revo တစ်စီး၊ SHN-7j/ ---- နံပါတ်ပါ လိုင်စင်စိစစ်ဆဲ Crown ယာဉ်တစ်စီး၊ YGN-3G/ ---- နံပါတ်ပါ လိုင်စင်စိစစ်ဆဲ Parado တစ်စီး စုစုပေါင်း မော်တော်ယာဉ် သုံးစီးနှင့်အတူ ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ပူးပေါင်းအဖွဲ့(၃) သည် ဝိန်းကျောက်ရပ်ကွက်အတွင်း သတင်းရရှိသည့်နေအိမ်အား ထပ်မံစစ်ဆေးရာ တရုတ်နိုင်ငံသား အမျိုးသား ၆၅ ဦး၊ အမျိုးသမီး ငါးဦးတို့ကို M-22 ရိုင်ဖယ်သေနတ် သုံးလက်၊ ကျည်ဘောက် ၁၁ ဘောက်၊ ကျည် ၃၂၅ တောင့်၊ ဖုန်းအမျိုးအစားစုံ အလုံး ၂၀၀ ခန့်၊ စကားပြောစက် နှစ်လုံး၊ ကျည်ကာအင်္ကျီ သုံးထည်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြား၊ SHN 6k/ ---- နံပါတ်ပါ လိုင်စင်စိစစ်ဆဲ Jeep တစ်စီး၊ SHN-3P/---- နံပါတ်ပါ လိုင်စင်စိစစ်ဆဲ Ford တစ်စီး၊ Wave 125 အမျိုးအစား ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသည့် တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသားများကို သက်ဆိုင်ရာဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ယဉ်ကျေး

အင်းတော်၌ ယာဉ်တိမ်းမှောက်မှုကြောင့် လေးဦးသေဆုံး၊ ၁၁ ဦးဒဏ်ရာရ

အင်းတော် မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ ယမန်နေ့ မွန်းလွဲပိုင်းက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာ ယာဉ်ပေါ်တွင်လိုက်ပါလာသူ လေးဦး သေဆုံးပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက အင်းတော်မြို့နယ် ရွာဟောင်းကျေးရွာအနီး လက်ဖက်ချောင်တောလမ်းပေါ်တွင် ယာဉ်မောင်း မောင်ပေါ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ဦးမြင့်ဦးပါ အမျိုးသား ၁၃ ဦးနှင့် သံဃာနှစ်ပါးတို့ လိုက်ပါလာသော ယာဉ်အမှတ် DMY 9J/---- တုန်ဖုန်း ခြောက်ဘီးယာဉ်သည် လမ်းခင်းကျောက်များ သယ်ဆောင်မောင်းနှင်လာစဉ် တိမ်းမှောက်ခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူအားလုံး ထိခိုက်ဒဏ်ရာများရရှိပြီး ဦးဌေးဝင်း၊ ဦးမင်းအောင်နှင့် ဦးအောင်ရွှေ တို့သုံးဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကာ ဦးထွန်းမောင်မှာ ဆေးရုံသို့တက်ရောက် ကုသနေစဉ် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အင်းတော်မြို့နယ် နောင်ရင်းကျေးရွာနေသူ ယာဉ်မောင်း မောင်ပေါ (၄၇ နှစ်) အား အင်းတော်မြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုမင်း(အင်းတော်)

မြန်မာ့ရုပ်မြင်သံကြား

၁၄-၅-၂၀၁၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - ဥပဒေရေးရာ အဖြာဖြာ "အဂတိလိုက်စားမှု တိုက်ဖျက်ရေးကျင့်ဝတ် အကြောင်း သိကောင်းစရာ"
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၀ - အိပ်ပျော်နေစဉ် မီးလောင်မှုကြောင့် မီးခိုးအန္တရာယ်ကြုံတွေ့ရလျှင် ဆောင်ရွက်ရန်
- ၁၂း၃၀ - မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ
- ၁၄း၁၅ - Yes or No Talk Show

ညပိုင်း

- ၁၆း၂၅ - မူးလျှင် မမောင်းပါနှင့်
- ၁၇း၃၀ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၀ - "Travelling To Putao"
- ၁၈း၃၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အဆိုတော် ဖြူဖြူကျော်သိန်း)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- - အာဆီယံထဲက မြို့ပြ
- ၂၀း၃၅ - "ဆေးဝါးထုတ်လုပ်ပုံ"
- - အနုပညာခန်းရိပ်သာ "စာရေးဆရာမ မိချမ်းဝေနှင့် တွေ့ဆုံခြင်း"
- - နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသော အချစ်" (အပိုင်း-၃၅) (ဇာတ်သိမ်းပိုင်း)

ဝေါမြို့၌ ရေခဲသေတ္တာအပူလွန်ကဲ၍ မီးလောင်မှုကြောင့် ဆိုင်ခန်း ၁၃ ခန်း ဆုံးရှုံး

ဝေါ မေ ၁၃

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့ ဘောလုံးကွင်းအရှေ့ ရန်ကုန်-မော်လမြိုင်လမ်းဘေး ကိုဇော်ဝင်းထွဋ်၏ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်တွင် ယနေ့ နံနက်ပိုင်းက ရေခဲသေတ္တာ အပူလွန်ကဲရာမှ မီးလောင်မှုကြောင့် ဆိုင်ခန်း ၁၃ ခန်း ဆုံးရှုံးကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ ဝေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းအေး၊ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်၊ ဝေါမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးချမ်းမြေ့ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းကြောင်း သိရသည်။

မီးလောင်မှုကြောင့် ကိုဇော်ဝင်းထွဋ်၊ မနီလာမိုး၊ ဒေါ်အေးအေးမြင့်၊ ကိုအောင်ပိုင်၊ ကိုမျိုးမင်းအောင်နှင့် ကိုနိုင်လင်းအောင်တို့ပိုင်ဆိုင်သော ဆိုင်ခန်း ၁၃ ခန်းနှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ချမ်းမြေ့သာစည်ရပ်ကွက်နေသူ ကိုဇော်ဝင်းထွဋ် (၃၅ နှစ်) အား ဥပဒေအရ ဝေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **အောင်မြတ်လင်း(ပြန်/ဆက်)**

ကိုရီးယားနိုင်ငံသူအား သားမယားအဖြစ်ပြုကျင့်ရန်ကြိုးစားသူကို ဖမ်းဆီးရမိ

ရန်ကုန် မေ ၁၃

ကိုရီးယားနိုင်ငံသူတစ်ဦးအား သားမယားအဖြစ်ပြုကျင့်ရန် ကြိုးစားအားထုတ်သူကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များက မေ ၁၂ ရက်တွင် ဖမ်းဆီးရမိသဖြင့် အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကိုရီးယားနိုင်ငံသူ --- သည် မေ ၁ ရက်က ၎င်း၏မိန်းကလေးသူငယ်ချင်းဖြစ်သူအား အောင်မင်္ဂလာကားကွင်းသို့ လိုက်ပါပို့ဆောင်ပြီး ယင်းနေ့ ည ၇ နာရီတွင် ၎င်းတည်းခိုသည့် ဝိဇယဟိုတယ်သို့ပြန်ရန် ဆိုင်ကယ်ကယ်ရီသမားတစ်ဦးကို ငွေကျပ် ၂၀၀၀ ဖြင့် ငှားရမ်းစီးနင်းလာစဉ် တညင်းကုန်းဘက်မှ ရွှေပြည်သာတံတားလမ်းအတိုင်း လှိုင်သာယာမြို့နယ်ဘက်သို့အရောက် လမ်းကြားတစ်ခုအတွင်းသို့ မောင်းနှင်ဝင်ရောက်ခဲ့ပြီး ဆိုင်ကယ်အားရပ်တန့်စဉ် ၎င်းမှထွက်ပြေးခဲ့ကြောင်း။

ထို့နောက် အဆိုပါ ဆိုင်ကယ်ကယ်ရီသမားက ၎င်းအား နောက်မှဖက်၍ အဓမ္မပြုကျင့်ရန်ကြိုးစားခဲ့ကြောင်း၊ ၎င်းက ရုန်းကန်သောကြောင့် ဆိုင်ကယ်ကယ်ရီအမျိုးသားက လက်သီးနှင့်ထိုးသောကြောင့် နာကျင်ဒဏ်ရာ ရရှိခဲ့ပြီး ဒေါ်လာ ၂၀၀ တန် ရွှေဆွဲကြိုးတစ်ကုံးမှာလည်း ကျပျောက်စေခဲ့သောကြောင့် အဆိုပါ ဆိုင်ကယ်ကယ်ရီသမားအား အရေးယူပေးရန် ခလောက်ချိုက်နယ်မြေရဲစခန်းသို့ ကိုရီးယားနိုင်ငံသူက တရားလိုပြုလုပ်တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ကြီးကြပ်သော ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ စန်းဦး (ခ) ကျော်သက်ပိုင်အား မေ ၁၂ ရက် ညနေ ၄ နာရီက လှိုင်သာယာမြို့နယ်ရှိ ၎င်း၏နေအိမ်အတွင်းမှ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ကော့ကရိတ် - မြဝတီ အာရှလမ်းပေါ်တွင် ခရီးသည်တင်ယာဉ်တိမ်းမှောက်

သယ်္ံန်းညီနောင် မေ ၁၃

ကရင်ပြည်နယ် ကော့ကရိတ်မှ မြဝတီဘက်သို့ အာရှလမ်းအတိုင်း မောင်းနှင်လာသော အောင်စစ်သည် ခရီးသည်တင်ယာဉ်သည် မေ ၁၃ ရက် နံနက် ၄ နာရီခန့်က ကွမ်းခြံကုန်းအဆင်းအရောက်တွင် မိုးရွာသွန်းထားမှုကြောင့် လမ်းချော်တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်လိုက်ပါလာသူ ၃၄ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နေသူ ကိုထွန်းကျော် မောင်းနှင်လာသည့် YGN2Q/---- ခရီးသည်တင်ယာဉ်ပေါ်တွင် ယာဉ်နောက်လိုက်အပါအဝင် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၃၄ ဦး လိုက်ပါ၍မောင်းနှင်လာစဉ် အဆိုပါနေရာအရောက် လမ်းချော်တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါသူများတွင် မစိုးရိမ်ရ ဒဏ်ရာများရှိခဲ့သဖြင့် သယ်္ံန်းညီနောင် နယ်မြေရဲစခန်းမှ ရဲအုပ် ရဲနိုင် ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းများနှင့်ပူးပေါင်းကာ မြဝတီဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသည် ယာဉ်တိမ်းမှောက်မှု မကြာခဏဖြစ်ပေါ်တတ်သဖြင့် အသိပေးဆိုင်းဘုတ်များ၊ အရှိန်ထိန်းလမ်းခုံးများ ဆောင်ရွက်ပေးထားရကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

ရန်ကုန် မေ ၁၃

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၂ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၈၁ စီး၊ သွင်းကုန် ၂၈၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၃ စီး၊ သွင်းကုန် ၂၀၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၇၃၅ သန်းတန်ဖိုးရှိ Washing Powder (140 Kg)၊ Royal-D (10 Pkgs)၊ Cotton Fabrice Plain (1200 Kgs)နှင့် ကလေးအဝတ်အထည် (30 Kgs) များအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သုဝဏ္ဏနယ်မြေ၌ လူသတ်မှုကျူးလွန်သူများကို အချိန်တိုအတွင်း ဖမ်းဆီးရမိ

ရန်ကုန် မေ ၁၃

သုဝဏ္ဏနယ်မြေ၌ လူသတ်မှုကျူးလွန်သူများကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အချိန်တိုအတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖြိုးဝေဦး(ခ) မိုဟာမက်အနပ်သည် ရည်းစားဖြစ်သူ မ --- နှင့်အတူ မေ ၅ ရက် ညနေ ၅ နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၆ ရပ်ကွက်ဘက်မှ YBS-7 ယာဉ်ဖြင့်ပြန်လာခဲ့ရာ သယ်္ံန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ကားကြီးဂိတ်အရောက် ကားပေါ်မှဆင်း၍လမ်းလျှောက်လာစဉ် ဖြိုးဝေဦး(ခ) မိုဟာမက်အနပ်အား ဆိုင်ကယ်စီးနင်းလာသော လူငယ်နှစ်ဦးက ဓားဖြင့်ထိုးသွားခဲ့ကြောင်း၊ ထို့နောက် ကားငှား၍ သယ်္ံန်းကျွန်းစံပြဆေးရုံသို့ သွားရောက်ပြသခဲ့ရာ ဆေးရုံအရောက်တွင် သေဆုံးသွားသဖြင့် ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် သုဝဏ္ဏနယ်မြေရဲစခန်းသို့ တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များကစုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ သန်းထိုက်အောင် (ခ)ဟာစန်းနှင့် မြသန်းထွေး(ခ)ခေါ်ကြီး တို့ဖြစ်ကြောင်း စုံစမ်းသိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ မေ ၉ ရက်ညပိုင်းက မြသန်းထွေး (ခ) ခေါ်ကြီးနှင့် သန်းထိုက်အောင်(ခ) ဟာစန်းတို့နှစ်ဦးကို ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ မြသန်းထွေး(ခ) ခေါ်ကြီး၏ ယောက္ခမနေအိမ်၌ လည်းကောင်း၊ ပြစ်မှုကျူးလွန်သူများ ထွက်ပြေးလွတ်မြောက်စေရန် ကူညီထောက်ပံ့သူ ထွန်းထွန်းနိုင် (ခ)ငထွန်းနှင့် ကျော်သက်(ခ) ကျော်ကြီးတို့၏မိခင် ဒေါ်ဥမ္မာအား ယင်းနေ့ မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ၎င်း၏နေအိမ်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ထွန်းထွန်းနိုင်(ခ)ငထွန်း၊ ကျော်သက်(ခ)ကျော်ကြီးနှင့် သန်းလင်းအောင်(ခ)မိုးသီး တို့သုံးဦးအား ၎င်းတို့၏မိသားစုများက မေ ၉ ရက် ညပိုင်းက သုဝဏ္ဏနယ်မြေရဲစခန်းသို့ လာရောက်အပ်နှံသဖြင့် ဖမ်းဆီးရမိခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူ သန်းထိုက်အောင် (ခ) ဟာစန်းပါ ခြောက်ဦးအား အချိန်တိုအတွင်း ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောဆိုင်ကယ် နှစ်စီးနှင့် သက်သေခံပစ္စည်းများကို သိမ်းဆည်းရမိခဲ့သဖြင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

ပင်လယ်ကွေ့တွင် အခြေအနေတင်းမာလာမှုကြောင့် ဆော်ဒီအာရေဗျရေနံတင် သင်္ဘောများ ဖျက်ဆီးခံခဲ့ရ

ရီယာ့ဒ် မေ ၁၃

ပင်လယ်ကွေ့ဒေသတွင် သဘောထားတင်းမာမှုများ မြင့်တက်နေချိန် ဆော်ဒီရေနံတင်သင်္ဘောနှစ်စင်းသည် ပင်လယ်ကွေ့တွင် တမင်တကာ ဖျက်ဆီးခံခဲ့ရကြောင်း ဆော်ဒီအာရေဗျက ပြောသည်။ အဆိုပါဒေသတွင် အမေရိကန်နှင့်အီရန်တို့၏ ဆက်ဆံရေးမှာ ပိုမိုဆိုးရွားနေသည့် အချိန်လည်းဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် မော်စကိုသို့ သွားရောက်မည့်အစီအစဉ်ကိုဖျက်ပြီး ဘရပ်ဆဲလ်သို့သွားရောက်ကာ ဥရောပအာဏာပိုင်များနှင့် တွေ့ဆုံပြီး အီရန်အရေးဆွေးနွေးကြမည်ဖြစ်သည်။ အီရန်နိုင်ငံကမူ ယင်းကိစ္စကို စုံစမ်းကြရန် တောင်းဆိုခဲ့ပြီး ပင်လယ်ရေကြောင်း လုံခြုံရေးကို ဖျက်ဆီးရန်ကြိုးပမ်းသည့် တိုင်းတစ်ပါးမှ နှောင့်ယှက်မှုများကိုလည်း သတိပေးခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ယင်းဒေသတွင် စစ်ရေးအရပါဝင်မှုကို ခိုင်မာအောင်ပြုလုပ်ထားပြီး အီရန်၏ခြိမ်းခြောက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ဘီ-၅၂ ဗုံးကြဲလေယာဉ်များကို တပ်ဖြန့်ချထားရန် စီစဉ်ခဲ့သည်။ ယူအေအီးနိုင်ငံ ရေပိုင်နက်အနီး စီးပွားရေးလုပ်ငန်းနှင့် အရပ်သားပိုင်သင်္ဘောများအား ပစ်မှတ်ထားဖျက်ဆီးခြင်းကို ရှုတ်ချကြောင်း ဆော်ဒီအာရေဗျက ပြောသည်။ ယင်းကဲ့သို့ ရာဇဝတ်မှုကျူးလွန်ခြင်းသည် ပင်လယ်ရေကြောင်းလုံခြုံရေးကို ခြိမ်းခြောက်ခြင်းဖြစ်ကြောင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာလုံခြုံရေးကို ဆိုးရွားစွာအကျိုးသက်ရောက်စေနိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းအရင်းအမြစ်က ပြောသည်။

နိုင်ငံခြားသားပိုင် စီးပွားရေးလုပ်ငန်းသုံး သင်္ဘောလေးစင်းကို ပစ်မှတ်ထားကာ ဖျက်ဆီးခြင်းခံရကြောင်း ယူအေအီးက တနင်္ဂနွေနေ့တွင် ပြောသည်။ ဆော်ဒီ စွမ်းအင်ဝန်ကြီး ခါလစ် အယ်ဖာလစ်က ဆော်ဒီရေနံတင်သင်္ဘောနှစ်စင်းမှာ သိသိသာသာ ဖျက်ဆီးခံရကြောင်း၊ သို့သော် ရေနံယိုဖိတ်ခြင်းမျိုး မဖြစ်ပွားခဲ့ကြောင်း ပြောသည်။ အမေရိကန်ပြည်ထောင်စုနှင့် စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပေါ်လာခဲ့ပါက ရေလက်ကြားကို ပိတ်ပစ်လိုက်မည်ဟု အီရန်က မကြာခဏ ခြိမ်းခြောက်ခဲ့သည်။

အေအက်ဖ်ပီ

တိုက်ခိုက်ခံရသည့် ဆော်ဒီရေနံတင်သင်္ဘော အယ်မာဇိုကာကို တွေ့ရစဉ်။

အဓိကရုဏ်းများ ပေါ်ပေါက်လာပြီးနောက် သီရိလင်္ကာတွင် ဆိုရှယ်မီဒီယာများကို ပိတ်ပင်

ကိုလံဘို မေ ၁၃

သီရိလင်္ကာနိုင်ငံတွင် ဖေ့စ်ဘွတ်၊ ဝှက်စ်အက်ပ်နှင့် အခြားသောလူမှုကွန်ရက်မီဒီယာများကို တနင်္လာနေ့က ပိတ်ပင်လိုက်ကြောင်း သိရသည်။ အီစတာပွဲတော်တွင် သီရိလင်္ကာ၌ ဗုံးဖောက်ခွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး မြို့ကြီးအချို့တွင် ဘာသာရေးအဓိကရုဏ်းများ ပေါ်ပေါက်လာပြီးနောက် ယခုလို လူမှုကွန်ရက်မီဒီယာများကို ပိတ်ပင်လိုက်ခြင်းဖြစ်သည်။

ဘာသာရေးဆိုင်ရာသဘောထားတင်းမာမှုများ ဖြစ်ပေါ်လာပြီးနောက် ခရစ်ယာန်အုပ်စုများသည် မူဆလင်များပိုင်ဆိုင်သည့် ဆိုင်များကို တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။ သီရိလင်္ကာတွင် ဧပြီ ၂၁ ရက်ဗုံးပေါက်ကွဲမှုများအပြီး တိုင်းပြည်တွင်အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလည်း သံသယရှိသူများအား ကာလရှည်ကြာ ဖမ်းဆီးထိန်းသိမ်းခွင့် အာဏာပေးထားသည်။

လုံခြုံရေးတာဝန်ယူနေသော တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

တနင်္ဂနွေနေ့က အနောက်မြောက်ပိုင်းမြို့ဖြစ်သည့် ချစ်လောရှိ ဆိုင်များကို ပစ်မှတ်ထားကာ အုံလိုက်ကျင်းလိုက် ဖျက်ဆီးမှု ပြုလုပ်ခဲ့ကြောင်း၊ အကြောင်းမှာ ဆိုင်ပိုင်ရှင်က ဖေ့စ်ဘွတ်ပေါ်တွင် တင်ခဲ့သည့် အကြောင်းအရာကို မကျေနပ်၍ ဖြစ်ကြောင်း ရဲများက ပြောသည်။

လူစုလူဝေးကိုခွဲရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေထဲတွင် သေနတ်ပစ်ဖောက်ခဲ့ရကြောင်း၊ သို့သော် ယင်းကဲ့သို့ ဆိုင်များကို ပစ်မှတ်ထားတိုက်ခိုက်မှုများ အနီးအနားရှိ မြို့များသို့ ပျံ့နှံ့သွားကြောင်း၊ မူဆလင်စီးပွားရေးလုပ်ငန်းရှင်များ တိုက်ခိုက်ခံရကြောင်း သိရသည်။ ဈေးဆိုင်များကိုတိုက်ခိုက်ခဲ့သည့် မော်တော်ဆိုင်ကယ်အုပ်စုမှ အဖွဲ့ဝင်လေးဦးကို ဖမ်းမိခဲ့သည်။ **အေအက်ဖ်ပီ**

ဘာကီနာဖာဆိုတွင် ကက်သလစ်ဘုရားကျောင်းကို တိုက်ခိုက်မှုကြောင့် ခြောက်ဦးသေဆုံး

ဒါဘလို မေ ၁၃

ဘာကီနာဖာဆိုနိုင်ငံ မြောက်ပိုင်းရှိ ကက်သလစ် ဘုရားကျောင်းတစ်ခုကို မေ ၁၂ ရက်က သေနတ်သမားများ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ခရစ်ယာန်ဘုန်းကြီးတစ်ပါး အပါ အဝင်ဆုတောင်းဝတ်ပြုသူ ငါးဦး သေဆုံးခဲ့ကြောင်း လုံခြုံရေးသတင်းရင်းမြစ်များနှင့် ဒေသအာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

လုံခြုံရေးတာဝန်ယူနေသော တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

တနင်္ဂနွေနေ့ လူအများဆုတောင်းဝတ်ပြုချိန်ဖြစ်သည့် နံနက် ၉ နာရီတွင် လက်နက်များ ကိုင်ဆောင်ထားသူများသည် ဒါဘလိုရှိ ဘုရားကျောင်းထဲသို့ ဝင်ရောက်လာခဲ့ပြီး သေနတ်များဖြင့် စတင်ပစ်ခတ်ခဲ့ကြောင်း၊ ဆုတောင်းဝတ်ပြုသူများက ထွက်ပြေးရန်ကြိုးစားခဲ့ကြကြောင်း ဒါဘလိုမြို့တော်ဝန် Ousmane Zongo က အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

အသက် ၂၀ မှ ၃၀ အတွင်းဖြစ်မည်ဟု ယူဆရသည့် သေနတ်သမားများသည် ဆုတောင်းဝတ်ပြုသူအချို့ကို ချောင်ပိတ်မိအောင် လုပ်ဆောင်ခဲ့ကြောင်း ဇွန်ဂိုက ပြောသည်။ ဆုတောင်းဝတ်ပြုသူ ငါးဦးကို ၎င်းတို့က ပစ်သတ်ခဲ့ပြီး ဘုန်းတော်ကြီးတစ်ဦးကိုလည်း ပစ်သတ်လိုက်ကြောင်း လုံခြုံရေးသတင်းရင်းမြစ်တစ်ခုက ပြောသည်။ ထို့နောက်တွင် သေနတ်သမားများသည် ကက်သလစ်ဘုရားကျောင်းကို မီးရှို့ခဲ့ပြီး ဈေးဆိုင်အချို့နှင့် ကဖေးဆိုင်ငယ်တစ်ခုကိုလည်း မီးရှို့ခဲ့ကာ ဒေသဆိုင်ရာ ကျန်းမာရေးဌာနဆီသို့ ဦးတည်ထွက်ခွာသွားခဲ့ပြီး သူနာပြုအကြီးအကဲ၏ မော်တော်ယာဉ်ကိုလည်း မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။

လုံခြုံရေးအကူအညီတပ်ဖွဲ့ဝင်များကို ဒါဘလိုတောင်ဘက် မှ ၄၅ ကီလိုမီတာအကွာခန့်ရှိသည့် ဘာဆာလေ့ဟိုမှ စေလွှတ်ခဲ့ပြီး အခင်းဖြစ်ပွားရာ အနီးတစ်ဝိုက်တွင် ပိုက်စိပ်တိုက်ရှာဖွေမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ဒါဘလိုသည် ဆန်မာတင်ဂါပြည်နယ်မြောက်ပိုင်းတွင် တည်ရှိသည်။ ပြင်သစ်အထူးတပ်ဖွဲ့ဝင်များက ဘာကီနာဖာဆိုမြောက်ပိုင်းရှိ ပြည်ပခရီးစာခံလေးဦးကို လေကြောင်းစီးနင်းတိုက်ခိုက်မှုအတွင်း လွှတ်ပေးလိုက်ပြီး နှစ်ရက်အကြာတွင် ယင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ

ဗင်နီဇွဲလားနိုင်ငံအပေါ် အမေရိကန်၏ အရေးယူပိတ်ဆို့မှုများက ကျန်းမာရေးအစီအစဉ်များကို ထိခိုက်စေ

ကရာကတ် မေ ၁၃

ဗင်နီဇွဲလားနိုင်ငံပိုင် ရေနံကုမ္ပဏီ Petroleos de Venezuela ကုမ္ပဏီအပေါ် အမေရိကန်က အရေးယူပိတ်ဆို့မှု ပြုလုပ်လိုက်သည့်အတွက် ကျန်းမာရေးအစီအစဉ်များ ရပ်ဆိုင်းခဲ့ပြီး ထိခိုက်ခံစားနေရသည့်လူနာများမှာ စိုးရိမ်ဖွယ်ရာ အခြေအနေတွင်ရှိကြောင်း ဗင်နီဇွဲလားလူ့အခွင့်အရေးဆိုင်ရာ အမျိုးသားကောင်စီ အမှုဆောင်အတွင်းရေးမှူးက ပြောကြားခဲ့သည်။

နိုင်ငံတကာလူ့အခွင့်အရေး စနစ်ဆိုင်ရာအေးဂျင့်တစ်ဦးဖြစ်သည့် လာရီဒီဗိုးနှင့် အင်တာဗျူးအမေးအဖြေပြုလုပ်ခဲ့မှုတွင် လာရီက အီတလီနှင့် အာဂျင်တီးနားတို့ရှိ အဖွဲ့အစည်းများနှင့် ပေါင်းစည်းလျက် PDVSA ကုမ္ပဏီက ထောက်ပံ့မှုပေးထားသည့် ကျန်းမာရေးအစီအစဉ်များသည် အမေရိကန်အစိုးရအဖွဲ့၏ အရေးယူပိတ်ဆို့မှုကို ခံခဲ့ရသည်ဟု ၎င်းကဖြေကြားခဲ့သည်။

လတ်တလောတွင် အီတလီ၌ လူနာ ၂၄ ဦးရှိပြီး ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ၎င်းတို့၏ အခြေအနေမှာ စိုးရိမ်ဖွယ်ရှိကြောင်း၊ အဘယ့်ကြောင့်ဆိုသော် PDVSA ကုမ္ပဏီက ကြိုးပမ်းနေသည့် ဘဏ်ငွေလွှဲခြင်းကို နိုင်ငံတကာငွေကြေးစနစ်က လက်မခံသည့်အတွက်ဖြစ်ကြောင်း ၎င်းက ပြောသည်။ အီတလီ၌ ရောက်ရှိနေသည့် လူနာ ၂၄ ဦးအပြင် နောက်ထပ် အီတလီ၌ သွားရောက်ဆေးကုသမှုခံယူရန် စောင့်ဆိုင်းနေကြသည့် လူနာ ၁၂ ဦးရှိကြောင်း သိရသည်။

ဒီဗိုး၏ ပြောပြချက်အရ PDVSA ကုမ္ပဏီသည် အီတလီရှိ ရိုးတွင်းချဉ်ဆီအစား ထိုးကုသမှုအဖွဲ့အစည်းနှင့် သဘောတူညီမှုတစ်ခုပြုလုပ်ထားပြီး ယင်းအဖွဲ့အစည်းသည် လူနာပေါင်း ၅၀၀ ကျော်ကို စောင့်ရှောက်ကုသမှုပေးခဲ့သည်ဟု ဆိုသည်။ အစီအစဉ်များ ရပ်ဆိုင်းသွားသည့်အတွက် လူနာများ၏ လူ့အခွင့်အရေးဆိုင်ရာ ထိခိုက်မှုရှိခဲ့ကြောင်း ဒီဗိုးက ပြောကြားခဲ့သည်။

ဆင်ဟွာ

ဓားဖြင့်ခြိမ်းခြောက်ခံရပြီးနောက် မင်းသားဟီဆာဟီတို ကျောင်းပြန်တက်

တိုကျို မေ ၁၃

ဂျပန် တော်ဝင်မင်းသား ဟီဆာဟီတိုသည် ၎င်းနှင့် သက်တူရွယ်တူများနှင့်အတူ တနင်္လာနေ့က ကျောင်းပြန်တက်နေပြီဖြစ်ကြောင်း သိရသည်။ မင်းသား ဟီဆာဟီတို တက်ရောက်သည့် ကျောင်းအတွင်း မင်းသားထိုင်သည့် စာသင်ခုံအောက်တွင် လွန်ခဲ့သောလက ဓားတွေ့ရှိခဲ့ပြီးနောက် ပုံမှန်စာသင်ချိန်များကို ယာယီရပ်ဆိုင်းခဲ့သည်။

ဧပြီ ၂၆ ရက်က အဆိုပါဖြစ်ရပ် ပေါ်ပေါက်ပြီးနောက် တိုကျိုမြို့ရှိ အိုချနိုမိဇူတက္ကသိုလ်ရှိ အထက်တန်းကျောင်းတွင် စာသင်ချိန်များကို ရပ်နားထားခဲ့ခြင်းဖြစ်သည်။ ဧကရာဇ်အကီဟီတို နန်းစွန့်ပြီး ဂျပန်ဧကရာဇ် နာရူဟီတို နန်းတက်ပွဲ ကျင်းပရန် ပြင်ဆင်နေချိန်ကာလအတွင်း ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့စာသင်ခုံအောက်မှ ဓားတွေ့သည့် ဖြစ်ရပ်ပေါ်ပေါက်ပြီးနောက် ကျောင်းမှ တာဝန်ရှိသူများသည် မိဘများကို ခေါ်ယူတွေ့ဆုံခဲ့သည်။

ထို့နောက်ကျောင်းတွင် လုံခြုံရေးချွတ်ယွင်းခဲ့ရသည့်ကိစ္စအတွက်လည်း တောင်းပန်ခဲ့သည်။ အလားတူဖြစ်ရပ်မျိုးနောက်ထပ်မဖြစ်ပွားအောင် လေ့ကျင့်ထားကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြထားသည်။ ကျောင်းတွင် လုံခြုံရေးအစောင့်များကိုလည်း တိုးမြှင့်ထားပြီး ကျောင်းအပြင်တွင်လည်း စောင့်ကြပ်မှုများ ပြုလုပ်ထားကြောင်း၊ ကျောင်းအတွင်း လူစိမ်းဝင်ရောက်လာပါကလည်း မည်သို့တုံ့ပြန်သွားရမည်ကို ဆရာများနှင့် ကျောင်းသားများကို လေ့ကျင့်ပေးထားရန်လည်း ကျောင်းတာဝန်ရှိသူများက ကတိပြုပြောကြားခဲ့သည်။

ဆင်ဟွာ

ရွှေ့ပြောင်းလုပ်သားတွေအတွက် စင်ကာပူနိုင်ငံဟာ အောင်မြင်မှုလှေကားထစ် တစ်ခုလား

ထွန်းသစ်စ

စင်ကာပူနိုင်ငံမှာ လာရောက်လုပ်ကိုင်နေသူ၊ ရွှေ့ပြောင်းအခြေချသူတွေဟာ စင်ကာပူနိုင်ငံအတွက် အကျိုးရှိတယ်လို့ ဆိုငြားသော်လည်း ၎င်းတို့အပေါ် ကာလရှည်ကြာရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး စင်ကာပူလူငယ်လေးတွေရဲ့အမြင်မှာ ဝေဖန်မှုတွေရှိနေတယ်လို့ ပြည်တွင်း ဉာဏ်ကြီးရှင်အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ မူဝါဒလေ့လာရေးအဖွဲ့(အိုင်ပီအက်စ်)ရဲ့ စစ်တမ်းမှာ ဖော်ပြထားပါတယ်။



စင်ကာပူနိုင်ငံတွင် လာရောက်အလုပ်လုပ်နေကြသော နိုင်ငံရပ်ခြားမှ ရွှေ့ပြောင်းအခြေချသူများကို တွေ့ရစဉ်။

အစိုးရမူဝါဒတွေဟာ ငယ်ရွယ်တဲ့စင်ကာပူလူမျိုးတွေအတွက် နေထိုင်ဖို့ တကယ့်ကို ကောင်းမွန်လှပါတယ်။ အထူးသဖြင့် ပညာရေးအခွင့်အလမ်းတွေ၊ နိုင်ငံရေးတည်ငြိမ်မှုတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုတွေနဲ့ အိမ်ရာတွေအတွက် အထူးအခွင့်အလမ်းတွေရှိနေတယ်လို့ အိုင်ပီအက်စ်၏ တာဝန်ရှိပုဂ္ဂိုလ် ဒေါက်တာကို့က ပြောပါတယ်။

လှေကားထစ်

အိုင်ပီအက်စ် က ၁၉ နှစ်နဲ့ ၃၀ ကြားရှိတဲ့ လူပေါင်း ၂၀၀၀ ကျော်လောက်ကို ပြုလုပ်ခဲ့တဲ့ လေ့လာဆန်းစစ်မှုတွေက ဘာကိုပြနေသလဲဆိုရင် ငယ်ရွယ်တဲ့စင်ကာပူလူငယ်တွေနဲ့ ရွှေ့ပြောင်းအခြေချသူတွေရဲ့ကြား အတွေးမျှင်တစ်ခုကို ဖော်ထုတ်ပြထားတယ်လို့ ဆိုပါတယ်။

အိုင်ပီအက်စ်ရဲ့ လေ့လာတွေ့ရှိမှုစစ်တမ်းတွေအရ ၅၅ ဒသမ ၉ ရာခိုင်နှုန်းလောက်သော စစ်တမ်းဖြေကြားသူတွေဟာ စင်ကာပူနိုင်ငံမှာ လက်ရှိအလုပ်လုပ်ကိုင်နေတဲ့ နိုင်ငံခြားသား ပညာရှင်တွေ သို့မဟုတ် ပါရမီရှင်တွေဟာ စင်ကာပူထက်မြင့်မားတဲ့ အခြားနိုင်ငံတွေကိုသွားဖို့ စင်ကာပူနိုင်ငံကို လှေကားထစ်သဖွယ် အသုံးချနေတယ်လို့ ဆိုပါတယ်။

ဖြစ်နိုင်

စစ်တမ်းဖြေကြားသူ ထက်ဝက်နီးပါး (၄၈ ရာခိုင်နှုန်း) က နိုင်ငံခြားသားပညာရှင်တွေဟာ စင်ကာပူနိုင်ငံရဲ့လူ့အဖွဲ့အစည်းအတွင်း ညီညွတ်မှုကို လျော့နည်းစေတယ်လို့ ဆိုပါတယ်။ သို့သော်လည်း ၆၂ ဒသမ ၅ ရာခိုင်နှုန်းလောက်သော စစ်တမ်းဖြေကြားသူတွေဟာ နိုင်ငံခြားသား ပညာရှင်တွေဟာ စင်ကာပူနိုင်ငံရဲ့တိုးတက်မှုတွေကို စင်ကာပူနိုင်ငံသားတွေလိုပဲ ဆောင်ကြဉ်းတယ်လို့ ဖြေကြားခဲ့ပါတယ်။

အချိန်ကြာလာတာနဲ့အမျှ စင်ကာပူနိုင်ငံသားတွေက နိုင်ငံခြားသား ပညာရှင်တွေဟာ စင်ကာပူနိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေတယ်ဆိုတာ နားလည်ထားကြပါတယ်။ သူတို့ဟာ စင်ကာပူနိုင်ငံကြီးကို ဖွံ့ဖြိုးအောင် လုပ်ဆောင်နေတယ်လို့ ဆိုပါတယ်။ အလုပ်အကိုင်နဲ့ အခွင့်အလမ်းတွေဟာ အခုအချိန်မှာ စင်ကာပူနိုင်ငံအတွက် တိုက်ရိုက်အချိုးကျချင်မှ ကျနိုင်မှာဖြစ်သော်လည်း နောင်ဖွံ့ဖြိုးတိုးတက်လာမယ့် အနေအထားနဲ့ဆို ဖြစ်နိုင်ကောင်းပါတယ်။

အပြုသဘောဆောင်

နိုင်ငံခြားသားပညာရှင်တွေများပြားခြင်းဟာ နိုင်ငံတိုးတက်သည်မှန်သော်လည်း တစ်ဖက်ကလည်း သူတို့တွေ ဘယ်အချိန်နိုင်ငံက ထွက်ခွာသွားမလဲဆိုတာနဲ့ ပတ်သက်ပြီး စိုးရိမ်နေရပါတယ်။ အဲဒါက လူမှုရေးဆိုင်ရာ စည်းလုံးညီညွတ်မှုကို လျော့နည်းသွားစေမှာပဲဖြစ်ပါတယ်။

ရွှေ့ပြောင်းအခြေချသူတွေဟာ စင်ကာပူနိုင်ငံကိုလာတဲ့ အကြောင်းတရားတွေ အမျိုးမျိုးရှိပါတယ်။ သူတို့ကို အမျိုးအစားအားဖြင့် အဓိကအုပ်စုကြီးလေးစုခွဲခြားနိုင်ပါတယ်။ ပထမအုပ်စုကတော့ အစီအစဉ်တကျနေထိုင်သူတွေ ၃၁ ဒသမ ၆ ရာခိုင်နှုန်း၊ အောင်မြင်အောင်လုပ်ဆောင်နေထိုင်သူတွေ ၂၉ ဒသမ ၁ ရာခိုင်နှုန်း၊ ဟိုကူးဒီကူးနေထိုင်သူတွေ ၁၁ ဒသမ ၆ ရာခိုင်နှုန်းနဲ့ ရှာဖွေစူးစမ်းလေ့လာသူတွေ ၂၇ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း အိုင်ပီအက်စ်က ဆိုပါတယ်။

ဟိုကူးဒီကူးနေထိုင်သူတွေနဲ့ စူးစမ်းရှာဖွေသူတွေဟာ ရည်ရွယ်ချက်မြင့်မားစွာနဲ့ ပြောင်းရွှေ့အခြေချတဲ့သူတွေဖြစ်ပါတယ်။ သူတို့ဟာ ပြောင်းရွှေ့ခြင်းဟာ နိုင်ငံတစ်နိုင်ငံရဲ့လူမှုရေးနဲ့ စီးပွားရေးဆိုင်ရာ အဆင့်အတန်းအပေါ် အကျိုးသက်ရောက်မှုရှိတယ်ဆိုတဲ့ အပြုသဘောဆောင်တဲ့ သူတွေပဲဖြစ်ပါတယ်လို့ စစ်တမ်းကောက်ယူသူတွေက ဆိုပါတယ်။

ဒွန်တွဲ

နိုင်ငံခြားသားပညာရှင်တွေနဲ့ ပတ်သက်ပြီး အမျိုးမျိုးသော ရည်ရွယ်ချက်တွေအပေါ် ဒီနေရာမှာ ပြောချင်တာကတော့ စူးစမ်းရှာဖွေသူတွေဟာ ဒေသခံတွေနဲ့ နိုင်ငံခြားသားတွေကြား သိသာတဲ့ခြားနားမှုတွေရှိတယ်လို့ ဆိုပါတယ်။ စူးစမ်းရှာဖွေတဲ့ ပြောင်းရွှေ့အခြေချတဲ့သူတွေအပေါ် လူတိုင်းက အကောင်းနဲ့အဆိုး ဒွန်တွဲနေတဲ့ခံစားချက်မျိုးကို ဖြစ်ပေါ်စေပါတယ်လို့ စစ်တမ်းကောက်ယူသူ ဒေါက်တာ ကို့က ပြောပါတယ်။

တခြားနိုင်ငံတစ်နိုင်ငံကို ရွှေ့ပြောင်းနေထိုင်တဲ့သူတွေကို မကြာခဏတွေ့ရလေ့ရှိသလို အချိန်တိုင်းလည်း တွေ့ရလေ့ရှိပါတယ်လို့ ငါးယောက်မှာ တစ်ယောက် ၁၈ ဒသမ ၃ ရာခိုင်နှုန်းသော ဖြေကြားတဲ့သူတွေက ဖြေကြားခဲ့ပါတယ်။ အဲဒီလိုမျိုးပမာဏဟာ လွန်ခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်နဲ့ နှိုင်းယှဉ်လိုက်မယ်ဆိုရင် ၂ ဒသမ ၉ ရာခိုင်နှုန်းခန့် ကျဆင်းသွားတယ်လို့ ဆိုပါတယ်။

သဘောကျ

တခြားတစ်ဖက်ကကြည့်ရင် သုံးပုံပုံတစ်ပုံနီးပါး ၂၉ ဒသမ ၂ ရာခိုင်နှုန်းဟာ လာမယ့်ငါးနှစ်အတွင်းမှာ နိုင်ငံခြားကို ထွက်ခွာပြီး အခြေချနေထိုင်နိုင်ခြေအပေါ် လုံးဝကိုသဘောတူကြတာကိုတွေ့ရပါတယ်။ ပညာရေးအဆင့်အတန်းမြင့်မားစွာရှိတာ၊ အင်္ဂလိပ်ဘာသာစကားပြောတတ်တာနဲ့ပတ်သက်ပြီး အရွယ်ရောက် ဖြေကြားသူတွေနဲ့ ယောကျ်ားတွေကတော့ သူတို့ဟာ ရွှေ့ပြောင်းနေထိုင်မှုကို ပိုမိုပြုလုပ်နိုင်ခြေရှိတယ်လို့ ဆိုပါတယ်။

ငယ်ရွယ်တဲ့ စင်ကာပူနိုင်ငံသားတွေအနေနဲ့ နိုင်ငံမှာ အဓိကအခြေကျနေရတဲ့အကြောင်းကတော့ မိသားစုဝင်တွေရှိတာ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနဲ့ လုံခြုံရေးကောင်းကောင်းရှိတာ၊ သူငယ်ချင်းတွေ ရှိတာတို့ကြောင့်ပဲ ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံသားတွေအတွက်ကတော့ ဩစတြေးလျနိုင်ငံဟာ သူတို့ရွှေ့ပြောင်းသွားလာဖို့ အကောင်းဆုံးနိုင်ငံတစ်ခုဖြစ်တယ်လို့ ၃၅ ဒသမ ၆ ရာခိုင်နှုန်းသော ဖြေကြားသူတွေက ဆိုပါတယ်။ ပြီးတော့လည်း နယူးဇီလန်၊ အမေရိကန်ပြည်ထောင်စုနဲ့ အင်္ဂလန်နိုင်ငံတို့ကိုလည်း သဘောကျကြတယ်လို့ ဆိုပါတယ်။

စင်ကာပူဟာ နိုင်ငံရဲ့ဂုဏ်သိက္ခာနဲ့ ဘဝကျေနပ်မှုအဆင့်အတန်းတွေမှာ အများအပြားတိုးတက်မှုရှိတယ်လို့ ဒေါက်တာကို့က ဆိုပါတယ်။ ဒါကြောင့် ရွှေ့ပြောင်းအခြေချသူတွေဟာ အခြားနိုင်ငံမှာထက် စင်ကာပူနိုင်ငံမှာ နိုင်ငံသားဖြစ်ရတာကို ပိုပြီးသဘောကျတယ်လို့ ဆိုပါတယ်။ ၅၈ ရာခိုင်နှုန်းသော စစ်တမ်းပါဝင်ဖြေကြားသူတွေဟာ စင်ကာပူနိုင်ငံမှာနေရတာ ကျေနပ်မှုရှိတယ်လို့ ဖြေကြားခဲ့ပါတယ်။

စင်ကာပူနိုင်ငံဟာ လာမယ့် ဆယ်စုနှစ်အတွင်းမှာ စီးပွားရေး တစ်ဟုန်ထိုးတိုးတက်မယ်၊ အဲဒီလိုတိုးတက်လာတဲ့အခါ အလုပ်အကိုင်အခွင့်အလမ်းတွေဟာ နိုင်ငံသားတိုင်းရရှိခံစားနိုင်မယ့် အခြေအနေတစ်ရပ်ဖြစ်တယ်လို့ စစ်တမ်းမှာ ဖော်ပြခဲ့ပါတယ်။ ။

ကိုးကား - ချန်နယ်နယူးအေးရှ

"စင်ကာပူဟာ နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ ဘဝကျေနပ်မှုအဆင့်အတန်းတွေမှာ အများအပြားတိုးတက်မှုရှိတယ်လို့ ဒေါက်တာ ကို့က ဆိုပါတယ်။ ဒါကြောင့် ရွှေ့ပြောင်းအခြေချသူတွေဟာ အခြားနိုင်ငံမှာထက် စင်ကာပူနိုင်ငံမှာ နိုင်ငံသားဖြစ်ရတာကို ပိုပြီးသဘောကျတယ်လို့ ဆိုပါတယ်။ ၅၈ ရာခိုင်နှုန်းသော စစ်တမ်းပါဝင်ဖြေကြားသူတွေဟာ စင်ကာပူနိုင်ငံမှာနေရတာ ကျေနပ်မှုရှိတယ်လို့ ဖြေကြားခဲ့"

နိုင်ငံတကာသတင်းတိုတွာ

မြောက်ကိုရီးယားနိုင်ငံနှင့် ထိပ်သီးအစည်းအဝေးပြုလုပ်နိုင်ရေး ဂျပန်ကြိုးပမ်းနေ

တိုကျို မေ ၁၃

မြောက်ကိုရီးယားနိုင်ငံက တိုက်ချင်းပစ်ဒုံးကျည်တစ်လုံးကို ပြီးခဲ့သည့်ရက်သတ္တပတ်က စမ်းသပ်ပစ်ခတ်မှု ပြုလုပ်ခဲ့သော်လည်း ဂျပန်အစိုးရအနေဖြင့် မြောက်ကိုရီးယားနှင့် ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပနိုင်ရေး ဆက်လက်ကြိုးပမ်းသွားဦးမည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့အကြီးအကဲ ယိုရှီဟီဒီစူဂါက ပြောကြားခဲ့သည်။

ယိုရှီဟီဒီစူဂါသည် တနင်္လာနေ့က ပြုလုပ်သည့် အောက်လွှတ်တော်ကော်မတီအစည်းအဝေး၌ မိန့်ခွန်းပြောစဉ်အတွင်း ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တွေ့ဆုံသွားရန် သင့်မသင့်နှင့်ပတ်သက်၍ မေးမြန်းရာတွင် စူဂါက မြောက်ကိုရီးယားနှင့် ပတ်သက်၍ ဂျပန်၏ရပ်တည်ချက်သဘောထားမှာ ပြောင်းလဲခြင်းမရှိကြောင်း ဖြေကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

မော်ရိုကို-စပိန် နယ်စပ်တွင် အာဖရိက ရွှေ့ပြောင်းနေထိုင်သူများ ဆူပူမှုဖြစ်ပေါ်

ရာဘတ် မေ ၁၃

တရားမဝင်အာဖရိကမှ ရွှေ့ပြောင်းသွားလာသူများသည် မော်ရိုကိုနှင့် စပိန် နယ်စပ် ခြံစည်းရိုးနားတွင် ဆူပူမှုများဖြစ်ပေါ်ခဲ့ကြောင်း MAP သတင်းဌာနကပြောသည်။ မော်ရိုကို ပြည်သူ့တပ်ဖွဲ့ဝင်များသည် ယင်းဆူပူမှုကို ဝင်ရောက်ထိန်းသိမ်းခဲ့ပြီး တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၄၀ ခန့်ကို ဖမ်းဆီးခဲ့သည်။

ရွှေ့ပြောင်းသွားလာသူ ၅၀နီးပါးခန့်သည် မယ်လဲလာမြို့သို့ ဝင်ရောက်နိုင်ရေး စပိန်အစောင့်များ စောင့်ကြပ်နေသည့်ကြားမှ ခြံစည်းရိုးများအပေါ် ကျော်တက်ခဲ့သည်။ မော်ရိုကို ပြည်သူ့တပ်ဖွဲ့မှစုစုပေါင်း ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ရွှေ့ပြောင်းသွားလာသူများဘက်မှ နှစ်ဦး ဒဏ်ရာရရှိခဲ့ပြီးနောက် ၎င်းတို့ကို ပြည်နယ်ဆေးရုံသို့ ခေါ်ဆောင်သွားခဲ့သည်။

နှစ်စဉ်နှစ်တိုင်း ဆူတာနှင့် မယ်လဲလာတို့သို့ ဝင်ရောက်ရန်ကြိုးပမ်းကြသည့် အာဖရိကမှ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူထောင်နှင့်ချီ၍ရှိကြောင်း၊ ဥရောပတွင် ပိုမိုကောင်းမွန်သည့် ဘဝအာမခံချက်ရရှိရန် ရည်ရွယ်ချက်ဖြင့် ထိုသို့လုပ်ဆောင်ကြခြင်းဖြစ်ကြောင်း သိရသည်။ မော်ရိုကိုနိုင်ငံနှင့် စပိန်နိုင်ငံမှ မယ်လဲလာမြို့တို့ကြားတွင် ခြောက်မီတာအမြင့်ရှိသည့် ခြံစည်းရိုးခြားထားသည်။

ဆင်ဟွာ

ကြိုးစားရှင်သန်နေကြရသည့် မိတ္ထီလာမှ အိမ်တွင်းစက်မှုလုပ်ငန်း စက်ရက်ကန်းများ

● ချမ်းသာ(မိတ္ထီလာ) ●

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်မှ မိတ္ထီလာစက်မှုဇုန်နှင့် ဝမ်းတွင်းမြို့နယ်တို့ရှိ စက်ရက်ကန်းလုပ်ငန်းများသည် မြန်မာနိုင်ငံတစ်ဝန်း အမျိုးသား အမျိုးသမီးဝတ် လုံချည်အမျိုးမျိုး ဈေးကွက်၏ ၇၀ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းတင်ပို့ရောင်းချပေးနေသည်။

မိတ္ထီလာခရိုင်အတွင်း ဝမ်းတွင်းမြို့နယ်ပြီးလျှင် မိတ္ထီလာမြို့နယ် စက်မှုဇုန်ရှိ စက်ရက်ကန်းလုပ်ငန်းအရေအတွက်မှာ အများဆုံးဖြစ်ပြီး မိတ္ထီလာစက်မှုဇုန်တွင် စက်ရက်ကန်းလုပ်ငန်းရှင် ၁၇၀ ခန့်ရှိကာ စက်ရက်ကန်းစင် ၁၂ စင်မှ စင် ၂၀၊ စင်၃၀ စသည်ဖြင့် စက်ရက်ကန်းရုံများ တည်ထောင်၍ အထည်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည်။

စက်ရက်ကန်းလုပ်ငန်းသည် အိမ်သုံးမီတာဖြင့် လုပ်ကိုင်နိုင်သည့် တစ်ခုတည်းသော အိမ်တွင်းစက်မှုလုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ကျေးရွာအများအပြားတွင် လျှပ်စစ်မီးရရှိလာသည်နှင့်အမျှ တစ်ပိုင်တစ်နိုင် စက်ရက်ကန်းလုပ်ငန်းများကို လုပ်ကိုင်လာသူများ များပြားလာကြောင်း သိရသည်။

စက်ရက်ကန်းလုပ်ငန်း လုပ်ကိုင်လာသူများ ယခင်ထက်များပြားလာ၍ ဈေးကွက်တွင် အပြိုင်အဆိုင်ရောင်းချရမှုများလာခြင်း၊ ကုန်ကြမ်းချည်ဈေးနှုန်းမြင့်မားလာခြင်းတို့ကြောင့် မိတ္ထီလာစက်မှုဇုန်မှ စက်ရက်ကန်းလုပ်ငန်းများမှာ လုပ်ငန်းဆက်လက်ရပ်တည်နိုင်ရုံအဆင့်ဖြင့် ကြိုးစားရုန်းကန် ရပ်တည်နေကြရသည်။

စက်ရက်ကန်းလုပ်ငန်းများသည် သာမန်ကြည့်လျှင် လွယ်ကူသည့်လုပ်ငန်းဟု ထင်မြင်နိုင်သော်လည်း ထင်သလောက် မလွယ်ကူသော အလတ်စားစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ မည်သို့ဆိုစေ မိတ္ထီလာစက်မှုဇုန်မှ စက်ရက်ကန်းလုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးရှင်သန်နိုင်ရေးအတွက် စီးပွားရေးပညာရှင်များ၊ ရက်ကန်းပညာရှင်များ၊ ရက်ကန်းလုပ်ငန်းရှင်များနှင့် သက်ဆိုင်သူများက ဝိုင်းဝန်းပူးပေါင်း အဖြေရှာဆောင်ရွက်သင့်ပါသည်။

မိတ္ထီလာစက်မှုဇုန်မှ ရုန်းကန်ရှင်သန်နေဆဲ စက်ရက်ကန်းလုပ်ငန်းများထဲတွင် စက်ရက်ကန်းများဖြင့် အထည်ရက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မြင်ကွင်းတချို့ကို ရိုက်ကူးတင်ပြလိုက်ပါသည်။

ချမ်းသာ (မိတ္ထီလာ)

ရက်လုပ်မည့် ချည်ထည်များကို ဆေးမဆိုးမီ ပေါင်းခံကြိတ်စက်ဖြင့် ပြင်ဆင်နေစဉ်။

ရက်လုပ်မည့် ချည်ထည်များအား ပေါင်းခံဆေးဆိုးနေစဉ်။

ဆေးဆိုးပြီး ချည်ထည်များအား နေလှန်းအခြောက်ခံနေစဉ်။

အထည်မရက်လုပ်မီ ချည်များအား ချည်ငင်စက်ဖြင့် ချည်ငင်နေစဉ်။



လိုချင်သောအရောင်အသွေး၊ ဒီဇိုင်းများ ရရှိရန် ရက်ကန်းစက်ဖြင့် ရက်လုပ်နေစဉ်။

ရက်လုပ်ပြီး အမျိုးသားဝတ်လုံချည်အမျိုးမျိုးအား တစ်ထည်ချင်းစီ ထုပ်ပိုးရန် ဆောင်ရွက်နေစဉ်။

အထည်များအား ဈေးကွက်သို့ တင်ပို့ရန် ပြင်ဆင်ဆောင်ရွက်နေစဉ်။

စွန့်ပစ်အမှိုက်ဆိုင်ရာ စီမံခန့်ခွဲမှုအသိပညာပေးသင်ကြားခြင်း ဆရာဖြစ်သင်တန်း ပျဉ်းမနား၌ ဖွင့်လှစ်မည်

ပျဉ်းမနား မေ ၁၃

Clean Yangon နှင့် Clean Pyinmana တို့ ပူးပေါင်းဆောင်ရွက်သော အမှိုက်လျှော့ချရေးနှင့် စွန့်ပစ်အမှိုက်ဆိုင်ရာ စီမံခန့်ခွဲမှု အသိပညာပေး သင်ကြားခြင်း ဆရာဖြစ်သင်တန်းကို မေ ၁၄ ရက်မှ ၁၆ ရက်အထိ ပျဉ်းမနားမြို့၌ Clean Yangon စေတနာ့ဝန်ထမ်းများက လာရောက်ဖွင့်လှစ်ပေးမည် ဖြစ်ကြောင်း သိရသည်။

Clean Yangon အဖွဲ့သည် ရန်ကုန်မြို့ရှိ ပရဟိတအသင်းအဖွဲ့များ၊ ပရဟိတကို စိတ်ဝင်စားသူများ၊ အနုပညာရှင်များစုစည်း၍ စွန့်ပစ်အမှိုက်ဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းများ လျော့နည်းလာစေရန်၊ မြို့တော်များ သန့်ရှင်းသာယာလှပစေရန်၊ အခြေခံလူနေမှုစရိုက်များ မြင့်တက်လာစေရန်၊ သဘာဝပတ်ဝန်းကျင်များ ထိခိုက်မှုလျော့နည်းစေရန် ရည်ရွယ်လုပ်ဆောင်လျက် ရှိသည်။

Clean Yangon သည် အမှိုက်လျှော့ချရေး၊ စွန့်ပစ်အမှိုက်ဆိုင်ရာ အသိပညာပေးသင်ကြားခြင်း သင်တန်းများနှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည်တီထွင် အသုံးပြုခြင်းသင်တန်းများကို အခမဲ့စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ပရဟိတကို စိတ်ဝင်စားသူများအနေဖြင့် ဖုန်း-၀၉ - ၇၉၉၆၇၀၉၁၄၊ ၀၉ - ၄၂၀၀၂၆၄၇၇၊ ၀၉- ၄၂၀၀၂၀၀၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

၀၃၂

ကယားပြည်နယ် မယ်စဲ့မြို့ ဒေသဖွံ့ဖြိုးရေး လမ်းမီးများတပ်ဆင်

မယ်စဲ့ မေ ၁၃

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့တွင်းသာယာလှပရေးနှင့် ဒေသခံပြည်သူများ ဘေးအန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် အလင်းရောင်နှစ်ဖက်ရ LED လျှပ်စစ်မီးတိုင်များကို တပ်ဆင်ထားလျက်ရှိကြောင်း သိရသည်။

အဆိုပါ LED လျှပ်စစ်မီးတိုင်များ ထွန်းညှိခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၂၀ ဒသမ ၀၉ သန်းဖြင့် မြင့်မြတ်အောင်စည်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လမ်းမီးတိုင်များမှာ သံတိုင်အမျိုးအစားဖြစ်ပြီး အမြင့်မှာ ၉ မီတာရှိကာ LED 115 Watt မီးလုံးများ တပ်ဆင်ထားကြောင်း သိရသည်။ ယင်းလျှပ်စစ်မီးတိုင်များ ချိတ်ဆက်တပ်ဆင်နိုင်ရေးအတွက် ၁၀၀ ကေဗွီအေ ထရန်စဖော်မာအသစ်တစ်လုံးတည်ဆောက်ထားပြီး ဗိုလ်ချုပ်လမ်း၊ မန်းဘခိုင်ဝန်ထမ်းအိမ်ရာ၊ စဝ်စံထွန်းလမ်း၊ ဘုရင့်နောင်လမ်း၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ဆွန်ပက်လမ်းတို့တွင် လမ်းမီးများကို မေ ၄ ရက် ညမှစတင်ကာ ဓာတ်အားပို့လွှတ်လျက်ရှိကြောင်း သိရသည်။

LED လမ်းမီးများ တပ်ဆင်ထားသည့် မယ်စဲ့မြို့တွင်းလမ်းပိုင်း တစ်နေရာကိုတွေ့ရစဉ်။

ဝတ်ရည်(မြန်/ဆက်)

ရေကြည်မြို့နယ်၌ ဖြတ်တာတစ်လုံးတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီး

ပြိုကျပျက်စီးသွားသော တာတုံးနေရာတွင် ဖြတ်တာအသစ် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

ရေကြည် မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်မကျီးလဟာကျေးရွာအုပ်စုတွင် ဧပြီ ၂၈ ရက်က ဝေန်တာမိုင်(၅၉/၅) နှင့် (၅၉/၇) ကြား တာတုံးပြိုကျ ပျက်စီးသဖြင့် တာနောက်တွင် ဖြတ်တာတစ်ခုကို စက်ယန္တရားများဖြင့်အရေးပေါ်ဖြစ်သည့်အတွက် ဖြတ်တာတည်ဆောက်ခြင်းလုပ်ငန်းကို မိုးရာသီကာလမတိုင်မီပြီးစီးရန် ဌာနမှစက်များ ငှားရမ်းဆောင်ရွက်ခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းမော်က ပြောသည်။

ယခုဆောင်ရွက်လျက်ရှိသော ဖြတ်တာမှာအလျား ပေ ၆၆၀ တာထိပ်အကျယ် ၁၂ ပေ ပျမ်းမျှအမြင့် ပေ ၂၀ ခန့်နှင့် လမ်းအနိမ့်အမြင့်အလိုက် အောက်ခြေခံ ၁၁၅ ပေခန့်ရှိကြောင်း သိရသည်။

ဝေန်မြစ်ကမ်းပြိုမှုကြောင့် တာတုံးပြိုကျပျက်စီးသည့် မကျီးလဟာကျေးရွာတွင် တည်ဆောက်ပြီးသောဖြတ်တာသစ်ကို တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တိုင်းဒေသကြီးညွှန်မှူးနှင့် ခရိုင်ညွှန်မှူးတို့ လာရောက်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အောင်သူဟန် (မြန်/ဆက်)

မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊
(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊
(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကိုရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊
(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊
(၅) ရေဘေးအန္တရာယ်ကျရောက်လာပါကတိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊
(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊
(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကိုဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊
(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊
(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၃-၅-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၅၁၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၉၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၅၁၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၉၆၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၅၅/၁၀၁၀ ကျပ်	၁၀၀၀/၁၀၂၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၆၅/၁၀၂၀ ကျပ်	၁၀၁၅/၁၀၄၀ ကျပ်
အောက်တိန်း ၉၂	၈၅၀/၉၀၀ ကျပ်	၉၄၅/၉၆၅ ကျပ်
အောက်တိန်း ၉၅	၉၂၀/၉၇၀ ကျပ်	၁၀၁၀/၁၀၃၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၃၇ · ၉
ဥရောပ	တစ်ယူရို	ကျပ် ၁၇၂၇ · ၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၂၄ · ၁
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၂၀၀၀ · ၅
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၀၂ · ၄
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၇၂ · ၇
တရုတ်	တစ်ယွမ်	ကျပ် ၂၂၃ · ၅၉
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ · ၈၅၄
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၉ · ၆၄
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၉ · ၁၆
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ · ၅၆၀

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ယခုနှစ်တွင် ချင်းတွင်းမြစ်ရေလမ်းကြောင်းပြောင်းလဲစီးဆင်းသဖြင့် တစုန်းငုတ်များပိုမျာဟုဆို

မုံရွာ မေ ၁၃
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်သည် ယခုနှစ်တွင် ရေလမ်းကြောင်း ပြောင်းလဲစီးဆင်းသဖြင့် မြစ်ကြမ်းပြင်ရှိတစုန်းငုတ်များသည် ယခင်နှစ်များထက်ပိုများခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်း၏ ပြောကြားချက်များအရ သိရသည်။

"အခု ရေယာဉ်ကြီး/ငယ်တွေ သွားလို့ရနေပြီ၊ ပြီးခဲ့တဲ့ မိုးရာသီမှာ ရေနည်းပေမဲ့ချင်းတွင်းမြစ်က ရေလမ်းကြောင်း ပြောင်းတဲ့အတွက် အရင်ကတင်ကျန်တဲ့ တစုန်းတွေအခုနှစ်မှာ ပေါ်လာတာ အတော့်ကို များတယ်၊ မြစ်ထဲကမျောလာပြီး တင်ကျန်ခဲ့လို့ တစုန်း ပေါတာမဟုတ်ဘူး၊ ဟိုတုံးကတင်ကျန်ပြီး သဲတွေ၊ နုန်းတွေဖုံးကာ ကျွန်းတွေဖြစ်နေတယ်၊ အဲဒီကျွန်းတွေက အခုနှစ်မှာ မြစ်ရေလမ်းကြောင်း ပြောင်းပြီး မြစ်ရေတိုက်စားတော့ အောက်မှာရှိတဲ့ တစုန်းတွေပေါ်လာတာဖြစ်တယ် "ဟု စစ်ကိုင်းတိုင်းဒေသကြီးရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရေလမ်းသတ်မှတ်ရေး) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက ပြောသည်။

ချင်းတွင်းမြစ်အတွင်း တစုန်းနုတ်ခြင်းလုပ်ငန်းကို လုပ်ဆောင်လျက်ရှိရာ မုံရွာ-မော်လိုက်အပိုင်းအား မတ်လနောက်ဆုံးပတ်မှ ဧပြီလပထမပတ်အတွင်းလည်းကောင်း၊ မော်လိုက်-ဟုမ္မလင်းအပိုင်းအား ဧပြီလအတွင်း လည်းကောင်း ရေအရင်းအမြစ်နှင့်မြစ် ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် တစုန်းနုတ် ရေယာဉ်(တနယ-၂)ဖြင့် နုတ်ပေးခဲ့ကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

ယုဇနဥယျာဉ်မြို့တော်အတွင်း ဆောက်လုပ်ထားသည့် ကျူးကျော်တဲများ ဖျက်သိမ်းရှင်းလင်းခြင်းဆောင်ရွက်

ရန်ကုန် မေ ၁၃
ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်အတွင်း ဆောက်လုပ်ထားသည့် ကျူးကျော်တဲများ ဖျက်သိမ်းရှင်းလင်းခြင်းကို မေ ၁၃ ရက် နံနက် ၁၀ နာရီခွဲခန့်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းအောင်နှင့် ဝန်ထမ်းအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲမှူးကျော်ဝင်းမောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် မြို့နယ်စည်ပင်အရာရှိ ဝန်ထမ်းအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့လက်ထောက် ဦးစီးမှူး နေလင်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အိုးအိမ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဝန်ထမ်းများ ပူးပေါင်းပါ အင်အား ၁၀၀ နီးပါးခန့် အဖွဲ့ဝင်များက ကွင်းဆင်း၍ အေ(၅)လမ်း၊ ငုဝါလမ်း၊ (၆)လမ်းထိပ်၊ ပုဏ္ဏမီလမ်းမဝဲ/ယာရှိ ကျူးကျော်တဲများနှင့် စီနှင့်ဘီ (၁၁)လမ်းကြား၊ လမ်းဘေးဝဲ/ယာ ကျူးကျော်ဆောက်လုပ်ထားသည့် ဈေးဆိုင်တဲများ စုစုပေါင်း ၁၀ လုံးကို ဖျက်သိမ်းရှင်းလင်းခဲ့သည်။

အဆိုပါ ကျူးကျော်တဲများကို မေ ၈ ရက်က နို့တစ်စာ ကြိုတင်အသိပေးအကြောင်းကြားထားပြီး မေ ၁၃ ရက် နံနက် ၉ နာရီအထိ နောက်ဆုံးထားဖျက်သိမ်းပေးပါရန် အကြောင်းကြားထားပြီးဖြစ်ကြောင်း (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော် အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့် (ရွှေစပယ်)ထံမှ သိရသည်။

ကျင်မောင်

ကျေးရွာချင်းဆက်လမ်း အမာခံလမ်းခင်းနေမှု ကွင်းဆင်းကြည့်ရှု

ကျောင်းကုန်း မေ ၁၃
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အရှေ့ချောင်းအုပ်စု၊ ဖားတူပြိုက်-အရှေ့ချောင်း-ငွေးကုန်းလမ်း အမာခံခင်းခြင်းလုပ်ငန်းသို့မြို့နယ်လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့က ယနေ့ နံနက် ၁၁ နာရီတွင် ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

အဆိုပါ ဖားတူပြိုက်-အရှေ့ချောင်း-ငွေးကုန်းလမ်းသည် အရှည် တစ်မိုင်ဖြစ်ပြီး ခွင့်ပြုငွေ (၈၁ ဒသမ ၀၀)သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။ မြို့နယ်လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် မြို့နယ်လမ်းဦးစီးဌာန အင်ဂျင်နီယာတို့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ကဆုန်လပြည့်နေ့ ညောင်ရေသွန်းလောင်းပွဲတော်အား မြို့လုံးကျွတ်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ငပုတော မေ ၁၃
ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့်အားလျော်စွာကဆုန်လပြည့်နေ့ ရောက်တိုင်းအနယ်နယ်အရပ်ရပ်၌ ညောင်ရေသွန်းပွဲတော်ကို ရိုးရာပွဲတော်အဖြစ် အစဉ်အလာမပျက်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် ငပုတောမြို့၌ ညောင်ရေသွန်းပွဲတော်ကို မြို့ပေါ်ရှိပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များမှ စုပေါင်း၍ မြို့လုံးကျွတ်စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ညောင်ရေသွန်းပွဲကို မေ ၁၈ ရက်(ကဆုန်လပြည့်နေ့) ညနေပိုင်းတွင် မြို့ပေါ်ရပ်ကွက်လေးခုမှပြည်သူများက စည်ပင်သာယာကားဝင်းအတွင်းစုရပ်ပြုလုပ်ကာ မြို့တွင်းသို့ ဒေဝါဝင်း၊ ရာဇာဝင်းများဖြင့် စည်ကားသိုက်မြိုက်စွာ လှည့်လည်၍ မြို့ကျက်သရေဆောင်ရွှေမြင်းတင်စေတီ၊ စွယ်တော်မြတ်စေတီနှင့် ဝဋ္ဋကြွေးတော်ဖြေစေတီပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်တို့အား ပြည်သူများက စုပေါင်း၍ ညောင်ရေသွန်းလောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

လှမင်းထွဋ်(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး၌ အပူရှောင်စခန်း ၄၀ ကျော်ဖွင့်လှစ်၍ သက်ကြီးဘိုးဘွားများ အပူဒဏ်သက်သာစေရန် ဆောင်ရွက်ပေးနေ

မကွေး မေ ၁၃
ဒေသတွင်း စံချိန်တင်မြင့်တက်လာသော အပူချိန်များဒဏ်မှ သက်သာခွင့်ရစေရန် သက်ကြီးဘိုးဘွားများအတွက် အပူရှောင်စခန်းများကို မကွေးတိုင်းဒေသကြီးအတွင်း၌ စခန်းပေါင်း ၄၀ ကျော်ဖွင့်လှစ်၍ ဝန်ဆောင်မှု ပေးနေကြောင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ သိရှိရသည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မကွေးမြို့တွင် စခန်းလေးခု၊ ပခုက္ကူမြို့ ၁၄ ရပ်ကွက်ရှိ ပုထိုးတော်ကြီးတိုက်သစ်တွင် စခန်း ၂၀ ခုတို့ကို ဌာနအစီအစဉ်ဖြင့် ဆောင်ရွက်ပေးထားပြီး ချောက်မြို့နယ်ရှိ ဓမ္မာရုံများတွင် မြို့နယ်ထွေအုပ်နှင့် ပရဟိတအဖွဲ့များ ပူးပေါင်း၍ အပူရှောင်စခန်း ၂၀ ခု စီစဉ်ပေးထားလျက်ရှိသည်။

ရာသီဥတုက ပူလာတဲ့အခါကျတော့ အဘိုးအဘွားတွေဟာ အပူဒဏ်ကို ပြင်းပြင်းထန်ထန်လေး ခံစားနေရတာပေါ့။ ကျွန်တော်တို့ လူကယ်ပြန်ဝန်ကြီးက ပူပြင်းတဲ့နေရာတွေမှာ အပူရှောင်စခန်းတွေ ဖွင့်ဖို့လိုမယ်ဆိုပြီး လမ်းညွှန်တာလည်း ရှိတဲ့အတွက် မြို့နယ်ထွေအုပ်နဲ့ပေါင်းပြီး မြေနေရာကို အမြန်ရွေးချယ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောက်နှစ်တွေမှာလည်း အပူချိန်မြင့်မားမှုဒဏ်တွေကိုကာကွယ်နိုင်အောင် အပူရှောင်စခန်းတွေ ဆက်ဖွင့်သွားဖို့ အစီအစဉ်ရှိပါတယ်"ဟု ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူးဦးမြင့်စိုးက ဆိုသည်။

မကွေးမြို့၌ အောင်မေတ္တာရပ်ကွက်ရှိ ရတနာသိဒ္ဓိစာသင်တိုက်၊ မြို့မအိုးဘိုရပ်ကွက်၊ မဲထီးလမ်းမပေါ်ရှိ မဟာဓမ္မိကာရာမကျောင်းတိုက်၊ အောင်မင်္ဂလာရပ်ကွက်ရှိ သာသနဝ္ဗိမ္မာန်ကျောင်းတိုက်၊ အောင်ချမ်းသာရပ်ကွက်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတို့တွင် လတ်တလောစခန်း လေးခုတစ်ပြိုင်နက် စီစဉ်ထားရှိပြီး စခန်းတစ်ခုတွင် ဘိုးဘွား ၈၀ ခန့် နားနေနိုင်ကြောင်း၊ အပူကြောင့် ဖြစ်လာသည့် ရောဂါများကို အရေးပေါ်ကုသ၍ရစေရန် တိုင်းဒေသကြီးကျန်းမာရေး ဦးစီးဌာနနှင့်ညှိနှိုင်းပြီး ရွေ့လျားကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့များ စီစဉ်ထားပြီးဖြစ်ကြောင်း ဦးမြင့်စိုးထံမှ သိရသည်။

မေ ၉ ရက်ကစပြီး အပူရှောင်စခန်း စတည်ခဲ့ပါတယ်။ ဒီနေ့မှာဆိုရင် ပြီးစီးလုနီးပါးဖြစ်သွားပါပြီ။ တရားအားထုတ်ရင်း၊ အပူရှောင်ရင်းလာကြတဲ့ အဘွား ၂၀၊ အဘိုး ခုနစ်ဦး ရောက်နေပါပြီ။ လိုအပ်တဲ့အခင်းအကျင်းတွေ၊ အပူဒဏ် သက်သာစေတဲ့ အကာတွေလည်း လုပ်ထားပါတယ်။ အဘိုးအဘွားတွေ လာရောက်နားနေနိုင်ဖို့ သက်ဆိုင်ရာဆယ်အိမ်မှူး၊ ရာအိမ်မှူးများမှ တစ်ဆင့် အသိပေးဖိတ်ခေါ်တာတွေ၊ လူမှုကွန်ရက်များက ကြော်ငြာတာတွေလည်း လုပ်နေပါတယ်။ အသံချဲ့စက်နဲ့လည်း လှည့်ပြီးကြေညာသွားပါမယ်"ဟု မကွေးမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်က လတ်တလော ဆောင်ရွက်မှုအား ရှင်းပြသည်။

အပူရှောင်စခန်းတစ်ခုတွင် အနားယူနေသော သက်ကြီးအဘွားများ။

အဘိုးနှင့်အဘွားများကို အဆောင်သီးခြားစီ စီစဉ်ပေးထားပြီး နေ့လယ်စာထမင်းနှင့်အချိုရည်များ ပံ့ပိုးပေးမည့်အပြင် အကြို၊ အပို့လိုအပ်သည့်ဘိုးဘွားများအတွက် သုံးဘီးဆိုင်ကယ်များ စီစဉ်ထားကြောင်း၊ အပူရှောင်စခန်းတစ်ခုကို ငွေကျပ် ခုနစ်သိန်းခွဲခန့် ကုန်ကျခံဆောင်ရွက်ထားပြီး စေတနာရှင်များကလည်း လှူဒါန်းနိုင်ကြောင်း သိရသည်။

အိမ်တွေမှာ အဲယားကွန်းတို့၊ ပန်ကာတို့က ခဏအေးတာ၊ ဒီမှာက သဘာဝလေလေးက တစ်ဖြူးဖြူးနဲ့၊ နေ့ခင်းအိပ်၊ ညနေဘက်တရားထိုင်၊ ရေနွေးကြမ်းလေးသောက်၊ လက်ဖက်လေးစားရင်း အသက်ကြီးတဲ့သူ အချင်းချင်း စကားစမြည်ပြောကြနဲ့၊ အထီးကျန်တာလည်း မဖြစ်တော့ဘူးပေါ့"ဟု အပူရှောင်စခန်းတွင်နားနေသူ အသက် ၈၀ ခန့်ရှိ အဘွားဒေါ်အုန်းကြည်က ပြောသည်။

ဇေယျတု(မကွေး)

သံတောင်မြို့နယ်ထွက် ဒူးရင်းသီးများဈေးကွက်သို့ အမြင့်ဈေးဖြင့် စတင်ဝင်ရောက်

ရေတာရှည် မေ ၁၃
ကရင်ပြည်နယ်၊ သံတောင်မြို့နယ်၊ တောင်ပေါ်ဒေသများမှ ထွက်ရှိသည့် ဒူးရင်းသီးများ မြေပြန့် ဈေးကွက်သို့ အမြင့်ဈေးနှုန်းဖြင့် စတင်ဝင်ရောက်လာပြီး ဝယ်ယူသူနည်းပါးလျက်ရှိကြောင်း သိရသည်။

သံတောင်မြို့နယ်နှင့် ထိစပ်လျက်ရှိသော တောင်ငူမြို့၊ ရေတာရှည်မြို့များသို့ ပေါ်ဦးစ ဒူးရင်းသီးများအား တောင်ပေါ်ဒေသအထိ သွားရောက်ဝယ်ယူသူများက ကားဂိတ်နှင့် လူစည်ကားရာနေရာများ၌ ပြန်လည် ရောင်းချကြခြင်းဖြစ်သည်။

သံတောင်မြို့နယ် တောင်ပေါ်ဒေသများမှ ထွက်ရှိသည့် ဒူးရင်းသီးများမြေပြန့်ဈေးသို့ ဝင်ရောက်လာစဉ်။

"ပေါ်စဆိုတော့ ၆၀၀၀၊ ၅၀၀၀၊ ၃၀၀၀ အစားစားရှိတယ်၊ တောင်ပေါ်မှာကိုက ဈေးကမြင့်နေသေးတယ်၊ အားလုံး ဖြိုင်ဖြိုင်ပေါ်ရင်တော့ ဈေးကျသွားမှာပါ၊ ကျွန်တော်တို့က တစ်ဆင့်ပြန်ရောင်းရတာဆိုတော့ ခုလိုဈေးအမြင့်နဲ့ မရောင်းချင်ဘူး၊ ဝယ်သူနည်းတယ်၊ အချို့ကြိုက်တဲ့လူကြတော့လည်း ကားလေးရပ်ပြီး ဈေးတောင်သိတ် မဆစ်ဘူး၊ ဝယ်သွားကြတာလည်းရှိတယ်"ဟု ဒူးရင်းသီး အရောင်းအဝယ်လုပ်သူ တစ်ဦးက ပြောသည်။

ကိုလွင်(ဆွာ)

ငပလီလူ့ရည်ချွန်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ငပလီမြို့၌ ကျင်းပ

သံတွဲ မေ ၁၃

လူ့ရည်ချွန်(၁၉၆၄-၈၈)အဖွဲ့မှ ဆောက်လုပ်လှူဒါန်းသော ငပလီလူ့ရည်ချွန်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့က ငပလီမြို့ ဇီးဖြူကုန်းမူလတန်းကျောင်း၌ ကျင်းပသည်။

ကျောင်းဆောင်သစ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို မြန်မာနိုင်ငံ လူ့ရည်ချွန်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အောင်ဇော်မျိုး၊ ရခိုင်ပြည်နယ် ပညာရေးမှူး ဦးတင်သိန်း၊ ရခိုင်ပြည်နယ် လူ့ရည်ချွန်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာမြင့်နိုင်နှင့် ခရိုင်ပညာရေးမှူး ဦးမြင့်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ လူ့ရည်ချွန်(၁၉၆၄-၈၈) အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ၊ ရခိုင်ပြည်နယ် လူ့ရည်ချွန်အဖွဲ့ခွဲဥက္ကဋ္ဌတို့က ငပလီလူ့ရည်ချွန်ကျောင်း ဆောင်ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ငပလီလူ့ရည်ချွန် ကျောင်းဆောင်သစ်ကို မြန်မာနိုင်ငံ လူ့ရည်ချွန်အဖွဲ့ဥက္ကဋ္ဌက ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးတင်ငွေက လက်ခံယူပြီး လူ့ရည်ချွန်ဟောင်းဖြစ်သူ ရခိုင်ပြည်နယ် ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ငပလီလူ့ရည်ချွန်ကျောင်းဆောင်သစ်မှာ (၃၀ × ၆၀) ပေရှိပြီး ငွေကျပ်သိန်း ၂၀၀ အကုန်အကျခံကာ ငပလီရွှေဝါချိုင်စခန်းကို အမှတ်ရစေရန် ရည်ရွယ်၍ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်ကလည်း အင်းလေးတွင် လူ့ရည်ချွန်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လူ့ရည်ချွန် (၁၉၆၄-၈၈) အဖွဲ့မှာ ယခင်က လူ့ရည်ချွန်များ ခြေချခဲ့သည့် လူ့ရည်ချွန်စခန်းရှိရာနေရာ ဒေသများအားလုံးတွင် ယခုကဲ့သို့ လူ့ရည်ချွန်ကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် လူ့ရည်ချွန်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင် မောင်ကျော်က ပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**

မလှိုင်မြို့၌ သောက်သုံးရေ ဖူလုံစေရေး စက်ရေတွင်းနှင့် ရေအုတ်ကန်လှူဒါန်း

မလှိုင် မေ ၁၃

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် နယ်မြေ(၃) အမှတ်(၃) ရပ်ကွက်တွင် သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် စက်ရေတွင်းနှင့် ရေအုတ်ကန် လှူဒါန်းခြင်းကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကူညီပံ့ပိုးမှုဖြင့် မေတ္တာရေစင် ကျေးလက်ရေရရှိရေးအသင်းမှ ယမန်နေ့က ကျင်းပသည်။

မလှိုင်မြို့ အမှတ်(၃)ရပ်တွင် လှူဒါန်းသော စက်ရေတွင်းမှာ ပေ ၂၀၀ အနက်ရှိပြီး ၄ လက်မ ရေမြှုပ်စက် တပ်ဆင်ထားကြောင်းနှင့် လှူဒါန်းထားသောရေအုတ်ကန်မှာ ရေဂါလန် ၅၀၀၀ ဆံ့ပြီး အမှတ်(၃) နယ်မြေရှိ အိမ်ထောင်စု ၃၀၀ ခန့်ကို ရေလုံလောက်စွာ ပေးနိုင်တော့မည်ဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်အေးထံမှ သိရသည်။

အမှတ်(၃)နယ်မြေတွင် အမှတ် (၂)၊ (၃)၊ (၉)၊ (၁၂)၊ (၁၃) ဟူ၍ နယ်မြေ ငါးခုရှိကာ စည်ပင်သာယာရေးအဖွဲ့မှပေးသောရေမှ အမှတ်(၂)၊ (၉) နှင့် (၃)မှာ တစ်ဝက်ခန့်သာရရှိပြီး အမှတ် (၁၂)၊ (၁၃) နှင့် (၃)ရှိအိမ်ခြေ ၃၀၀ ကျော်မှာ သောက်သုံးရေမရရှိသဖြင့် ယခုစက်ရေတွင်းမှ အိမ်ထောင်စု ၃၀၀ ကျော်ကို သောက်သုံးရေဖူလုံစွာပေးနိုင်တော့မည်ဖြစ်သည်။

ဘိုဘို(မလှိုင်)

သောက်သုံးရေရှားပါးသောဒေသများသို့ သောက်သုံးရေများလှူဒါန်း

ဓနုဖြူ

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်အတွင်းရှိ အချို့ကျေးရွာများတွင် အပူရှိန်မြင့်မားမှုကြောင့် သောက်သုံးရေရှားပါးမှုများ ဖြစ်ပေါ်နေသည့်အတွက် မေ ၁၂ ရက်က သောက်သုံးရေရှားပါးမှုအခက်အခဲ ကြုံတွေ့နေရသည့် ကန်ဒေါင့်၊ ဂုံညင်းတန်း၊ ဓားခုတ်ချောင်း၊ အစွန်၊ ဗျင်းဘွဲ့နှင့် နီးစပ်ရာကျေးရွာများသို့ နယ်မြေခံတပ်၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ကရုဏာရှင်ပရဟိတအဖွဲ့တို့ စုပေါင်း၍ ဂါလန် ၁၂၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီး၊ သောက်ရေသန့်ဘူးကြီးများ၊ ပီပါများ၊ ပုံးများဖြင့် သောက်သုံးရေဂါလန် ၆၀၀၀ ကျော် သွားရောက်လှူဒါန်းခဲ့ကြပြီး လှိုင်ထိပ်ထားယာဉ်လိုင်းမှ ရေသိုလှောင်ရန်တာပေါ်လင်သောက်သုံးရေကန် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အောင်သူဟိဏ်း(ဓနုဖြူ)

ကျောက်ဖြူမြို့နယ်ရှိ ဒေသခံများထံ သောက်သုံးရေလှူဒါန်းပေးနေစဉ်။

ကျောက်ဖြူ

အပူရှိန်မြင့်မားလာမှုကြောင့် ကျောက်ဖြူမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသော ကျေးရွာများသို့ သွားရောက်ကာ အမှတ်(၁၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံးမှ ရဲမှူးကြီး လှစိန်နှင့် အမှတ်(၃၂) ရဲတပ်ရင်းမှ အရာရှိတပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစည်သူလင်းနှင့်တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်က သန့်ရှင်းသောသောက်သုံးရေများကို ကျောက်ဖြူမြို့နယ် လေပွေ့ကျေးရွာ လေပွေ့ရွာသစ်သို့ လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် ရေသန့်ဘူးကြီး အလုံး ၃၀ နှင့်မီးသတ်ယာဉ်နှစ်စီး၊ ရေဂါလန် ၂၄၀၀ ကို လေပွေ့ကျေးရွာ လေပွေ့ရွာသစ်ရှိ လူဦးရေ ၁၂၀ ကို လှူဒါန်းခဲ့သည်။ ခရိုင်မီးသတ်ဦးစီးဌာနမှ မေ ၁၂ ရက်တွင် ကျောက်ဖြူမြို့နယ် ကပ်သပြေကျေးရွာသို့ သွားရောက်ပြီး မီးသတ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေများဖြန့်ဝေပေးခဲ့ကြသည်။ ဆက်လက်၍ ရေရှားပါးသော ကျေးရွာများသို့ ရေလှူဒါန်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

မြင်းခြံ

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကြာကန်ကျေးရွာတွင် သောက်သုံးရေများလိုအပ်လျက်ရှိသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များသည် မေ ၁၂ ရက်က သွားရောက်လှူဒါန်းသည်။

မြင်းခြံမြို့သည် ပူပြင်းခြောက်သွေ့သော အရပ်ဒေသတစ်ခုဖြစ်ပြီး နွေရာသီကာလများတွင် အချို့ကျေးရွာများ၌ ရေရှားပါးပြတ်လပ်ခြင်းကို ကြုံတွေ့လျက်ရှိရာ ကြာကန်ကျေးရွာသည်လည်း အပါအဝင်ဖြစ်သည်။ ယင်းကျေးရွာသို့ မြင်းခြံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သောင်းဝင်းနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ရဲရန်အောင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များသည် ရေသန့်ဘူးကြီး ၁၅၀ နှင့် သောက်သုံး ရေဂါလန် ၁၆၀၀ တို့ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင် (မြင်းခြံ)

ကြို့ပင်ကောက်

သောက်သုံးရေရှားပါးလျက်ရှိသော ကြို့ပင်ကောက်မြို့နယ် လေ့တုန်းကျေးရွာနှင့် တင်ဆိပ်ကျေးရွာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ဝင်းမြင့်နှင့် တပ်ဖွဲ့ဝင်များက မေ ၁၂ ရက်က ဒုတိယအကြိမ်မြောက် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြသည်။

တင်ဆိပ်ကျေးရွာတွင် နေထိုင်ကြသောလူဦးရေ ၁၃၉ ဦးသည် ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ရေတွင်းမှရေကိုသာ အားထားသုံးစွဲနေရာ သောက်သုံးရေအခက်အခဲများစွာ ဖြစ်ပေါ်နေရသောကြောင့် မိုးနှင့် ရေအလှူရှင်ကိုသာ မျှော်နေရကြောင်း ကိုင်းယားရှည်အုပ်စု တင်ဆိပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစန်းလှိုင်က ပြောသည်။

အဆိုပါကျေးရွာသို့ ဒုတိယအကြိမ်အဖြစ် ဂါလန် ၁၆၀၀ဆံ့ မြို့နယ် မီးသတ်ဦးစီးဌာန၏ ရေသယ်ယာဉ်ဖြင့် သွားရောက်လှူဒါန်းပြီး လေ့တုန်းကျေးရွာတွင်လည်း လီတာ ၂၀ ဆံ့ သောက်ရေသန့်ဘူးကြီး အလုံး ၃၀၀ ကို လှူဒါန်းခဲ့ကြောင်း၊ ယင်းသို့ မြို့နယ်ရဲတပ်ဖွဲ့မှ လှူဒါန်းရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ကိုကိုနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်တို့ ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဧယျာထွန်း(ကြို့ပင်ကောက်)

သဘာဝဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

ကရသူရိ မေ ၁၃

ယခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး ပူပြင်းသည့် ရာသီဥတုဒဏ်ကို ခံစားနေရသည့်အတွက် ပြည်သူများ အပူဒဏ်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်က တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာန၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးသန်းက အပူချိန်မြင့်တက်မှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးများ၊ အပူဒဏ်ကြိုတင်ကာကွယ်နိုင်မည့်နည်းလမ်းများ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအချက်များနှင့်အန္တရာယ်ကျရောက်လာပါက လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို ပြောကြားပြီး ရုံးတွင်းနံရံကပ်ဘုတ်နှင့် ရုံးရှေ့နံရံကပ်စာစောင်များ ကြော်ငြာပြသထားမှုများကို ကျောင်းသား ကျောင်းသူများနှင့် စာငှား၊ စာဖတ်သူများက စိတ်ဝင်တစားကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မြေစိုက်နံရံကပ်ဘုတ်တွင် ပြသ

ကော့ကရိတ် မေ ၁၃

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နံရံကပ်မြေစိုက်ဘုတ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် အပူရှိန်မြင့်မားခြင်း နောက်ဆက်တွဲဆိုးကျိုးများကို အများပြည်သူများ သိရှိစေပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သတိပေးနှိုးဆော်ချက်များနှင့် နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို ယနေ့နံနက်က အဆိုပါရုံးရှေ့ မြေစိုက်နံရံကပ်ပြဘုတ်တွင် ပြသထားသည်။

ထိုသို့ပြသရာတွင် ဒေသဆိုင်ရာအချက်အလက်များ၊ မုန်တိုင်းဘေး၊ မီးဘေး၊ လေပြင်းဘေး၊ ရေဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုး၊ လျှပ်စစ်မီးအန္တရာယ်၊ ဆူနာမီ စသည့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ပြည်သူများ သဘာဝဘေးကြုံတွေ့လာပါကရှောင်ရန်၊ ဆောင်ရန်အချက်များနှင့် မဖြစ်ခင်မည်ကဲ့သို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်စသည်တို့ ပါဝင်သည်။ **ခရိုင် (ပြန်/ဆက်)**

အပူဒဏ်ကြိုတင်ကာကွယ်နည်းနှင့် ဆောင်ရန် ရှောင်ရန်များ ဟောပြော

စလင်း မေ ၁၃

မကွေးတိုင်းဒေသကြီး စလင်းမြို့ ပေါင်းပင်ဇင်းရပ်ကွက် ဓမ္မသုခဓမ္မစကူးကျောင်း၌ ယမန်နေ့က သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာဖတ်ဝိုင်းကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းမြင့်က အပူရှိန်ပြင်းသောရာသီကာလတွင် အပူဒဏ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများ၊ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုအန္တရာယ်ဆောင်ရန် ရှောင်ရန်အချက်များ ဟောပြောသည်။

စိုးမိုးသူ (စလင်း)

ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

လိုက်နာဆောင်ရွက်ရန်အချက်များ

- ❖ အရိပ်ရ၍ အေးမြသောနေရာများတွင်သာ နေပါ။
- ❖ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
- ❖ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ။ နေကာမျက်မှန်တပ်ဆင်ပါ။
- ❖ ရေများများသောက်ပါ။

ရှောင်ကြဉ်ရန်အချက်များ

- ❂ နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- ❂ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- ❂ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
- ❂ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်း ဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။
- ❂ အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ပါ။

အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- ✻ သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ✻ နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေး ချို့ယွင်းသူများ)
- ✻ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသူများ
- ✻ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

နှစ်(၁၀၀)ပြည့် ကဆုန်ဆွမ်းတော်ကြီးပွဲ ညောင်ရွှေမြို့၌ ကျင်းပမည်

ညောင်ရွှေ မေ ၁၃

ညောင်ရွှေမြို့၏ ကျက်သရေဆောင် ရတနာမာရ်အောင် စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်အဖြစ် ရိုးရာမပျက် နှစ်စဉ်ကျင်းပသော ဘာသာရေးပွဲတော် တစ်ခုဖြစ်သည့် ကဆုန် ဆွမ်းတော်ကြီးပွဲတော်ကို နှစ်(၁၀၀)ပြည့်အဖြစ် ညောင်ရွှေမြို့၌ ကဆုန်လဆန်း ၁၁ ရက်မှ ၁၄ရက်ထိ (မေ ၁၄ ရက်မှ ၁၇ ရက်အထိ) စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

"ညောင်ရွှေမြို့ ကဆုန်ဆွမ်းတော်ကြီးပွဲတော်ကို ရှေးယခင်စော်ဘွားများ လက်ထက်ကတည်းက ရာသီပွဲတော် ဗုဒ္ဓပူဇနိယပွဲတော်အဖြစ် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း၊ ယခုနှစ်တွင် နှစ် (၁၀၀)ပြည့်မြောက်ပြီ ဖြစ်ကြောင်း၊ ညောင်ရွှေမြို့တွင် ရပ်ကွက် ရှစ်ရပ်ကွက်ရှိရာ နှစ်ရပ်ကွက်လျှင် တစ်ရက်ဖြင့် လေးရက် ကျင်းပမည်ဖြစ်ကြောင်း၊ ညောင်ရွှေမြို့အတွင်းသို့ ရပ်ကွက်အလိုက် စုရပ်များမှ တန်းစီပြီးလှည့်လည်ရာတွင် ဆွမ်းတော်ပွဲများ၊ ငွေပဒေသာပင်များ၊ ရွှေဖယောင်းတိုင်၊ ငွေဖယောင်းတိုင်များ၊ အိုးစည်ဗုံမောင်း တီးဝိုင်းများ၊ ရိုးရာဇန်အကများဖြင့် ညနေပိုင်းတွင် မြို့တွင်းသို့လှည့်လည်ပြီး ရတနာမာရ်အောင်စေတီတော်တွင် ကပ်လှူမည်ဖြစ်ကြောင်း၊ ညပိုင်းတွင် ပန်း၊ ရေချမ်း၊ ရွှေဖယောင်းတိုင်၊ ငွေဖယောင်းတိုင်များ ကပ်လှူပြီး နောက်တစ်ရက် နံနက်ပိုင်းတွင် ဆွမ်းတော်များကို ကပ်လှူမည်ဖြစ်ကြောင်း၊ မေ ၁၄ ရက်တွင် နန်းပန်မြို့လည်ရပ်နှင့် ဝင်းရပ်၊ မေ ၁၇ ရက်တွင် ကန်သာရပ်နှင့် သာစည်ရပ်တို့တွင် လှည့်လည်မည်ဖြစ်ကြောင်း ရတနာမာရ်အောင် စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထို့ပြင် ကဆုန်လပြည့်နေ့တွင် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နေမျိုးသူရိန်

တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကော့သောင်းမြို့၌ ကျင်းပ

ကော့သောင်း မေ ၁၃

တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်ရေးဆွဲရေး ဗဟုသုတဖြန့်ဖြူးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်က ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်ရေးဆွဲရေး ဗဟုသုတဖြန့်ဖြူးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒကို ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး မဟာဗျူဟာမူဘောင် နေပြည်တော်အဆင့်တွင် ပြဋ္ဌာန်းနိုင်ရေး မဟာဗျူဟာမူဘောင်အကောင်အထည်ဖော်ဆောင်နိုင်ရန် တိုင်းဒေသကြီးအဆင့်တွင် ပတ်ဝန်းကျင် စီမံအုပ်ချုပ်မှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်များ ရေးဆွဲနိုင်ရေးအတွက် ဗဟုသုတဖြန့်ဖြူးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် မဟာဗျူဟာ မူဘောင်တွင်ပါသည့် ဦးစားပေးနယ်ပယ်ခုနစ်ခုနှင့် သက်ဆိုင်သည့် ဦးစီးဌာနများ၊ လုပ်ငန်း အဖွဲ့များ၏ မူဝါဒ လုပ်ငန်းတာဝန်များကို ဗဟုသုတအဖြစ် ရှင်းလင်းဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်းက ပြောသည်။

တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် တိုင်းဒေသကြီးအဆင့်ဖြစ်ပြီး ပတ်ဝန်းကျင် စီမံအုပ်ချုပ်မှုဆိုင်ရာ ပင်မလုပ်ငန်း အစီအစဉ်ကို ငါးနှစ်ကာလ ရေးဆွဲမည်ဖြစ်၍ ဇီဝမျိုးစုံမျိုးကွဲများ၊ မြေယာအသုံးချမှုနှင့်မြေနေရာ သတ်မှတ်ခြင်းဆိုင်ရာကဏ္ဍ၊ အဏ္ဏဝါနှင့်ကမ်းရိုးတန်း ဂေဟစနစ်၊ ရေအရင်းအမြစ်နှင့် မြစ်ဝှမ်းဒေသများ သန့်ရှင်းကောင်းမွန်စွာ လည်ပတ်ရေး၊ စွမ်းအင်ကဏ္ဍ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး၊ ယဉ်ကျေးမှုနှင့် သဘာဝ အမွေအနှစ်များ စသည့်အကြောင်းအရာများကို ကဏ္ဍအလိုက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက မေ ၁၃ ရက်မှ ၁၄ ရက်အထိ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

အဆင့်မြင့်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ပြုပြင်ထိန်းသိမ်းမှုနှင့် ကိုင်တွယ်အသုံးပြုမှု သင်တန်းဖွင့်

ဟားခါး မေ ၁၃

ချင်းပြည်နယ် မီးသတ်ဦးစီးဌာနက ကျင်းပသည့် အဆင့်မြင့်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ပြုပြင်ထိန်းသိမ်းမှုနှင့် ကိုင်တွယ်အသုံးပြုမှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်က ပြည်နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က မီးသတ်တပ်ဖွဲ့ဝင်တိုင်း ခေတ်မီရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်း ကိရိယာများကို စနစ်တကျ ကိုင်တွယ်အသုံးပြု၍ မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်တတ်စေရေးအတွက်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

ချင်းပြည်နယ် မီးသတ်ဦးစီးဌာန လက်အောက်ရှိ ခရိုင်၊ မြို့နယ်အဆင့်ဝန်ထမ်းများ သင်တန်းသို့ တက်ရောက်ကြစဉ်။

ဆက်လက်၍ Myanmar Trillion Group Trading Co.,Ltd. မှ Project Director ဦးမြတ်ကိုက မီးငြိမ်းသတ်ရေးနှင့်ကယ်ဆယ်ရေးပစ္စည်းများ၊ မီးသတ်ဆေးဘူး ဖြည့်စက်အသုံးပြုနည်းများ၊ ရေဘေး ကယ်ဆယ်ရေးသုံးပစ္စည်းများ ကိုင်တွယ်အသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ စသည့် သင်ကြားပို့ချမည့်ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ချင်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်များမှ အရာရှိအဆင့် မီးသတ်ဝန်ထမ်း ၂၀ ၊ အခြားအဆင့်မီးသတ်ဝန်ထမ်း ၃၄ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၃ ရက်မှ ၁၄ ရက်အထိ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းရေး အသိပညာပေး

တန့်ယန်း မေ ၁၃

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ် မန်ပန်ရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကာ ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မန်ပန်ခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မန်ပန်ဌာနေ ပြည်သူ့စစ်တပ်ဖွဲ့ နယ်မြေတာဝန်ခံ ဦးဟန်တိုင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှစိုးဝင်းက စိုက်ပျိုးရေးသီးနှံများတွင် ကျရောက်တတ်သော ငမြောင်တောင်ပိုးအန္တရာယ် အကြောင်း၊ ရောဂါပိုးကျရောက်မှုမရှိစေရေးနှင့် ကာကွယ်တားဆီးရေးအပြင် ရောဂါပိုး ကျရောက်လာပါက နှိမ်နင်းရေးဆိုင်ရာ အသိပညာဗဟုသုတများကို ရုပ်ပုံကားချပ်များနှင့်အတူ ရှင်းလင်းသည်။

ယင်းနောက် လားရှိုးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ပူးစပါးဒေဝီ၊ မြေအသုံးချရေးတာဝန်ခံ ဒေါ်နီနီထွေးတို့က စိုက်ပျိုးသီးနှံများ အရည်အသွေးပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် အော်ဂဲနစ် စိုက်ပျိုးနိုင်ရေး အကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့ကာ စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ဝေထားသည့် ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းရေး အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မင်းလွင်ဦး (ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ခုဘဏ္ဍာနှစ် သာမန်ပြင်ထိန်းခွင့်ပြုရန်ပုံငွေကျပ် တစ်သန်းဖြင့် မိုးရာသီမတိုင်မီ မြို့တွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများအတွင်းရှိ အမှိုက်နှင့်အညစ်အကြေးများ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းကို မေ ၁၃ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြစဉ်။ သန်းနိုင်ဦး(ငဖဲ)

မြိတ်မြို့နယ်တွင် ချောင်းကူးတံတားသုံးစင်း တည်ဆောက်လျက်ရှိ

မြိတ် မေ ၁၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ပြည်သူများသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးရန်ပုံငွေဖြင့် ချောင်းကူးတံတားသုံးစင်းကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) တံတားအထူးအဖွဲ့(၉)က တည်ဆောက်လျက်ရှိသည်။

ချောင်းကူးတံတား သုံးစင်းမှာ ပရည်တောင်ချောင်းကူး တံတား၊ တောင်ရှည်ချောင်းကူးတံတား၊ ဘုရားကိုင် ချောင်းကူး မင်္ဂလာတံတားတို့ဖြစ်ကြသည်။ ပရည်တောင်ချောင်းကူး တံတားသည် တံတားအရှည် ပေ ၉၀၀၊ အကျယ် ၁၄ ပေရှိပြီး တိုင်းဒေသကြီး ရန်ပုံငွေကျပ်သန်းပေါင်း ၂၀၇၀ ဖြင့် လည်းကောင်း၊ တောင်ရှည် ချောင်းကူး တံတားသည် အရှည် ၂၉၅ ပေ၊ အကျယ် ၁၈ ပေရှိပြီး တိုင်းဒေသကြီး ရန်ပုံငွေကျပ်သန်းပေါင်း ၁၀၅၀ ဖြင့် လည်းကောင်း၊ ဘုရားကိုင်ချောင်းကူး မင်္ဂလာတံတားသည် အရှည် ပေ ၈၀၊ အကျယ် ၂၂ ပေရှိပြီး တိုင်းဒေသကြီး ရန်ပုံငွေကျပ်သန်း ၂၈၀ ဖြင့်လည်းကောင်း တည်ဆောက်လျက်ရှိကြောင်း တံတား အထူးအဖွဲ့(၉)မှ သိရသည်။

ပရည်တောင်ချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်အား တွေ့ရစဉ်။

ပရည်တောင်ချောင်းကူးတံတားသည် ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကိုယ်ထည်၊ ဘေလီတံတား အမျိုးအစားဖြစ်၍ တောင်ရှည်ချောင်းကူးတံတားနှင့် ဘုရားကိုင်ချောင်းကူး မင်္ဂလာတံတားတို့သည် ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကိုယ်ထည်၊ သံကူကွန်ကရစ် ရက်မကြမ်းခင်းအမျိုးအစားဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး ယင်းချောင်းကူးတံတားသုံးစင်းကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) တံတားအထူးအဖွဲ့(၉) မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မျိုးက တာဝန်ယူတည်ဆောက်လျက်ရှိပြီး အဆိုပါချောင်းကူး တံတားသုံးစင်းကို ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

ပခုက္ကူ၌ အပူရှောင်စခန်း ဖွင့်လှစ်

ပခုက္ကူ မေ ၁၃

သက်ကြီး ဘိုးဘွားများအတွက် ရည်ရွယ်ပြီး ပခုက္ကူမြို့အမှတ် (၁၄)ရပ်ကွက် စနစ်သစ်ပုထိုးတိုက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ပခုက္ကူခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက အပူရှောင်စခန်း ကို ယနေ့နံနက်က စတင်ဖွင့်လှစ်သည်။ အဆိုပါ အပူရှောင်စခန်းမှာ သက်ကြီးဘိုးဘွားများအား နံနက်ပိုင်းမှ ညနေ နေအေးသည့်အချိန်အထိ စောင့်ရှောက်သွားမည်ဖြစ်ပြီး သက်ကြီးဘိုးဘွား ဦးရေ ၁၅၀ အထိ လက်ခံကာ စောင့်ရှောက်သွားမည်ဖြစ်သည်။ ပခုက္ကူမြို့သည် ရာသီဥတုပူပြင်းသည့် ဒဏ်ကိုရှောင်ရှားနိုင်ရန် အပူရှောင်စခန်း နှစ်ခုကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုတမာ

မီးဘေး အသိပညာပေး

မီးဘေး ပညာပေးစာစောင်

မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြိမ်းသတ်ရန်ပစ္စည်းများ(မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။

၂။ မြို့၊ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။

၄။ အရေးပေါ်အချိန်တွင် သယ်ယူမည့်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ အိမ်နှင့်ပတ်ဝန်းကျင်တွင် မီးလောင်လွယ်သောပစ္စည်းများ၊လောင်စာဆီများ၊ အမှိုက်များကိုရှင်းလင်းထားပါ။

၆။ လျှပ်စစ်မီး၊ ဂက်စ်မီး အပါအဝင် မီးသုံးစွဲလျှင် အမြဲသတိရှိပါ။
မီးကြွင်းမီးကျန်များ အထူးသတိပြုပါ။

၇။ ဝါယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများ ပေါက်ပြဲ ပျက်စီးမှုရှိ၊မရှိ အမြဲမပြတ်စစ်ဆေးပါ။

၈။ မီးပျက်လျှင် မီးခလုတ်များကိုပိတ်ပါ။အပြင်ထွက်လျှင် မိန်း(ပင်မမီးခလုတ်)ကို ပိတ်ခဲ့ပါ။

၉။ မီးလောင်လျှင် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ(မီးသတ်၊လျှပ်စစ်ရုံး၊ ရဲတပ်ဖွဲ့)ကိုမှတ်သားထားပါ။

နှစ်(၉၀၀)ပြည့် မုခ်ဦးဖွင့်ပွဲနှင့် အရိပ်ရသစ်ပင်စိုက်ပွဲတော် ပခုက္ကူ၌ ကျင်းပ

ပခုက္ကူ မေ ၁၃

ပခုက္ကူမြို့နယ် ရွှေတန့်တစ်ကျေးရွာ သမိုင်းဝင် ရွှေတန့်တစ် သရက္ခန်မြတ်စွာဘုရား နှစ် (၉၀၀)ပြည့် အထိမ်းအမှတ် မုခ်ဦး ဖွင့်ပွဲနှင့် သစ်ပင်စိုက်ပွဲတော်ကို မေ ၁၁ ရက်က ကျင်းပ သည်။

ရှေးဦးစွာ ပခုက္ကူ-ရေစကြို-မုံရွာလမ်းပေါ်ရှိ နှစ်(၉၀၀)ပြည့် မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းဆွေ၊ နယ်မြေခံတပ်မှ တာဝန်ရှိသူနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အံမောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး သည်။ ထို့နောက် မုခ်ဦးကို အလှူရှင် ဦးလှဝင်းနိုင် (နေနတ်သား မိသားစု) က စက်ခလုတ်နှိပ် ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ပခုက္ကူ - ရွှေတန့်တစ် လမ်းဘေးဝဲယာ တစ်လျှောက် အရိပ်ရသစ်ပင် ၉၀၀ကျော်ကို လွှတ်တော်ကိုယ်စား လှယ်များ၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူး နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ရွာလူထုနှင့် ဘုရားဖူးလာပြည်သူများက စုပေါင်းစိုက်ပျိုးကြသည်။

အရိပ်ရသစ်ပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။

ရွှေတန့်တစ် သရက္ခန်မြတ်စွာဘုရား နှစ်(၉၀၀)ပြည့် အထိမ်းအမှတ် ဗုဒ္ဓပူဇနိယပွဲတော်ကို ကဆုန်လဆန်း ၉ ရက်မှ ကဆုန်လပြည့်ကျော် ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုတမာ

မိတ္ထီလာမြို့နယ် မုန်တိုင်ချောင်းအား ဖြတ်သန်းဆောက်လုပ်ထားသည့် နတ်စင်တံတား ပြန်လည်ပြုပြင်မှု ၇၅ ရာခိုင်နှုန်းပြီးစီး

မိတ္ထီလာ မေ ၁၃

မိတ္ထီလာမြို့နယ် ကျောက်ဖြူကုန်းကျေးရွာအုပ်စုနှင့် ဂဠုန်ကုန်း ကျေးရွာအုပ်စုသို့ ဖောက်လုပ်ထားသည့် ကျေးရွာချင်းဆက် လမ်းပေါ်ရှိ မုန်တိုင်ချောင်းကို ဖြတ်သန်းဆောက်လုပ်ထားသည့် နတ်စင်တံတားအား အလှူရှင်မှ ငွေကျပ်သိန်း ၂၀၀ ကျော် အကုန်အကျခံ၍ ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိရာ ယခုဆိုလျှင် ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

ကျောက်ဖြူကုန်းကျေးရွာအုပ်စုနှင့် ဂဠုန်ကုန်းကျေးရွာ အုပ်စုသို့ ဖောက်လုပ်ထားသည့် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မုန်တိုင်ချောင်းကို ဖြတ်သန်းဆောက်လုပ်ထားသည့် အရပ်ခေါ် နတ်စင်တံတားမှာ ကျေးရွာရှစ်ရွာမှ ဒေသခံများသည် ယင်း တံတားကို နေ့စဉ်ဖြတ်သန်းသွားလာနေသည့် တံတားလေးစင်း အနက် ဒုတိယမြောက်တံတားဖြစ်သည်။

အဆိုပါ နတ်စင်တံတားမှာ နှစ်ကာလကြာမြင့်သဖြင့် တံတားကြမ်းခင်းသစ်သားများ ကျိုးပဲ့ပျက်စီးခြင်း၊ တံတား၏ ဘေး ဘယ်ညာ အကာအရံများမရှိခြင်းတို့ကြောင့် အများ ပြည်သူများသွားလာရာတွင် အန္တရာယ်ရှိလာနိုင်သဖြင့် ကျောက်ဖြူကုန်းကျေးရွာမှ ဗိုလ်ကြီးသောင်းမြင့် (ငြိမ်း)မိသားစု က အရှည် အလျား ပေ ၈၀၊ အနံ ၁၅ ပေရှိ သစ်သားတံတား ကို ဧပြီ ၂၁ ရက်မှစတင်၍ ပြန်လည်ပြုပြင်လျက်ရှိသည်။ ထိုသို့ တံတားကို ပြန်လည်ပြုပြင်ရာတွင် တံတားကြံ့ခိုင်မှု ပိုမိုကောင်း မွန်စေရန် မူလထောက်တိုင်များနှင့်အတူ အမြင့် ၁၄ ပေ၊ နှစ်ပေ ပတ်လည် ထောက်တိုင်လေးတိုင် ထပ်မံထည့်သွင်းဆောင်ရွက် ခြင်းနှင့် တံတားကြမ်းခင်းများ၊ တံတားအကာအရံများကို ယခင် အသုံးပြုထားသည့် သစ်သားအစား သံထည်များဖြင့် အစားထိုး ၍ ကျောင်းမဖွင့်မီ မေလအကုန်တွင် အပြီးတည် ဆောက်သွား မည်ဖြစ်ရာ ယခုဆို လျှင် လုပ်ငန်းဆောင်ရွက်မှု ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ တံတားရေရှည်အသုံးပြုနိုင်စေရန်အတွက် သံထည်များဖြင့် တည်ဆောက်လျက်ရှိရာ ခန့်မှန်းကုန်ကျ ငွေကျပ်သိန်း ၂၀၀ ကျော်ရှိနိုင်ကြောင်း တံတားအလှူရှင် ဗိုလ်ကြီး သောင်းမြင့်(ငြိမ်း)က ပြောသည်။

နတ်စင်တံတား ပြန်လည်ပြုပြင်မှုကို တွေ့ရစဉ်။

အဆိုပါ တံတားပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးပါက ကျောက်ဖြူကုန်း ကျေးရွာအုပ်စုအတွင်းရှိ ကျောက်ဖြူကုန်း၊ အုတ်နဲ့ဘုတ်၊ အင်းပက်လက်ကျေးရွာများနှင့် ဂဠုန်ကုန်းကျေးရွာ အုပ်စုအတွင်းရှိ ရှင်မြို့ လက်ပံ့ခါးကော့၊ ရွာမ၊ ဂဠုန်ကုန်း၊ အုတ်မြေကန်ကျေးရွာများမှ ဒေသခံများ နေ့စဉ် အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

တာချီလိတ်၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

တာချီလိတ် မေ ၁၃

ကလေးစာပေပွဲတော်ကို စည်းကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် တာချီလိတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးညွန့်ရွှေက အမှာစကားပြောကြားပြီး တက်ရောက်လာသူများက စည်စည် ကားကား ကျင်းပသွားရန်အတွက် မိမိတို့ဆောင်ရွက်နိုင်သည်များကို ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။ ကလေးစာပေပွဲတော်တွင် စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ် ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ပါဝင်ပြီး အပျော် တမ်း ဂိမ်းကစားနည်းများအဖြစ် အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အိမ်ဆောက် ပြိုင်ပွဲ၊ ခွက်နင်းပြိုင်ပွဲ၊ ဖိနပ်စီးပြိုင်ပွဲ၊ ဇန်းရွက်ပြိုင်ပွဲ၊ ပူပေါင်းညှပ်ပြိုင်ပွဲနှင့် ထုပ်ဆီးတိုး ပြိုင်ပွဲများကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြခန်း၊ မူးယစ်ပညာပေး ပြခန်း၊ သုတဒါန ပညာပေးပြ ခန်း၊ ပညာရေး ပြခန်း၊ လားဟူ၊ အာခါ၊ ရှမ်းတိုင်းရင်းသားပြခန်း၊ အိမ်တွင်းမှုပြခန်း၊ ကျေးလက်ပြခန်းနှင့် ပြန်ဆက်ဝန်ထမ်းဟောင်းများ၊ လက်ဆောင်ပစ္စည်းအရောင်း ဆိုင်ပြခန်းများနှင့် ဖျော်ဖြေရေးကဏ္ဍများ ပါဝင်မည်ဖြစ်သည်။

ကလေးစာပေပွဲတော်ကို လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ မူဆယ်စသည့် မြို့များတွင် ကျင်းပပြီးစီးခဲ့ပြီး ယခုတစ်ကြိမ်တွင် တာချီလိတ်မြို့အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးခြင်းကို သရုပ်ပြသစဉ်။

ကောက်စိုက်စက်ဖြင့် လေ့ကျင့်ခြင်းနှင့် သရုပ်ပြ စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

စစ်တွေ မေ ၁၃

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးသိုက်စိုး၊ စစ်တွေခရိုင်ဦးစီးမှူး ဦးမျိုးမင်း ထွန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က စစ်တွေမြို့နယ် ဂန့်ဂေါ်ကျွန်းကျေးရွာ ကွင်းအမှတ် (၅၆၉) ဦးပိုင် အမှတ်-၁၁၀ ရှိ တောင်သူ ဦးလှစောထွန်း၏ လယ်မြေ ၀ ဒသမ ၂၅ တွင် UN Women မှ လှူဒါန်းသော ကောက်စိုက်စက်ဖြင့် လေ့ကျင့်ခြင်းနှင့် သရုပ်ပြစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ကြည့်ရှု အားပေးကြသည်။

ပြည်နယ်ဦးစီးမှူးက ရခိုင်ပြည်နယ်တွင် လယ်ယာလုပ်သားရှားပါးခြင်း၊ လုပ်ခဈေးနှုန်းကြီး မြင့်ခြင်းတို့ကြောင့် စပါးစိုက်ပျိုးရာတွင် ကြဲပက်စိုက် စနစ်ကိုသာ အသုံးပြုနေကြကြောင်း၊ စိုက်ပျိုးနည်း စနစ်မှန်ကန်ပါက တစ်ဧကလျှင် စပါး ၁၀ တင်းမှ ၁၅ တင်းခန့် ပိုမိုထွက်ရှိနိုင်ကြောင်း၊ ယခုလှူဒါန်း ခဲ့သည့် ကောက်စိုက်စက်ကို ကျွမ်းကျင်အောင် သေချာစွာ လေ့ကျင့်သင်ကြားပြီး ယခုနှစ် မိုးစပါးရာသီတွင် လက်တွေ့အသုံးချနိုင်ပါက တောင်သူများ၏ ကောက်စိုက်လုပ်သားရှားပါးခြင်းနှင့် ဈေးနှုန်း ကြီးမြင့်ခြင်းကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ စက်ပြုပြင်ထိန်းသိမ်းနည်းများကိုလည်း တတ် မြောက်အောင် သင်ကြားထားရန်လိုကြောင်း ပြောသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ သားဖွားနှင့် သူနာပြုဆရာမများနေ့အခမ်းအနား ကျင်းပ

ရွှေဘို မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်ရှိ TWS ကိုယ်ပိုင်အထက်တန်းကျောင်းရှိ ဘက်စုံခန်းမ၌ ယမန်နေ့က အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် သူနာပြုဆရာမများနေ့ အခမ်းအနား ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ ပေးပို့လာသော သဝဏ်လွှာကို တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူးသူနာပြု ဒေါ်မူမူဝင်းက ဖတ်ကြားပေးခဲ့သည်။ ထို့နောက် ကြွရောက်လာကြသော ဧည့်သည်တော်များက တိုင်းဒေသကြီး သူနာပြုနှင့် သားဖွားအသင်း လှုပ်ရှားမှုမှတ်တမ်းပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် သူနာပြုများနေ့ အထိမ်းအမှတ် မှတ်တမ်းပြခန်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် လှည့်လည်ကြည့်ရှုစဉ်။

ထို့နောက် သက်ကြီးသူနာပြုနှင့် သားဖွားဆရာမကြီး ၃၈ ဦးအား ဂါရဝပြုလက်ဆောင်များ ပေးအပ်ခဲ့ကြပြီး သူနာပြုနှင့် သားဖွားဆရာမများနှင့် စေတနာရှင်များ စုပေါင်းပြီး တိုင်းဒေသကြီး သူနာပြုနှင့်သားဖွား လူမှုကူညီရေး ရန်ပုံငွေအတွက် မတည်ငွေကျပ် ၁၅ သိန်း ငါးသောင်းကို ပေးအပ်လှူဒါန်းခဲ့ရာ ဒေါ်မူမူဝင်းက လက်ခံယူခဲ့သည်။

စိုးသီဟ(ကုန်းဘောင်)

ထားဝယ်မြို့၌ အပြည်ပြည်ဆိုင်ရာ သားဖွားနှင့် သူနာပြုဆရာမများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

ထားဝယ် မေ ၁၃

အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့နှင့် သူနာပြုဆရာမများနေ့အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ယနေ့ကျင်းပသော အထိမ်းအမှတ်အခမ်းအနားမှာ အမျိုးသမီးအခွင့်အရေး အလေးထားကာကွယ်သူများ တို့သားဖွား၊ ပြည်သူအားလုံးကျန်းမာဖို့ သူနာပြုများ ဦးဆောင်စို့ဟူသော ဆောင်ပုဒ်များနှင့်အညီ သူနာပြု၊ သားဖွားများ လျှောက်လှမ်းဆောင်ရွက်ရမည့် လမ်းစဉ်များကို ရည်ညွှန်းဖော်ပြနေကြောင်း၊ တိုင်းဒေသကြီး သူနာပြုနှင့်သားဖွားအသင်းသည် ၁၉၈၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် အခြေခံစည်း မျဉ်းအသစ် အတည် ပြုပြဋ္ဌာန်း၍ ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ တိုင်းဒေသကြီး သူနာပြုနှင့် သားဖွားအသင်း ဝင်များသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားဦးဆောင်မှုဖြင့် မြန်မာလူ့ဘောင် အဖွဲ့အစည်း၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မားလာအောင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အမျိုးသားရေးတာဝန်များအဖြစ် နှလုံးသွင်းခံယူကာ အမျိုးသမီးအခွင့်အရေး အလေးထားကာကွယ်စောင့်ရှောက်ရင်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်သည့် လုပ်ငန်းများကို ဦးဆောင်ကြိုးပမ်းကြရန် ပြည်သူ့အကျိုး မျှော်မှန်းလျက် အလေးအနက်တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌမှ ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး သူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု)ဒေါ်သက်သက်ကြူက ဖတ်ကြားသည်။ **ခရိုင်(ပြန်/ဆက်)**

ပွင့်ဖြူမြို့နယ် ကျေးရွာလေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကျင်းပ

ပွင့်ဖြူ မေ ၁၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကနီကျေးရွာအုပ်စု၊ အရှေ့အင်းကုန်းကျေးရွာ၊ မဲဇလီကျေးရွာအုပ်စု၊ အနောက်အင်းကုန်းကျေးရွာ၊ ထူးပေါက်ကျေးရွာနှင့် ညောင်ပင်ဝိုင်းကျေးရွာများမှ ကျေးလက်နေပြည်သူများ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် ကျေးရွာလေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ကနီကျေးရွာအုပ်စု အရှေ့အင်းကုန်းကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ကျေးရွာလေးရွာ လျှပ်စစ်မီးလင်းရေးအောင်ပွဲ ဆိုင်းဘုတ်အား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ တိုင်းဒေသကြီး လျှပ်စစ်မန်နေဂျာ ဦးထောင်းဇိုခိုင်၊ မင်းဘူးခရိုင် အုပ်ချုပ်ရေးမှူး ဦးစန်းဌေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျေးရွာတို့မှ ဒေသခံပြည်သူများ ၂၄ နာရီ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိရေးအတွက် ၂၀၁၈-၂၀၁၉ မီနီဘတ်ဂျက်၊ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် အရှေ့အင်းကုန်းကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း သုည ဒသမ ၃ မိုင် တည်ဆောက်ခြင်း၊ မဲဇလီကျေးရွာအုပ်စု အနောက်အင်းကုန်းကျေးရွာတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း သုည ဒသမ ၂၅ မိုင် တည်ဆောက်ခြင်း၊ ထူးပေါက်ကျေးရွာတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း သုည ဒသမ ၇၅ မိုင် တည်ဆောက်ခြင်း၊ ညောင်ပင်ဝိုင်းကျေးရွာတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း သုည ဒသမ ၂၇ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကာ ကျေးရွာများမှ ကျေးရွာအတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း တပ်ဆင်ခြင်းလုပ်ငန်းများကို ကိုယ့်အားကိုယ့်ကိုးစနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်း၊ အဆိုပါကျေးရွာ လျှပ်စစ်မီးလင်းရေး လုပ်ငန်းများအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်ဇော်နှင့် ဝန်ထမ်းများအဖွဲ့က တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

ကျေးရွာလေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ဖွင့်လှစ်ပေးစဉ်။

ဖလမ်းမြို့နယ် အိုင်ရိဘွာလ် ခရစ်ယာန်ဘုရားကျောင်းဖွင့်ပွဲ ကျင်းပစဉ်။

ဖလမ်းမြို့နယ်၌ အိုင်ရိဘွာလ် ခရစ်ယာန်ဘုရားကျောင်း ဖွင့်ပွဲကျင်းပ

ဖလမ်း မေ ၁၃

ချင်းပြည်နယ် ဖလမ်းမြို့နယ် အိုင်ရိဘွာလ် ခရစ်ယာန် ဘုရားရှိခိုးကျောင်းဖွင့်ပွဲသို့ ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ယမန်နေ့က တက်ရောက်ခဲ့သည်။

ဘုရားကျောင်း အဆောက်အအုံဖွင့်ပွဲကို အဆိုပါကျောင်းရှေ့၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင်ထန်နှင့် သိက္ခာတော်ရ ဆရာတော် လျန်လိုင်မန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသခံပြည်သူများ တွေ့ဆုံခဲ့ကြရာ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က ချင်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ ဆက်သွယ်ရေးတာဝါတိုင်များ ဆောက်လုပ်မည့် အခြေအနေ၊ လျှပ်စစ်မီးရရှိမှုအခြေအနေ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအခြေအနေများကို လည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီးက လူမှုဘဝမြှင့်တင်ရေးအခြေအနေ၊ ပညာရေးဝန်ထမ်းခန့်ထားမှုအခြေအနေ၊ အား/ကာသိပ္ပံ ကျောင်းဖွင့်လှစ်မည့်အခြေအနေများ၊ MCCT အစီအစဉ်ဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးများအား ထောက်ပံ့ပေးမှုအခြေအနေ၊ လူမှုရေးပင်စင်၊ မသန်စွမ်းသူများ ထောက်ပံ့ပေးမှု အခြေအနေများကိုလည်း ကောင်းရှင်းလင်းကြသည်။ ထို့နောက် အနီးနားရှိ ကျေးရွာများက ဒေသလိုအပ်ချက်များကို တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဂျွန်

ရွှေ့လျားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးများအားပေး

လွိုင်လင် မေ ၁၃

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့၏ အနောက်မြောက်တောင်တန်းပေါ်ရှိ ဟဲနန်းကျေးရွာအုပ်စုနှင့် ဆဟောင်းကျေးရွာအုပ်စုအကြား ကျူဇော်ကျေးရွာအနီး တောင်ထိပ်စေတီတော်နှင့် ဓမ္မာရုံတို့၌ ရွှေ့လျားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးသည့်နေရာသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် မေ ၁၁ ရက်က လာရောက်အားပေးခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးစကားဝိုင်းများ ဆွေးနွေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများ စေတီတော် ဓမ္မာရုံ၌ ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေ့လျားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ တိုင်းရင်းဆေး ကျန်းမာရေးဌာန၊ မြေစာရင်းဌာနမှ ဆောင်ရွက်ပေးနေသည့် ပုံစံ(၇)များ ပေးအပ်ခြင်း၊ လဝကဌာနမှ ဆောင်ရွက်ပေးသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြား၊ အိမ်ထောင်စု ဇယားများကို ကိုယ်တိုင်ကိုယ်ကျပေးအပ်ခြင်း၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သစ်တောနှင့် စိုက်ပျိုးရေးဌာနမှ ဖြန့်ဝေသည့် ထောပတ်ပျိုးပင်များပေးအပ်ခြင်းကို လည်းကောင်း၊ ပြည်သူများ အသိပညာဗဟုသုတရရှိစေရန် ယာဉ်ထိန်းရဲတပ်ဖွဲ့ပြခန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြခန်း၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနပြခန်း၊ ကျေးလက်ဦးစီးဌာနပြခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပြခန်း၊ ပင်လုံတက္ကသိုလ် ပြခန်း၊ မြန်မာ့ဆက်သွယ်ရေးပြခန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပြခန်း၊ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးဌာန ပြခန်းများကို ကြည့်ရှုအားပေးကာ ကျေးလက်နေ ပြည်သူများ အသိပညာဗဟုသုတ ရရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

လွိုင်လင်မိုး (ပြန်/ဆက်)

ပရိဘောဂစေတီထိုက်သည့် ဗောဓိမဏ္ဍိုင်

ဒေါက်တာမောင်ဖြေ

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ် ကြီးဖြစ်၏။ “ဗျာဒိတ်၊ ဖွား-မြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်” ဟူသော စကားစဉ်အရ မြတ်ဘုရားရှင်၏ သစ္စာလေးပါး မြတ်တရားကို ရရှိတော်မူရာဖြစ်သည့် မဟာဗောဓိပင်ပေါက် သောနေ့ဖြစ်၏။ ထို့ပြင် “ကာဠု၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ ဗုဒ္ဓဟေ” ဆိုအပ်သည့် ဗောဓိပင်သည် မြတ်ဘုရားရှင်၏ ဖွားဖက်တော်ခုနစ်ပါးတွင် တစ်ပါးအပါအဝင် ဖြစ်၏။

ပူဇော်ထိုက်သည့် သစ်ပင်ထူးသစ်ပင်မြတ်

ဂေါတမမြတ်ဘုရားရှင်သည် ဗောဓိဉာဏ်ကိုရရန် အားထုတ်တော်မူရာ၌ အမှီပြုတော်မူသော သစ်ပင်ဖြစ်၍ စေတီသုံးမျိုးအနက် ပရိဘောဂစေတီတွင် ပါဝင်၏။ ဥဒ္ဒကပါဠိ အဋ္ဌကထာ နိမိကဏ္ဍသုတ်အဖွင့် ၌လည်း “စေတီဆိုသည်မှာ ပူဇော်သင့်ပူဇော်ထိုက်သည့် အရာဖြစ်၏။ ထိုစေတီသည် ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓာတုစေတီဟု သုံးမျိုးရှိသည်။ ထိုသုံးမျိုးတွင် ဗောဓိပင်သည် ပရိဘောဂစေတီမည်၏” စသည်ဖြင့် ဖွင့်ဆိုထားသည်။ ထို့ကြောင့် ဂေါတမမြတ်ဘုရားရှင် ပွင့်တော်မူရာဖြစ်သော “ဗောဓိညောင်ပင်” သည်လည်း ပူဇော်ထိုက်သည့် သစ်ပင်ထူးသစ်ပင်မြတ်အဖြစ် ပါဝင်၏။

မဟာဗောဓိ

ဂေါတမမြတ်ဘုရားရှင်၏ သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူရာဖြစ်သော ထိုညောင်ဗုဒ္ဓဟေပင်သည် ဂေါတမ ဘုရားရှင် သာသနာ၌ ဗောဓိပင်ဖြစ်၏။ ယင်းဗောဓိပင်သည် ဂုဏ်အားဖြင့် ကြီးမြတ်သည့် သဘောရှိသဖြင့် “မဟာဗောဓိပင်” ဟု ခေါ်ဝေါ်ခြင်းဖြစ်၏။ ပါဠိစာပေ၌ ဗောဓိသည် အရိယာမဂ်၊ သဗ္ဗညုတဉာဏ်နှင့် ဗောဓိပင်ဟူသော အနက် အဓိပ္ပာယ်သုံးမျိုးတို့ကို ဟော၏။ အရိယာမဂ်သည် သစ္စာလေးတန် တရားမှန်ကို သိမြင်တတ်သောကြောင့် ဗောဓိမည်၏။ သိသင့်သမျှ ဉေယျတရားတို့ကို သိမြင်နိုင်သောကြောင့် သဗ္ဗညုတ ဉာဏ်တော်သည် ဗောဓိမည်၏။ မြတ်ဘုရားတို့ ပွင့်တော်မူရာ သစ်ပင်တို့အား သစ္စာလေးပါး ဉေယျတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာဖြစ်သောကြောင့် ဗောဓိပင် ဟု ခေါ်၏။

မြန်မာနိုင်ငံဗောဓိပင်စိုက်ပျိုးသည့်ကာလ

မြန်မာနိုင်ငံတွင် ဗောဓိပင်စိုက်ပျိုးသည့် အချိန်ကာလမှာ သက္ကရာဇ် ၅၃၆ ခုနှစ်တွင် ပုဂံ၌ နန်းတက်တော်မူသည့် အလောင်းစည်သူ၏မြေးတော် နရပတိစည်သူလက်ထက်တွင် ပေါင်းလောင်းရှင်ဟုခေါ်သော အရှင်ပဿမထေရ်မြတ်သည် သီဟိုဠ်သို့ သွားရောက်ကာ အပြန်ခရီးတွင် ဗောဓိပင်ညောင်စေ့ များကို ယူဆောင်လာပြီးနောက် နရပတိစည်သူမင်းအား ပေးတော်မူခြင်းကို မှတ်တမ်းဟောင်းများတွင် လေ့လာသိရှိရ၏။ ပင်းယခေတ်တွင် ဥဇနာမင်းကြီးသည် သက္ကရာဇ် ၇၀၂ ခုနှစ်တွင် ဗောဓိပင်စိုက်တော်မူ၏ဟု သာသနာလင်္ကာရ စာတမ်း ၁၂၆ တွင် ပြဆိုထားပေသည်။ မြန်မာနိုင်ငံသို့ ဗောဓိပင်များရောက်ရှိခဲ့သည့် သာဓကများနှင့် စပ်လျဉ်း၍ သက္ကရာဇ် ၅၆၃ ခုနှစ်တွင် ရေးထိုးခဲ့သော သင်ကြီးညောင်အုပ် ကျောက်စာ (ကျော-၂-၃) တွင် “က(မ်)နိပသကူလေပြီအေ်။ ညောင်ဖိဖုန်” ဟုလည်းကောင်း၊ သက္ကရာဇ် ၆၅၃ ခုနှစ်တွင် ပုဂံမြို့ စောလှဝန်းကျောက်စာ (ကျော-၂၂-၂၃) တွင် “မိဖုန်၊ သင်္ကြန်၊ စာရိယ်၊ ညောင်ရေသွန်း၊ မပြတ်စေလျှင် တည်၏” ဟုလည်းကောင်း အထောက်အထားအရ ပုဂံခေတ်တွင် ညောင်ရေသွန်းကြ၍ မဟာဗောဓိပင်များရှိနေပြီဖြစ်ကြောင်း လေ့လာရပေ၏။

ဓမ္မစေတီ ဗောဓိပင်

ထူပါရုံဒါယကာမင်း နရပတိမင်းကြီး ၈၀၄ လက်ထက်နှင့် ပြည်စုန်မင်း မဟာသီဟသူရ ၈၃၀ လက်ထက်၌ ဗောဓိပင်များ လှူသွားကြသည်ကို တွေ့ရှိရသည်။ ဓမ္မစေတီမင်း ၈၃၃ သည် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ အနောက်မြောက် ဆံတော်ကြီးလမ်းရှိ ကုန်းတော် ယခုဗောဓိကုန်းပေါ်တွင် သီဟိုဠ်ဒက္ခိဏသာခါဗောဓိပင်တော်မှရသော မျိုးစေ့ဖြင့် စိုက်ပျိုးထား၏။ သက္ကရာဇ် ၁၁၆၈ ခု တပေါင်းလဆန်း ၇ ရက်နေ့တွင် ဘိုးတော်မင်းတရားကြီးသည် ရွှေတောင်သာဂသူ၊ ရွှေတောင်သီရိစည်သူတို့အား မဇ္ဈိမဒေသဘုရားပွင့်တော်မူရာ ဗောဓိပင်သို့ အဖူးအမြော် စေလွှတ်တော်မူခဲ့ပြီး အပြန်တွင် ဗောဓိပင် မဟာပါလရိဂူ သံဇိတ ဆက်သလိုက်သည့် မဇ္ဈိမဒေသမှ ဗောဓိပင်ငယ်ကို ဗောဓိမြေစစ်ဖြင့် အောက်ခံပြုလျက် ဘိုးတော်မင်းတရားကြီးကိုယ်တိုင် စိုက်ပျိုးတော်မူသည်။ ထိုမင်းလက်ထက် သက္ကရာဇ် ၁၁၉၆ ခုနှစ်တွင် မဇ္ဈိမဒေသဗုဒ္ဓဂယာမှ ဝန်ထောက်မင်းကြီး မဟာစည်သူ၊ စာရေးကြီး မင်းလှုနန္ဒ ကျော်ထင်တို့ ပင့်ဆောင်လာသည့် ဗောဓိပင်ကို ရွှေနန်းတော်၏ အနောက်တောင်မှာ အလုံဝန်ကြီး ကိုးကွယ်သည့် ကျောင်းတိုက် အတွင်း မင်းကြီးကိုယ်တိုင် စိုက်ပျိုးတော်မူခဲ့၏။

အာနန္ဒာဗောဓိပင်

မြတ်ဘုရားရှင် ပွင့်တော်မူရာ မဟာဗောဓိပင်ကြီးမှ ဗောဓိပင်များ ပွားလာပုံမှာ “တေရသက နိပါတ် ကာလင်္ဂဗောဓိဇာတ်” ၌ မြတ်ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က လူအများသည် ပန်းနံ့သာ လှူဖွယ်ပစ္စည်းစသည်တို့ကို ကိုင်ဆောင်၍ ဘုရားရှင်ကို ပူဇော်ရန် လာရောက်ကြ၏။ ထိုအချိန်တွင် မြတ်ဘုရားရှင်သည် သတ္တဝါများကို တရားဒေသနာဖြင့် ချီးမြှောက်ဟောကြားရန် ဒေသစာရီကြွချီတော်မူနေခိုက်နှင့် ကြုံ၍ မြတ်ဘုရားရှင်အား မဖူးမြော်လိုက်ကြရ၍ စိတ်လက်မကြည်သာဖြစ်ကြပြီး ဂန္ဓကုဋိတံခါးဝတွင် ပန်းနံ့သာလှူဖွယ်ပစ္စည်းတို့ကိုချ၍ ပြန်သွားကြရ၏။ ယင်းသို့အကြောင်းကို အနာထပိဏ်သူဌေးကြီးက အရှင်အာနန္ဒာအား အကြောင်းစုံလျှောက်ထားသောကြောင့် အရှင်အာနန္ဒာမှတစ်ဆင့် မြတ်စွာဘုရားအား “ရှင်တော်မြတ်ဘုရား ဒေသစာရီကြွချီနေခိုက် ကိုယ်စားပူဇော်မှု ပြုလုပ်နိုင်ကြပါရန် မဟာဗောဓိပင်မှ မျိုးစေ့ကို ယူ၍ ဇေတဝန်ကျောင်းတော်တံခါးမုခ်၌ စိုက်ထားလိုကြောင်း” တောင်းပန်လျှောက်ထားခဲ့တော်မူ၏။

မြတ်ဘုရားရှင်က “ထိုသို့ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ခဲ့ပါလျှင် ငါဘုရား အမြဲရှိနေဘိသကဲ့သို့ဖြစ်ပြီး ကုသိုလ်တရားများ တိုးပွားကြောင်းဖြစ်၍ ကောင်းမြတ်လှပေသည်” ဟု နှုတ်တော်ဖြင့် ခွင့်ပြုတော်မူခဲ့သည်။ ဘုရားရှင်သည် မိမိကိုယ်စား ဖူးမြော်ခံနိုင်ရန် အရှင်အာနန္ဒာအား မူလဗောဓိပင်မှ မျိုးစေ့ကို ဆောင်ယူစိုက်စေ၍ အရှင်မဟာမောဂ္ဂလန်မထေရ်မြတ်သည်လည်း ယူဇနာ ၆၀ ဝေးကွာသော ဗောဓိမဏ္ဍိုင်ကုန်းတော်သို့ ကောင်းကင်ခရီးဖြင့် ကြွချီ၍ ကြွေကျဆဲဖြစ်သော မူလမဟာဗောဓိမျိုးစေ့ကို သင်္ကန်းဖြင့်ခံ၍ ယူဆောင်လာခဲ့ပြီး အရှင်အာနန္ဒာအား ပေးတော်မူ၏။ ဗောဓိပင်မျိုးစေ့ကို ဇေတဝန်ကျောင်းဝင်းတွင် တံခါးမုခ်၏ သတ်မှတ်နေရာ၌ အနာထပိဏ်သူဌေးသည် စိုက်ပျိုးလိုက်ရာ တန်ခိုးတော်ကြောင့် မြေသို့မရောက်မီ ထွန်တုံးပမာဏခန့် အတောင် ၅၀ မြင့်သော မဟာဗောဓိပင်သည် ပရိသတ် များ၏ ရှေ့မှောက်၌ပင် ခက်မငါးဖြာနှင့် ပြည့်စုံစွာဖြင့် အံ့သြဖွယ်ရာ ရုတ်ခြည်းပေါက်ဖွားလာခဲ့၏။ ထိုအချိန်တွင် ကောသလမင်းကြီး၊ ရဟန္တာမထေရ်ကြီးများ၊ အနာထပိဏ်၊ ဝိသာခါ စသောသဒ္ဓါတရားနှင့် ပြည့်စုံသော အရိယာပုဂ္ဂိုလ်များ ရှိနေကြ၏။ ထိုဗောဓိညောင်ပင်အောက်၌ပင် ဘုရားရှင်သည် တစ်ညတာ နိရောဓသမာပတ်ဝင်စားတော်မူလေ၏။ ပသေနဒီ ကောသလမင်းကြီးနှင့် တိုင်းသူပြည်သားတို့သည် မဟာဗောဓိပင်ကို ဘုရားရှင်ကိုယ်တော်အလား ပန်းနံ့သာ၊ ဆီမီး စသည်တို့ဖြင့် နေ့စဉ်ပူဇော်သက္ကာရပြုကြလေ၏။ အပူရှိန်ပြင်းသည့် ကဆုန်လသို့ရောက်သောအခါ မင်းနှင့်ပြည်သူတို့သည် မဟာဗောဓိပင် မညှိုးရော်စေရန် ရေသွန်းပူဇော်ပွဲသဘင်ကိုကျင်းပကြ၏။ ဤသို့ ဗောဓိပင်ကို အရှင်အာနန္ဒာမထေရ်ကြီးမှူး စိုက်ပျိုးသဖြင့် “အာနန္ဒာဗောဓိ” ဟု အမည်တွင်နေသည်။ အိန္ဒိယသို့ ဗုဒ္ဓဂယာဘုရားသွားရောက်သူတိုင်း အာနန္ဒာဗောဓိပင်ကို ဇေတဝန်ကျောင်းဝင်းတွင် ယနေ့တိုင် ဖူးမြော်နိုင်ပါ၏။

အိန္ဒိယနိုင်ငံပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းတရားကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်၏ အမိန့်ရှိတော်မူသည့်အတိုင်း မဇ္ဈိမဒေသဘုရားပွင့်တော်မူရာ မူလမဟာဗောဓိပင်ကြီးမှ တောင်ဘက်ကိုင်းကို ညောင်ပင်အောက် အင်းပျဉ်ပေါ်တွင် မင်းကြီးကိုယ်တိုင်ရပ်ကာ လက်ယာတောင်ကိုင်းကို ရွှေစုတ်တံဖြင့် ဟင်္သာပြဒါး (ဆေးဒန်းမြင်းသိလာ) တို့ဖြင့် ရေးသားပြီး “ အကယ်၍ မဟာဗောဓိပင်သည် သီဟိုဠ်ကျွန်း၌ တည်အံ့၊ ငါသည်လည်း ဘုရားသာသနာ၌ ယုံမှားကင်းသည်ဖြစ် အံ့၊ ဤဗောဓိပင်သည် အလိုလိုရွှေဖျဉ်း၌တည်ပါစေသတည်း ” ဟု သစ္စာဆိုလေ၏။ မင်းကြီးသစ္စာဆိုပြီးသည်နှင့် တစ်ပြိုင်နက် သတ်မှတ်ထားသောနေရာမှ ပင်စည်အမြင့် ဆယ်တောင် မျှရှိပြီး ဗောဓိသီးငါးလုံးပါရှိသည့် လေးတောင်ခန့်မျှသော ခက်မငါးဖြာ နှင့် ပြည့်စုံသည့်လက်ယာ တောင်ကိုင်းသည် အလိုလိုပြတ်၍ ရွှေဖျဉ်းထက်၌တည်လာလေသည်။ ယင်းဗောဓိကိုင်းကို သီရိဓမ္မာသောကမင်းကြီး၏ သမီးတော် သင်္ဃမိတ္တာ ရဟန္တာထေရီမသည် ပရိသတ်အခြံအရံများစွာနှင့် သီဟိုဠ်နိုင်ငံသို့ ပင့်ဆောင်ပြီး စိုက်ပျိုးခဲ့လေ၏။

မြန်မာနိုင်ငံတွင်ထင်ရှားသောဗောဓိပင်များ

၁။ သက္ကရာဇ် ၃၃၈ ခုနှစ်တွင် ရှင်အရဟံ စိုက်ပျိုးခဲ့သော မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ ပင်းမြို့ရှိ မဟာဗောဓိရွှေညောင်တော်။

၂။ သက္ကရာဇ် ၁၂၀၃ ခုနှစ်တွင် သာယာဝတီမင်းလက်ထက် ရှာဖွေတွေ့ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဝင်ဒါမီယာ တောင်ဖျား ဗောဓိကုန်းကျောင်းတိုက်အတွင်းရှိ ဗောဓိညောင်တော်။

၃။ သက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် သီဟိုဠ်မှ ပင့်ဆောင်လာပြီး ၁၂၂၂ ခုနှစ်တွင် မင်းတုန်းမင်း စိုက်ပျိုးခဲ့သော မန္တလေးမြို့ စကြာနွယ်ဇင်ရပ်ရှိ မင်းတုန်းမင်း၏ ကုသိုလ်တော်ဗောဓိပင်။

၄။ စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ ခတက်ကန်ရွာရှိ ဆရာတော်ဦးနာရဒ စိုက်ပျိုးတော်မူသော ဗောဓိ တစ်ထောင် ဗောဓိပင်များ။

၅။ သက္ကရာဇ် ၁၃၂၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် အင်ဒီယာဂန္ဒီ၏ လက်ဆောင်ကို သက္ကရာဇ် ၁၃၃၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ (၁၄-၉-၆၈)စနေနေ့ နံနက် ၆ နာရီ ၃၀ မိနစ်တွင် မြေချ စိုက်ပျိုးပူဇော်အပ်သော ကမ္ဘာအေးပိဋကတ်တိုက် ဥပစာရှိ ဗိုလ်ချုပ်ကြီးနေဝင်း၏ ကုသိုလ်တော် ဗောဓိပင်။

၆။ သက္ကရာဇ် ၁၃၆၄ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် မြေချ စိုက်ပျိုးခဲ့သော ရန်ကုန်မြို့ ဓမ္မရက္ခိတကုန်းမြေ၊ မဟာဝိဇယစေတီတော်အနီးရှိ သီရိလင်္ကာနိုင်ငံမှ လက်ဆောင်ပေးသော ဗောဓိပင်တို့ဖြစ်၏။

ဖွားဖက်တော်ခုနစ်ပါးတွင် ပါဝင်သောဗောဓိပင်သည် ပရိဘောဂစေတီတော်ဖြစ်သည့်အလျောက် ယင်းဗောဓိပင်၏ ကျေးဇူးကို အောက်မေ့လျက် ဂေါတမမြတ်ဘုရားရှင်သည် ရပ်လျက် မမှိတ်မသုန် ခုနစ်ရက်တိတိ ကြည့်ရှုတော်မူခဲ့ရာ နေရာ၌ အနိမိသစေတီတော်အဖြစ် ပူဇော်ထားသည်ကို ဒုတိယ သတ္တာဟအဖြစ် ဖူးမြော်နိုင်ကြလေ၏။ မြတ်ဘုရားရှင်တို့သည် ဗောဓိပင်နှင့် ရွှေပလ္လင်တို့ နေရာတစ်နေရာတည်း၌ ပွင့်တော်မူကြခြင်းဖြစ်၏။

ဗောဓိပင်စိုက်ခြင်းအကျိုးကျေးဇူး

ဗောဓိပင်စိုက်ပျိုးပူဇော်ခြင်းနှင့်ပတ်သက်ပြီး အသနဗောဓိယ မထေရ်လောင်းသည် တိဿဘုရားရှင်တို့၏ဗောဓိပင်ကို စိုက်ပျိုးပူဇော်ရသော ကုသိုလ်ကြောင့် နတ်ပြည်၌နတ်သားဖြစ်ရခြင်း၊ စကြာမင်းဖြစ်ရခြင်း၊ အပါယ်ဘေးမှကင်းလွတ်ရခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိသည်။ ဂန္ဓောဒကတိဿမထေရ်လောင်းအနေဖြင့် ပဒုမုတ္တဘုရားရှင်တို့၏ ဗောဓိပင်ကို နံ့သာရည်သွန်းလောင်းသော ကုသိုလ်ကြောင့် နတ်ပြည်၌နတ်ဖြစ်ရခြင်း၊ အနာရောဂါကင်းရှင်းခြင်း၊ ကျန်းမာသုခပြည့်စုံခြင်း စသည့် အကျိုးကျေးဇူးများကို အသီးသီးခံစားကြရ၏။

မဟာဗောဓိပင်ကို ရေသွန်းကြသည့် ယဉ်ကျေးမှုဓလေ့နှင့် စပ်လျဉ်း၍ မြတ်ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က ပသေနဒီကောသလမင်းကြီးသည် အာနန္ဒာဗောဓိပင်ကို အမွှေးနံ့သာရည်တို့ဖြင့်သွန်းလောင်းခဲ့ဖူးပြီး သာသနာတော်သက္ကရာဇ် ၂၃၆ ခုနှစ်တွင် သီရိဓမ္မာသောကမင်းသည် ဒက္ခိဏသာခါမဟာဗောဓိပင်ကို အနောတတ်ရေစင်ဖြင့် အကြိမ်ကြိမ်ဘိသိက် သွန်းလောင်းခဲ့ဖူးကြောင်း မှတ်တမ်းများရှိ၏။

မြတ်ဘုရားရှင်နှင့် မဟာဗောဓိပင်သည် ခွဲခြား၍မရ စကောင်းပါပေ။ မဟာဗောဓိပင်သည် ဘုရားရှင်၏သင်္ကေတ ဖြစ်သည်။ မြတ်ဘုရားရှင်သည် ၃၅ နှစ်အရွယ်ဗောဓိပင် အောက်တွင်ပေါက်သော ရွှေပလ္လင်ထက်၌ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့ ဗုဒ္ဓဟူးနေ့တွင် ပု၊ ဒိ၊ အာ ဟူသော ဉာဏ်တော်သုံးမျိုးကိုရပြီး သဗ္ဗညုတဉာဏ်တော်ရှင်အဖြစ် လောကသုံးပါးတွင် ဘုရားစင်စစ် ဧကန်ဖြစ်တော်မူခဲ့၏။ လပြည့်ကျော်တစ်ရက်နေ့ မှစ၍ ပထမသတ္တာဟအဖြစ် ဗောဓိပင်ရင်းတွင် ခုနစ်ရက်သီတင်း သုံးတော်မူ၏။ ဒုတိယ သတ္တာဟတွင် ဤမျှကျေးဇူးကြီးမားသော ဗောဓိပင်ကို ဘုရားရှင်သည် အနိမိသကုန်းထက်မှနေ၍ ဗောဓိပင်ကို ခုနစ်ရက်ပတ်လုံး မတ်တတ်ရပ်ကာ မမှိတ်မသုန်သောမျက်စိဖြင့် ကြည့်တော်မူခြင်းဖြင့် ကျေးဇူးဆပ်တော်မူခဲ့လေ၏။

ကဆုန်လညောင်ရေသွန်းပွဲတော်ပေါ်ပေါက်လာ

“ ဗောဓိ ” ဆိုသည်မှာ ဘုရားရှင်တို့၏သစ္စာလေးပါးကို ထိုးထွင်းသိမြင်၍ နိဗ္ဗာန်သို့မျက်မှောက်ပြုသော သဗ္ဗညုတဉာဏ်တော်ကို ဆိုလိုပါ၏။ ထိုဉာဏ်တော်ရရှိရာအရပ် အပရာဇိတရွှေပလ္လင်ထက်၌ ပေါက်သောအပင်သည် “ ဗောဓိပင်” ဟု ခေါ်၏။ ဥပမာ- ကကုသန်မြတ်စွာဘုရား၏ ဗောဓိသည် ကုက္ကိုပင်ဖြစ်သည်။ ဂေါတမမြတ်ဘုရား၏ ဗောဓိသည် ရေသဖန်းပင်၊ ကဿပမြတ်ဘုရား၏ ဗောဓိသည် ပညောင်ပင်၊ ဂေါတမဘုရားရှင်သည် ညောင်ဗုဒ္ဓဟေပင်၊ နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျ ဘုရားရှင်၏ဗောဓိသည် ကံ့ကော်ပင် စသည်တို့ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အနေဖြင့် မြတ်ဘုရားနှင့်ပတ်သက်၍ ဗုဒ္ဓဝင်သမိုင်းမှတ်တိုင်စိုက်ထူခဲ့သော နေ့ထူးနေ့မြတ်ထူးခြားချက်များတွင် ပရိဘောဂစေတီထိုက်သောဗောဓိပင်ကို ရေနံ့သာရည်စသည်တို့ သွန်းလောင်းပူဇော်လာကြ၏။

“ ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်က၊ ချက်ရိုင်ပြည့်စုံ၊ နဝဂုဏ်တည့်၊ ဆန်စုန်အောက်ထက်၊ ကျော်ဝှန်းတက်၍၊ ဘဝဂ်ရပ်သူ၊ သယမ္ဘူဟု၊ ခြောက်ဆူဘုံထွက်၊ အနတ်နတ်တို့၊ ဦးညွှတ်ကျိုးနွံ၊ ဆုံးမခံလျက်၊ အပြဟ္မာမာ၊ ဆယ့်ခြောက်ရွာသား၊ ရပ်ရွာခပင်း၊ ထုပ်ဝပ်ပြင်းသည်၊ သနပ်မြတ်စွာ၊ တို့ဆရာကား… ” ဟု ပါရမီတော်ခန်းပျို့တွင် ပါရှိသည်။ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါ အပေါင်းတို့ ကိုးကွယ်အားထားရာ ဖြစ်သော မြတ်ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူ ပြီးနောက် မြတ်ဘုရားရှင်၏ ဖွားဖက်တော်ဟုသိထားကြသည့် မဟာဗောဓိပင်ကို ရေသွန်းလောင်းခြင်းဖြင့် ကဆုန်လညောင်ရေသွန်းပွဲတော် ပေါ်ပေါက်လာခဲ့ရသည်။ ။

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီအဖွဲ့ ဘုတ်ပြင်းမြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်

ဘုတ်ပြင်း မေ ၁၃

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးကော်မတီ ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် ဘုတ်ပြင်းမြို့နယ်အတွင်း ၂၀၁၈ ခုနှစ်(ဧပြီလမှစက်တင်ဘာလ)အထိ ဘဏ္ဍာနှစ်နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာနှစ်တွင် သက်ဆိုင်ရာဌာနမှ ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများအား ယမန်နေ့က ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်း ဦးဆောင်သည့် အဖွဲ့သည် မြို့နယ် ရပ်ကွက် ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများ၊ တင်ဒါအောင်ကုမ္ပဏီများနှင့် တွေ့ဆုံကာ တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အားသာချက်/အားနည်းချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သက်ဆိုင်ရာကုမ္ပဏီများမှလည်း ပြည်သူ့ဘဏ္ဍာများ လေ့လွင့်ဆုံးရှုံးမှုမရှိရေး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးဆောင်ရွက်ရန် မြို့နယ် သပြေခန်းမ၌ ဆွေးနွေးပြောကြားသည်။

ဘုတ်ပြင်းမြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများ စစ်ဆေးစဉ်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးကော်မတီ ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် ဘုတ်ပြင်းမြို့နယ်အတွင်း ၂၀၁၈ ခုနှစ်(ဧပြီလမှစက်တင်ဘာလ)အထိ ဘဏ္ဍာနှစ်နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာနှစ်တွင် သက်ဆိုင်ရာဌာနမှ ဆောင်ရွက်လျက်ရှိသောတည်ဆောက်ရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ဘုတ်ပြင်း (ပြန်/ဆက်)

မြန်မာစာတန်းအညွှန်းစာမပါသည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ ရောင်းချမှုစစ်ဆေး

ဘုတလင် မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးဆေးဆိုင်များတွင် မြန်မာစာတန်းပါသည့် ဆေးများကိုသာ ရောင်းချနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ မေလ ၁၃ ရက်က ဘုတလင်မြို့ပေါ်ရှိ စိုက်ပျိုးရေးဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် ဘုတလင်မြို့ပေါ်ရှိ စိုက်ပျိုးရေးဆေးဆိုင်အချို့တွင် မြန်မာစာအညွှန်းစာမပါသည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိရာ သတိပေးတားမြစ်ခဲ့ပြီး မြန်မာဘာသာနှင့် အခြားဘာသာ ပူးတွဲဖော်ပြထားသည့် ဆေးများကိုသာ ရောင်းချရန်နှင့် သက်တမ်းလွန်ဆေးများရောင်းချခြင်း မပြုရန် ပညာပေးဆွေးနွေးခဲ့ကြသည်။ အဆိုပါဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးရေး ဆေးဆိုင်များသို့လည်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟန်ထွန်း

ဘုတလင်မြို့နယ်အတွင်း စိုက်ပျိုးရေးဆေးဆိုင်များအား မြန်မာစာတန်းပါသည့် ဆေးများ ရောင်းချနိုင်ရေး စစ်ဆေးစဉ်။

သာစည်၌ မူးခင်းကျဆင်းရေးပညာပေးဟောပြော

သာစည် မေ ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့မရဲစခန်းမှ မူးခင်းအသိပညာပေးဟောပြောခြင်းကို မေ ၁၂ ရက် ညနေ ၂ နာရီခွဲတွင် လှိုင်းတတ်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မူးခင်းအသိပညာပေးဟောပြောခြင်းကို သာစည်မြို့နယ် လှိုင်းတတ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဟောပြောခဲ့ပြီး သာစည်မြို့မရဲစခန်းမှူး ဒုရဲမှူးသန်းမောင်က သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းအန္တရာယ် သိရှိနားလည်စေရန် Projector ဖြင့် ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ ကျေးရွာသူ ကျေးရွာသားများ ကလေးသူငယ်များ စုစုပေါင်းအင်အား ၁၂၀ကျော် တက်ရောက်ခဲ့ပြီး ဟောပြောပွဲတက်ရောက်သူများအား မူးခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဘိုဘို(မလှိုင်)

လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

မင်းတုန်း မေ ၁၃

သရက်ခရိုင်၊ မင်းတုန်းမြို့နယ်တွင် ယမန်နေ့က တိုက်ခတ်ခဲ့သော လေပြင်းကြောင့် နေအိမ်အမိုးလန်ပျက်စီးသွားသော အိမ်ထောင်စုများအား ယနေ့ မွန်းလွဲ ၁ နာရီတွင် သရက်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ လာရောက်ထောက်ပံ့ခဲ့သည်။

ထိုသို့ထောက်ပံ့ရာတွင်လေဘေးသင့်အိမ်ထောင်စုများဖြစ်သောငါးခူအိုးကျေးရွာအုပ်စုရွာပုလဲနှင့်ဒေါင်းသမားလေးကျေးရွာရှိနေအိမ် တစ်လုံးစီ၊ပဲမြောက်ကျေးရွာအုပ်စု၊ ပဲမြောက်ကျေးရွာရှိလူနေအိမ် တစ်လုံး၊ စွန်သိုက်ကျေးရွာရှိလူနေအိမ် လေးလုံး၊ စုစုပေါင်းလေဘေးသင့်အိမ်ခြေ ခုနစ်လုံး၊ လူဦးရေ ၂၁ ဦးအတွက် ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းဖိုးငွေများနှင့် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးတို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြင့်ရွှေ

မိုင်းယောင်း၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်

မိုင်းယောင်း မေ ၁၃

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ကြီးမှူးပြီး လယ်ယာသုံးစက်ကိရိယာများ စနစ်တကျ ကိုင်တွယ်အသုံးချတတ်စေရန် ရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းကို မေ ၁၃ ရက်က ဝမ်ပုံကျေးရွာရှိ စက်မှုလယ်ယာစခန်း(ခွဲ)၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

သင်တန်းဖွင့်ပွဲတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသုနောင်မိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး၊ စက်မှုလယ်ယာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမျိုးညွန့်ဦးက လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် စက်မှုလယ်ယာသို့ကူးပြောင်းရေးအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ကာ အဆိုပါသင်တန်းကို စက်မှုလယ်ယာမှ ဝန်ထမ်းများက လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၁၂ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အားချာ (ပြန်/ဆက်)

ရှေ့ဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုဆိုင်ရာမိတ်ဆက်ခြင်း အခမ်းအနားကျင်းပ

သထုံ မေ ၁၃

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းပြုလုပ်မည့် လူမှုဝန်ထမ်းဦးစီးဌာန၏ ရှေ့ဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများ မိတ်ဆက်ခြင်းအခမ်းအနားကို မေ ၁၃ ရက် နံနက်က သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနမူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က အမှာစကား ပြောကြားပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇောက သထုံမြို့နယ်အတွင်း ဝန်ဆောင်မှုလုပ်ငန်းများ လာရောက်ဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ကျေးဇူးတင် နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် မွန်ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာရဲမြတ်ဦးက မွေးစမှ အသက် ၅ နှစ်အောက်ကလေးများ ဖွံ့ဖြိုးမှု ဆန်းစစ်ခြင်းနှင့် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာသူတို့က သိလိုသည်တို့ကို ပြန်လည်မေးမြန်း ဆွေးနွေးကြပြီး တာဝန်ရှိသူတို့က အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးကြမည့် စေတနာ့ဝန်ထမ်းလူငယ်များအား မြို့မိမြို့ဖများထံ အပ်နှံမိတ်ဆက်သည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အဆိုပါဝန်ဆောင်မှုလုပ်ငန်းများကို မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရှေးဦးအစီအစဉ်ဖြင့် ဆောင်ရွက်နေကြောင်း မွန်ပြည်နယ်အတွင်း သထုံမြို့ လိပ်အင်းရပ်ကွက်နှင့် ပေါင်မြို့နယ်၊ အလုပ်ကျေးရွာတို့၌ ဆောင်ရွက်သွားမည်ဖြစ်ပြီး လာမည့် မေလ တတိယပတ်မှစတင်ကာ သထုံမြို့ လိပ်အင်းရပ်ကွက်တွင် အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးကြမည့် စေတနာ့ဝန်ထမ်း လူငယ် ၂၀ ဦးတို့ဖြင့် လိုက်လံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သက်ဦး(သထုံ)

ရှေ့ဦးအရွယ်ကလေးသူငယ် ပြန်လည်ထူထောင်ရေး မိတ်ဆက်ခြင်းအခမ်းအနားကျင်းပစဉ်။

ကျေးရွာပြည်သူလူထုဗို့အားပြည့်သုံးစွဲနိုင်ရေး တိုးချဲ့ထရန်စဖော်မာ တစ်လုံးတည်ဆောက်

ပေကုန်း မေ ၁၃

၂၀၁၈-၂၀၁၉ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအင်းတော်မြို့နယ် မော်လူးမြို့ မန်ဟဲကျေးရွာအုပ်စု ပေကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းတွင် ကျေးရွာနေပြည်သူလူထုဗို့အားပြည့်သုံးစွဲနိုင်ရေးတိုးချဲ့ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခဲ့သည်

၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီထရန်စဖော်မာတစ်လုံးနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၃၀၀ ပေတည်ဆောက်ခြင်းလုပ်ငန်းအား Golden Particles Co.Ltd မှ ဦးဝဏ္ဏကိုနှင့်အဖွဲ့မှကျေးရွာပြည်သူလူထုဗို့အားပြည့်မီစွာသုံးစွဲနိုင်ရေးလုပ်ငန်းများအား မေ ၁၃ ရက်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ မော်လူးမြို့နယ် လျှပ်စစ်မှူး ဦးမောင်မောင်ငြိမ်းက အနီးကပ်ကြီးကြပ်၍ ကျေးရွာမီးလင်းရေးကော်မတီနှင့် ရပ်မိရပ်ဖများက လိုအပ်သည်များကိုဝိုင်း ဝန်းကူညီပေးခဲ့ကြောင်း သိရသည်။

ခင်မောင်ဆွေ (မော်လူး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ရန်ကုန်တက္ကသိုလ်
ပါရဂူ(Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်တွင် ၂၀၁၉-၂၀၂၀ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(Ph.D) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်-

(က) မြန်မာစာ	(င) ရှေးဟောင်းသုတေသနပညာ
(ခ) အင်္ဂလိပ်စာ	(ဎ) စာကြည့်တိုက်နှင့်သုတပညာ
(ဂ) ပထဝီဝင်	(ဍ) ဓာတုဗေဒ
(ဃ) သမိုင်း	(ဎ) ရူပဗေဒ
(င) ဒဿနိကဗေဒ	(ဏ) သင်္ချာ
(စ) စိတ်ပညာ	(တ) သတ္တဗေဒ
(ဆ) ဥပဒေပညာ	(ထ) ရုက္ခဗေဒ
(ဇ) အရှေ့တိုင်းပညာ	(ဒ) ဘူမိဗေဒ
(ဈ) နိုင်ငံတကာဆက်ဆံရေးပညာ	(ဓ) ကုန်ထုတ်ဓာတုဗေဒ
(ည) မနုဿဗေဒ	(န) ကွန်ပျူတာသိပ္ပံပညာ
	(ပ) အဏုဇီဝဗေဒ

၂။ ပါရဂူဘွဲ့ (Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၁၉ခုနှစ်၊ ဇွန်လ ၁ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး**မဟာဘွဲ့ အောင်မြင်သူ**ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းအောင်မြင်သူများ ကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင် ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြ ရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများမဟုတ်သော ပညာရေး ဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂) နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသန ဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့် ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် (သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့် ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး **မဟာဘွဲ့အောင်မြင်သူ**ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ(၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းအောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ)လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင် ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ(သို့မဟုတ်)ယင်းနှင့်အဆင့်တူ ရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရ မည်။

နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာ ရပ်နယ်ပယ်၌ အနိမ့်ဆုံး၊ မဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသန ဘွဲ့အတွက်ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက်(ကွန်ပျူတာစာစီ၍ စာမျက်နှာ(၃) မျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ ရန်ကုန်တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက် လွှာပုံစံဖြင့် ၁၇-၅-၂၀၁၉ ရက်(သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်တက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D) သင်တန်း ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

(က) ၂၀-၅-၂၀၁၉(တနင်္လာနေ့) ၉း၀၀နာရီမှ ၁၂း၀၀နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၁-၅-၂၀၁၉(အင်္ဂါနေ့) ၉း၀၀နာရီမှ ၁၂း၀၀နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရှိထားသူများကို ၂၈-၅-၂၀၁၉ရက် (အင်္ဂါနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာ ရပ် ပါမောက္ခ (ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ (ဖုန်းနံပါတ်-၅၃၄၀၉၈)ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်း(သင်တန်းရေးရာ)
ရန်ကုန်တက္ကသိုလ်

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအိစွတ်(ဖ်)၏သမီး ဗဟန်းမြို့နယ်၊ အမက(၁)မှ ဒေါ်စန်း ကြည်(ခ)ဒေါ်သန်းသန်းရီ ၁၂/ဗဟန (နိုင်)၀၈၃၀၃၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်ပြောင်း

ဗန်းမော်မြို့၊ ညောင်ပင်ရပ်နေ ဦးစန်းနိုင်ထွန်း ၉/အမဇ(နိုင်)၀၁၉၅၅၈ ၏သမီး စေတနာကိုယ်ပိုင်အလယ်တန်း ကျောင်းမှ ပဉ္စမတန်းအောင်မြင်သော မနန်းအိမ့်ခမ်းအား ယနေ့မှစ၍ မနန်း အိမ့်ဝတီသန့်ဟု ပြောင်းလဲခေါ်ပါရန်။

မနန်းအိမ့်ဝတီသန့်

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သိန်းကျော်(ဘ) ဦးသန်းထွန်း ၉/တကန(နိုင်)၁၉၂၀၁၈ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၇၃၆၈၆၆၅

ပျောက်ဆုံးကြောင်း

